ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့ (31-3-2013) (၇၄၄၁)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၃၄/၂၀၁၃

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၃၀ ရက်)

အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့စည်းခြင်း

၁။ လတ်တလောဖြစ်ပေါ်နေသော ဆူပူအကြမ်းဖက်ဖျက်ဆီးမှု အခြေအနေများကို ထိန်းသိမ်းကိုင်တွယ် ဆောင်ရွက်နိုင်ရန်အတွက် **"အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

(က)	ဒုတိယဗိုလ်ချုပ်ကြီးကိုကို ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
(ခ)	ဦးအောင်မင်း ပြည်ထောင်စုဝန်ကြီး သမ္မတရုံးဝန်ကြီးဌာန(၄)	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဦးအုန်းမြင့် ပြည်ထောင်စုဝန်ကြီး မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန	အဖွဲ့ဝင်
(ဃ)	ဦးခင်ရီ ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန	အဖွဲ့ဝင်
(င)	ဦးဝင်းမြင့် ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(စ)	ဗိုလ်မှူးချုပ်အောင်သော် ဒုတိယဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဆ)	ဗိုလ်ချုပ်ဇော်ဝင်း ဒုတိယဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန	အဖွဲ့ဝင်
(ဇ)	ဦးရဲထွန်း ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဈ)	ဦးဘုန်းဆွေ ဒုတိယဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ည)	ရဲချုပ် ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	အတွင်းရေးမှူး

၂။ အရေးပေါ်ကာလ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အစိုးရ၏ လုံခြုံရေးအဖွဲ့အစည်းများကြား ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်စေရန်။

(ခ) ပြည်နယ်အစိုးရများနှင့် ချိတ်ဆက်၍ အဓိကရုဏ်းဖြစ်ပွားခဲ့လျှင် လျှင်လျှင်မြန်မြန် သွားရောက်နှိမ်နင်းနိုင်ရေး (Rapid Response) စီမံပေးရန်။

(ဂ) လူမျိုး၊ ဘာသာရေး အဓိကရုဏ်းများ ထပ်မံမဖြစ်ပွားစေရေး ထိထိရောက်ရောက် ကာကွယ်နိုင်ရန်။

(ဃ) နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများကို တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် တားဆီးကာကွယ်နိုင်ရန်အတွက် အဓိကကျသည့် လှုံ့ဆော်သူများကို ဖော်ထုတ်ပြီး ဖမ်းဆီးထိန်းသိမ်းရန်နှင့် ဥပဒေအရ အရေးယူနိုင်ရန်။

(င) မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်အား မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းဆက်စပ်ဆောင်ရွက်ပေးသွားရန်။

(စ) လူမှုရေးအဖွဲ့အစည်းများ၏ အကူအညီကို ရယူပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားရန်။

၃။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း အလားတူအဖွဲ့အစည်းမျိုး ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နယူးဇီလန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မတ် ၃၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယူးဇီလန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ Mr. David Carter ၏ဖိတ်ကြားချက်အရ နယူးဇီလန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော်ကော်မတီနှင့် ကော်မရှင်များမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(ယာပုံ)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားခဲ့ကြသည့် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါခဲ့ကြသည်။

(သတင်းစဉ်)

ယနေ့ မာတိကာ

ခရီးသွားကြသူများ သတိထား
စာမျက်နှာ - ၂

အချစ်သကြန် လွမ်းသကြန်
စာမျက်နှာ - ၆

ခရမ်းလွန်ရောင်ခြည် ညွှန်းကိန်းအဆင့်မြင့်ခြင်းကြောင့် သင်္ကြန်လည်ပတ်ရာတွင် ဂရုပြုသင့်
စာမျက်နှာ - ၁၁

ကြေးမုံ စာတည်းရှုထောင့် ၃၁-၃-၂၀၁၃ [တနင်္ဂနွေနေ့]

ခရီးသွားကြသူများ သတိထား

မြန်မာနိုင်ငံအတွင်း ခရီးသွားရန် အကောင်းဆုံးအချိန်သည် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ အခါသမယ အပူချိန်နိမ့်သော ဆောင်းတွင်းကာလဖြစ်သည်။ သို့သော် ထိုကာလများတွင် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ရက်ရှည်နည်းသဖြင့် ခရီးသွားအများစုမှာ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ရှည်များသော မတ်လကုန် ဧပြီလများအတွင်း ခရီးသွားလေ့ရှိသည်။

ခရီးသွားကြသူများတွင် မိသားစုထံပြန်ကြသူများ၊ ဘုရားဖူးခရီးထွက်ကြသူများ၊ အပူဒဏ်ကိုရှောင်လိုသဖြင့် အအေးရှိသော တောင်ပေါ်ဒေသများသို့ "နွေခို"ခရီးထွက်ကြသူများ စသည်ဖြင့် ပါဝင်သည်။

ယနေ့ကာလတွင် နိုင်ငံတစ်ဝန်း ပို့ဆောင်ရေးလမ်းကြောင်းများ ကောင်းမွန်လာသည်နှင့်အမျှ ခရီးသွားပို့ဆောင်ရေးလုပ်ငန်းများသည်လည်း တွင်ကျယ်လာလျက်ရှိရာ အချို့မှာ ယာဉ်စီးလုံးငှားစနစ်ဖြင့်လည်းကောင်း၊ အချို့မှာ ခရီးသွားလိုင်းယာဉ်များဖြင့်လည်းကောင်း အောက်မြေမှအထက်အညာ၊ အထက်အညာဆီမှ အောက်မြေ၊ မြေပြန့်မှ တောင်ပေါ်၊ တောင်ပေါ်မှ မြေပြန့် ယှက်နွယ် ခရီးထွက်လေ့ရှိကြသည်။

ဘုရားဖူးခရီးစဉ်များတွင် တောင်ကြီး-အင်းလေးခရီးစဉ်၊ မန္တလေး-စစ်ကိုင်း-ပြင်ဦးလွင်-မုံရွာ-အလောင်းတော်ကဿပခရီးစဉ်၊ ရွှေစက်တော်ခရီးစဉ်၊ ပုဂံ-ညောင်ဦး ခရီးစဉ်၊ ကျိုက်ထီးရိုး-မော်လမြိုင်-ကျိုက္ခမီခရီးစဉ် စသည့် ပြည်တွင်းခရီးစဉ်တို့အပြင် ပြည်ပခရီးစဉ်များဖြင့်လည်း အပန်းဖြေခရီး၊ ဘုရားဖူးခရီးထွက်သူများရှိကြသည်။ ယခုအချိန်တွင် နိုင်ငံတကာနှင့် ဆက်သွယ်ရေးလမ်းကြောင်းများ ပွင့်လင်းလာသည်နှင့်အမျှ မြန်မာနှင့်ကမ္ဘာတစ်လွှား ခရီးသွားလုပ်ငန်းသည်လည်း မကြာမီပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။

ယခုအခါ ကျောင်းပိတ်ရက်နှင့် ဘုရားပွဲတော်ရာသီမှာ တိုက်ဆိုင်လျက်ရှိသဖြင့် ဘုရားဖူးယာဉ်များ၊ ခရီးသွားယာဉ်လိုင်းများသည်လည်း နိုင်ငံတစ်ဝန်း ကွန်ရက်သဖွယ် သွားလာလျက်ရှိကြသည်ကို နေ့၊ ညမပြတ် တွေ့နေရသည်။

မည်သည့်ဒေသသို့ မည်သည့်အစီအစဉ်ဖြင့် ခရီးသွားကြသည်ဖြစ်စေ ရေမြေအပြောင်းအလဲကြောင့် ဖြစ်ပွားတတ်သော ရောဂါများ၊ အစားအသောက်အပြောင်းအလဲကြောင့် ဖြစ်ပွားတတ်သော ရောဂါများကိုကား ခရီးသွားပြည်သူများ သတိပြုဆင်ခြင်အပ်သည်။

ခရီးသွားများအနေဖြင့် ရာသီဥတုပူသည်မှ အအေး၊ အေးသည်မှ အပူသို့ ထိတွေ့ခံစားရမည်ဖြစ်သကဲ့သို့ အစားအသောက်အနေဖြင့်လည်း ရေပြောင်းရေလွှဲ၊ အစားအစာ အပြောင်းအလဲများကြောင့် ဖြစ်တတ်သော ရောဂါများ၊ အထူးသဖြင့် ဝမ်းနှင့်ပတ်သက်သော ရောဂါများကို သတိပြုကြရမည်ဖြစ်သည်။

အချုပ်ဆိုရသော် ခရီးသွားပြည်သူများအနေဖြင့် မိသားစုအပန်းဖြေခရီးစဉ်၊ ဘုရားဖူးခရီးစဉ်၊ "နွေခို"ခရီးစဉ် စသည်ဖြင့် မည်သည့်ခရီးစဉ်ကိုသွားကြသည်ဖြစ်စေ ကနဦးအနေဖြင့် ပူပြင်းသောကာလ နွေရာသီ၌ ရေအပြောင်းအလဲ၊ အစားအစာအပြောင်းအလဲကို သတိပြုဆင်ခြင်ရမည်ဖြစ်သကဲ့သို့ လိုအပ်လျှင် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဆရာဝန်များနှင့် တိုင်ပင်ကာ ဆေးဝါးများဆောင်ယူသွားသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေရှိနေသည့် နိုင်ငံ၏သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် အားကောင်းလာစေရေးအတွက် အကျိုးပြုနိုင်

နေပြည်တော် မတ် ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ မတ် ၂၃ ရက်နှင့် ၂၄ ရက်တွင် ကျင်းပသော သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ (Information Communication Technology-ICT) အသုံးပြုနိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးသို့မြန်မာ၊ သီရိလင်္ကာ၊ ဖိလစ်ပိုင်၊ ထိုင်း၊ တူရကီ၊ ကမ္ဘောဒီးယား၊ ချီလီ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများမှ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး တားဆီးရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာဝန်ကြီးများ၊ သံတမန်များ၊ အတွင်းဝန်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ World Bank, HITACHI, ICCDI Cooperation, Panasonic, Yahoo Japan Cooperator, Google Japan Microsoft စသည့် ICT ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံ Konsai, Japan Radio စသည့်ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က မိန့်ခွန်းပြောကြားရာတွင် ၂၀၁၁ ခုနှစ် မတ်လအတွင်း ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း တိုဟိုကုပြည်နယ် ဆန်ဒိုင်းမြို့တွင် ဖြစ်ပွားခဲ့သည့် အင်မတန်ကြီးမားသော မြေငလျင်နှင့် ဆူနာမီတို့ကြောင့် အသက်အိုးအိမ်ဆုံးရှုံးမှုများအတွက် ကိုယ်ချင်းစာနာမိပါကြောင်း၊ ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း အင်အားကြီးမားသော ငလျင်ကနေ ရရှိခဲ့သည့် သင်ခန်းစာများသည် မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းတွင်များစွာ အထောက်အပံ့ ဖြစ်မည်ဆိုသည်ကို ယုံကြည်ပါကြောင်း၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာရပ်များ အသုံးချရန် လိုအပ်ကြောင်းကို သိမြင်သဘောပေါက်ပြီး ထိထိရောက်ရောက် မြင့်တင် ဆောင်ရွက်နိုင်ရန်အတွက် ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ တက်ရောက်လာသူအားလုံးအနေဖြင့် သဘာဝဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ရေး၊ ကြိုတင်သတိပေးချက် ထုတ်ပြန်ရေး၊ ခေတ်မီကမ္ဘာမြေဆိုင်ရာ သတင်းအချက်အလက်စနစ်နှင့် အဝေးထိန်းပုံရိပ်ဖမ်းစနစ်များ အသုံးချရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများ ဖွံ့စည်းတည်ထောင်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် လျော့ပါးစေရေးတို့အတွက် ဆန်းသစ်သော နည်းပညာဆိုင်ရာ ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို လေ့လာဆွေးနွေးနိုင်မည့် အခွင့်အရေးရရှိနိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာအချက်အလက် စနစ်ထူထောင်ခြင်းနှင့်အားလုံး အကျုံးဝင်သည့် သတင်းအချက်အလက် စုစည်းမှုစနစ်များ တိုးတက်လာစေရန်လည်း အဝေးထိန်းပုံရိပ်ဖမ်းစနစ်နှင့် ပထဝီသတင်းအချက်အလက် စနစ်စသည့် အဆင့်မြင့် သတင်းအချက်အလက်နည်းပညာများကို သုံးစွဲသင့်ပါကြောင်း၊ အန္တရာယ်ပြမြေပုံနှင့် ကျရောက်နိုင်သော ဘေးအန္တရာယ်၏ ထိခိုက်ခံရနိုင်မှုဆိုင်ရာ မြေပုံများ၊ ဘေးကင်းရာသို့ ရွှေ့ပြောင်းနိုင်မည့် လမ်းကြောင်းပြမြေပုံများနှင့် ထိခိုက်ခံစားရသည့် ဒေသများပြမြေပုံများမှာ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကို ထိထိရောက်ရောက် လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ဤညှိနှိုင်းဆွေးနွေးပွဲမှ ရလဒ်များမှာ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေရှိနေသည့်နိုင်ငံ၏ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်း စီမံချက် ပိုမို အားကောင်းလာစေရေးအတွက် အကျိုးပြုနိုင်မည်ဟု မျှော်လင့်မိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် ကျွမ်းကျင်သူများက သတင်းအချက်အလက် နည်းပညာများကို အသုံးပြု၍ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မည့် အန္တရာယ်ခန့်မှန်းခြင်းနှင့် ကြိုတင်ကာကွယ်မှုလုပ်ငန်းများ၊ အရေးပေါ်တုံ့ပြန်မှုနှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးရေးလုပ်ငန်းများ၊ ICT နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပြည်သူများကိုယ်တိုင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများအား ထိရောက်စွာဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် မတ်၂၄ ရက်တွင် ဂျပန်နိုင်ငံ မိုးလေဝသဌာန (Japan Meteorological Agency - JMA)နှင့် ဂျပန်နိုင်ငံ အသံလွှင့်ဌာန (Japan Broadcasting Cooperation-NHK) များသို့ သွားရောက်၍ သဘာဝဘေးအန္တရာယ် ကျရောက်မှု အခြေအနေခန့်မှန်းချက်များ၊ ဖြစ်ပွားမှုများအတွက် ICT နည်းပညာအသုံးပြု၍ ပြည်သူများသို့ အသိပေးခြင်း၊ စီမံခန့်ခွဲမှုလုပ်ငန်းများ လက်တွေ့ ဆောင်ရွက်နေမှုများကို လေ့လာကြပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီး မှန် သ မျှ
သုံး တတ် က
မှ ချ မီး ဘေး
စဉ် ကင်း ဝေး

မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ရေး ဆွေးနွေး

နေပြည်တော် မတ် ၃၀

မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ရေးကိစ္စများနှင့် နိုင်ငံစီးပွားရေးအဖွဲ့အစည်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်း၊ အသေးစားစက်မှုလုပ်ငန်းများ၊ လမ်းတံတားဆောက်လုပ်ရေးလုပ်ငန်းများ၊ ဆန်စက်နှင့် သကြားစက်များ တည်ဆောက်ခြင်းလုပ်ငန်းများတွင် ပြည်ပလုပ်ငန်းရှင်များ ပါဝင်လုပ်ဆောင်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Cen Shi Chamber of Commerce ဥက္ကဋ္ဌ Mr. Cen De Hui ဦးဆောင်သည့် အဖွဲ့တို့သည် ယမန်နေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

မှန်ပြောင်းဖြင့် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုအစီအစဉ်

Laparoscopic Gastrointestinal Surgery



အစာအိမ်၊ အူလမ်းကြောင်းဆိုင်ရာရောဂါများနှင့်သည်းခြေအိတ်ဆိုင်ရာ ရောဂါများအား မှန်ပြောင်းဖြင့်ခွဲစိတ်ကုသခြင်းတို့ကို

မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံမှ အထူးကုဆရာဝန်ကြီး တို့ပူးပေါင်း၍ ဧပြီလ ၅ ရက်မှ ၈ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်

လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၁ ၀၄၂ ၆၇၉၊ (၀၁) ၂၄၃၀၁၀ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ရန်အထူးလိုအပ်

ပြည်သူများ ဥပဒေနှင့်အညီ နေထိုင်၊ သွားလာ၊ လုပ်ကိုင်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိအောင်ဆောင်ရွက်

နေပြည်တော် မတ် ၃၀

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဒေါက်တာမြင့်အောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကော်မတီခွဲများ ဖွဲ့စည်းပြီး တာဝန်များခွဲဝေသတ်မှတ်ကာ စနစ်တကျဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လုပ်ငန်းများကို ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း။

ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချင်းချင်းပေါင်းစပ်ညှိနှိုင်းပြီး တက်ညီလက်ညီဖြင့် ရဲရဲတင်းတင်းဆောင်ရွက်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ထို့ပြင် ဒေသတွင်းဖြစ်ပေါ်နေသည့် အခက်အခဲများနှင့် ဖြစ်ပေါ်ရသည့်အကြောင်းရင်းများကို ရှာဖွေပြီး ပွင့်လင်းမြင်သာစွာဆောင်ရွက်ရန်၊ ပြည်သူများ၏ ဒေသဆိုင်ရာ

ထို့ကြောင့် အစိုးရ၏ နိုင်ငံနှင့်နိုင်ငံသားတို့အပေါ်ထားရှိသည့် စေတနာအမှန်ကို ပြည်သူများ သိရှိနားလည်သဘောပေါက်ပြီး အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် တာဝန်ရှိသူများက ရှင်းလင်းပြောကြားရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း။

အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးပိုင်းတွင်လည်း သက်ဆိုင်ရာတာဝန်ရှိသူများက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများကို မိမိကိုယ်တိုင်နားလည်တတ်ကျွမ်းအောင် လေ့လာသင်ယူပြီး ပြည်သူများ ဥပဒေနှင့်အညီနေထိုင်၊ သွားလာ၊ လုပ်ကိုင်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သို့မှသာ တရားဥပဒေစိုးမိုးမှုအားကောင်းလာပြီး ဒေသတည်ငြိမ်အေးချမ်းမှု တည်တံ့ခိုင်မြဲမည်ဖြစ်ကြောင်း။

အဖွဲ့များအနေဖြင့်လည်း လက်ပံတောင်းတောင်

လိုအပ်ချက်တင်ပြမှုများကို မှတ်သား၍ စနစ်တကျဆောင်ရွက်သွားရန်၊ တိုင်းပြည်အတွက် စိတ်ကောင်းစေတနာထား၍ ဥပဒေနှင့်အညီ လုပ်သင့်လုပ်ထိုက်သည်ကို ရဲရဲတင်းတင်းဖြင့် မြန်မြန်ဆန်ဆန်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အကောင်အထည်ဖော်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကော်မတီ၏ လုပ်ငန်းများဆောင်ရွက်နေမှု၊ ပြီးစီးမှု၊ တွေ့ကြုံခဲ့ရသည့် အခက်အခဲများ၊ ဒေသတွင်း တည်ငြိမ်အေးချမ်းမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသနေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ဆောင်ရွက်နေမှုနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်တို့ကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် သိမ်းဆည်းမြေယာများစစ်ဆေးရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့နှင့် စီမံကိန်းဧရိယာအတွင်းရှိ သာသနိက အဆောက်အအုံများ ရွှေ့ပြောင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးအဖွဲ့ ခေါင်းဆောင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဒုတိယခေါင်းဆောင်များက အဖွဲ့လိုက်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် တွေ့ကြုံနေရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် ကူညီပံ့ပိုးဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီရင်ခံစာပါအချက်များကို အောင်မြင်အောင်စနစ်တကျဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအစီအစဉ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ရေးအစီအစဉ်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ရဲချုပ်ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြေ၊ ရေ၊ လေနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအသက်သာဆုံး၊ အနည်းဆုံးဖြစ်အောင်လုပ်ဆောင်ရန် အရေးကြီးကြောင်း၊ ဖြစ်ပွားခဲ့သည်များကိုသင်ခန်းစာယူ၍ စံနမူနာအဖြစ်ပြနိုင်အောင် ကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင်လည်း ပွင့်လင်းမြင်သာမှုရှိရန်၊ ပြည်သူများအားကြိုတင်ပညာပေးရန်၊ အချင်းချင်းပေါင်းစပ်ညှိနှိုင်းပြီး စိတ်ကောင်းစေတနာဖြင့်ဆောင်ရွက်ရန်၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဧရိယာအတွင်းရှိ ကျေးရွာများမှ လယ်ယာမြေများ စီမံကိန်းအတွက် သိမ်းယူခဲ့ခြင်းအပေါ် မြေယာလျော်ကြေးငွေများပေးအပ်လျက်ရှိရာ တောင်သူ ၅၁၀ အတွက် လျော်ကြေးငွေ ကျပ်သိန်းပေါင်း ၁၆၃၇၉ သိန်းကျော် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နိုင်ငံခြားငွေလက်မှတ်များ လာရောက်လဲလှယ်အပ်နှံနိုင်သည့်နေရာများ ထုတ်ပြန်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

သတင်းထုတ်ပြန်ချက်

နိုင်ငံခြားငွေလက်မှတ် (Foreign Exchange Certificate- FEC)ပြန်လည်ရွေးနုတ်ယူခြင်း လုပ်ငန်းအစီအစဉ်အရ နိုင်ငံခြားငွေလက်မှတ်များ လာရောက်လဲလှယ်အပ်နှံနိုင်သည့် ဘဏ်၊ ဘဏ်ခွဲများနှင့် ငွေလဲကောင်တာများ၏ အမည်စာရင်းများ ထုတ်ပြန်ခြင်း

၁။ နိုင်ငံတော်အစိုးရနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေလက်မှတ် (FEC)ပိုင်ဆိုင်သူများ လက်ဝယ်ရှိသူများ ဆုံးရှုံးနစ်နာခြင်း မရှိစေရန် ရည်ရွယ်ပြီး နိုင်ငံခြားငွေလက်မှတ် (FEC)များ ပြန်လည်ရွေးနုတ်ယူရေး အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတစ်ဝန်းရှိ အောက်ဖော်ပြပါဘဏ်များ၊ ဘဏ်ခွဲများနှင့် ငွေလဲကောင်တာ စုစုပေါင်း ၃၅၇ နေရာတွင် နိုင်ငံခြားငွေ လက်မှတ် (FEC) များကို လာရောက်လဲလှယ်အပ်နှံနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်ခွဲ (၂၈၂)ခု
(ခ) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (၁)ခု
(ဂ) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (၂)ခု
(ဃ) မြန်မာနိုင်ငံသားများဘဏ်လီမိတက် (၂)ခု
(င) သမဝါယမဘဏ်လီမိတက် (၁)ခု
(စ) မြန်မာအရှေ့တိုင်းဘဏ်လီမိတက် (၇)ခု
(ဆ) အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် (၁)ခု
(ဇ) ရိုးမဘဏ်လီမိတက် (၁)ခု
(ဈ) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (၇)ခု
(ည) ဧရာဝတီဘဏ်လီမိတက် (၂)ခု
(ဋ) မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (၁)ခု
(ဌ) ပထမပုဂ္ဂလိကဘဏ်လီမိတက် (၁)ခု
(ဍ) ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် (၁)ခု
(ဎ) ယူနိုက်တက်အမရဘဏ်လီမိတက် (၇)ခု
(ဏ) အင်းဝဘဏ်လီမိတက် (၄)ခု
(တ) မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (၃)ခု
(ထ) မြဝတီဘဏ်လီမိတက် (၃)ခု
(ဒ) ကမ္ဘောဇဘဏ်လီမိတက် (၃၁)ခု

၂။ အဆိုပါ ဘဏ်၊ ဘဏ်ခွဲများနှင့် ငွေလဲကောင်တာများအလိုက် ဝန်ဆောင်မှုပေးနိုင်သည့် နည်းလမ်းများနှင့် ၎င်းတို့၏အမည်စာရင်းများကို နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။ (နောက်ဆက်တွဲကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Website တွင် လည်းကောင်း၊ နေ့စဉ်ထုတ်သတင်းစာ၏ကြော်ငြာအချပ်ပိုတွင်လည်းကောင်း ကြည့်ရှုနိုင်ပါသည်။)

၃။ အထက်ပါစာပိုဒ်(၁)တွင် ဖော်ပြထားသည့်ဘဏ်၊ ဘဏ်ခွဲများနှင့် ငွေလဲကောင်တာများစာရင်းတွင် မပါဝင်သော ပုဂ္ဂလိကဘဏ်နှင့်ဘဏ်မဟုတ်သော ကုမ္ပဏီများ၏ ငွေလဲကောင်တာများတွင်လည်း နိုင်ငံခြားငွေလက်မှတ်များကို အပ်နှံနိုင်ပြီး တန်ဖိုးညီမျှသည့် ကျပ်ငွေဖြင့် ငွေသားထုတ်ယူနိုင်ပါသည်။

၄။ အဆိုပါ နိုင်ငံခြားငွေလက်မှတ် (FEC)များ လဲလှယ်အပ်နှံနိုင်သည့် နေရာတိုင်းတွင် နိုင်ငံခြားငွေလက်မှတ် (FEC)၏ ငွေလဲလှယ်နှုန်းသည် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းနှင့် တူညီစွာတွက်ချက်လဲလှယ်ပေးမည်ဖြစ်ပါသည်။

၅။ နိုင်ငံခြားငွေလက်မှတ် (FEC) ပိုင်ဆိုင်သူများနှင့် လက်ဝယ်ထားရှိသူများသည် အထက်ပါဘဏ်များ၊ ဘဏ်ခွဲများနှင့် ငွေလဲကောင်တာများတွင် မိမိတို့၏သက်ဆိုင်ရာ အထောက်အထားစာရွက်စာတမ်း (နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် Passport သို့မဟုတ် ကုမ္ပဏီမှတ်ပုံတင်)ကို တင်ပြပြီး ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ ဖော်ပြထားသည့်နည်းလမ်းများအတိုင်း လဲလှယ်/အပ်နှံနိုင်ပါသည်။

၆။ နိုင်ငံခြားငွေလက်မှတ် (FEC) များ အပ်နှံလဲလှယ်ရာတွင် သိရှိလိုသည့် စာရွက်စာတမ်းများနှင့် အဆင်မပြေမှု၊ အခက်အခဲ တစ်စုံတစ်ရာရှိသည့်အခါ အောက်ပါလိပ်စာများသို့ ဆက်သွယ်အကြောင်းကြားနိုင်ပြီး ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များအကြား အဆင်ပြေချောမွေ့စွာ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်-

မြန်မာနိုင်ငံတော်ဗဟိုဘဏ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန
ဖုန်း-၀၁-၅၄၃၁၃၆၊ ၀၁-၅၄၃၅၃၂၊ ၀၁-၅၅၉၂၇၈၊
၀၁-၈၆၀၃၇၄၈
(ဖက်စ်) ၀၁-၅၄၃၅၃၂
Email nawehhpaw 305@ gmail.com

၇။ အထက်ဖော်ပြပါ အချက်အလက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website: www.cbm.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

နိုင်ငံခြားငွေလက်မှတ် (FEC)များပြန်လည်ရွေးနုတ်ယူခြင်း
လုပ်ငန်းကြီးကြပ်မှုကော်မတီ

မြောက်ကိုရီးယားဒုံးကျည်တပ်ဖွဲ့ အဆင်သင့်ပြင်ထားရန် ကင်ဂျုံအန် အမိန့်ထုတ်

ဆိုးလ် မတ် ၃၀

အမေရိကန်ပြည်ထောင်စုက စတဲလ်ဗုံးကြဲလေယာဉ်များကို ကိုရီးယားကျွန်းဆွယ်ပေါ်၌ ပျံသန်းပြခြင်းအား လက်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ပစ်မှတ်များကို ပစ်ခတ်ရေးအတွက် ၎င်း၏ဒုံးကျည်တပ်ဖွဲ့ အဆင်သင့်ရှိနေစေရန် အမိန့်ပေးထားပြီးဖြစ်ကြောင်း မြောက်ကိုရီးယားက ပြောကြားသည်။

ခေါင်းဆောင် ကင်ဂျုံအန်သည် ထိပ်တန်းစစ်ဗိုလ်ချုပ်ကြီးများနှင့် ညနေ့ခင်းပိုင်း၌တွေ့ဆုံဆွေးနွေးပြီးနောက် ယင်းအမိန့်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာန ကေစီအန်အေက ဖော်ပြသည်။

ဘီ-၂ ဗုံးကြဲလေယာဉ်များ ပျံသန်းခြင်းဖြင့် ရာဇသံပေးခဲ့သည့် အမေရိကန်ပြည်ထောင်စုနှင့် စာရင်းရှင်းလင်းရန် အချိန်ကျရောက်ပြီဟု ကင်ဂျုံအန်က ပြောကြားခဲ့သည်ဟု ကေစီအန်အေက ကိုးကားဖော်ပြသည်။

အမေရိကန်နှင့် တောင်ကိုရီးယား နှစ်စဉ်စစ်ရေးလေ့ကျင့်ခြင်းနှင့် ကုလသမဂ္ဂ၏ ထပ်မံအရေးယူပိတ်ဆို့ခြင်းတို့ အပေါ် မြောက်ကိုရီးယားနိုင်ငံက ဒေါသထွက်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် အဆင်အခြင် ကင်းမဲ့စွာ ၎င်းတို့၏မဟာဗျူဟာမြောက်တပ်ဖွဲ့များဖြင့် ရန်စမှုများလုပ်မည်ဆိုလျှင် ကိုရီးယားပြည်သူ့တပ်မတော်(ကေပီအေ)က အမေရိကန်ပြည်မကြီး၊ ၎င်းတို့၏အမာခံနယ်မြေ၊ ဟာဝိုင်ယီနှင့် ဂူအမ်အပါအဝင် ပစိဖိတ်အတွင်းရှိ စစ်စခန်းများနှင့် တောင်ကိုရီးယားရှိ စစ်စခန်းများကို ညှာတာမှုကင်းမဲ့စွာ တိုက်ခိုက်မည်ဟု ကင်ဂျုံအန်၏ပြောကြားချက်ကို ကေစီအန်အေက ကိုးကားဖော်ပြသည်။

ကိုရီးယားကျွန်းဆွယ်တွင် နောက်ဆုံးဖြစ်နိုင်ဖွယ်အခြေအနေအတွက် ပြင်ဆင်ထားပြီးဖြစ်ကြောင်း အမေရိကန် ပြည်ထောင်စုက ပြောကြားသည်။ **ဘီဘီစီ။**

မွမ်ဘိုင်းတွင်ပေါက်ကွဲမှုတစ်ခုကြောင့်တံတိုင်းပြိုကျ ငါးဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

မွမ်ဘိုင်း မတ် ၃၀

အိန္ဒိယနိုင်ငံမွမ်ဘိုင်းမြို့ ဆင်ခြေဖုံးဒေသ ဆာကီနာကာတွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့်လူနေအိမ်တစ်လုံး ၏တံတိုင်းပြိုကျကြောင်း၊လူငါးဦးထက်မနည်းသေဆုံး၍ သုံးဦးဒဏ်ရာရရှိကြောင်း သတင်းတွင် ဖော်ပြသည်။

မတ် ၂၉ရက် နံနက် ၂နာရီခန့်က အဆိုပါ ဆင်ခြေဖုံးဒေသစက်မှုဇုန်တွင် ပေါက်ကွဲမှု ဖြစ်ပွားကြောင်း၊ ယင်းပေါက်ကွဲမှုကြောင့်တံတိုင်းပြိုကျမှုဖြစ်ပွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က စစ်ဆေးတွေ့ရှိသည်။

တံတိုင်းသည် စက်ရုံဥပစာနှင့် ကပ်လျက်တွင် ဌားရမ်းနေထိုင်သူများ နေထိုင်ရာအပေါ်သို့ ပြိုကျခြင်းဖြစ်ရာ လူငါးဦးသေဆုံး၍ သုံးဦးဒဏ်ရာရရှိသည်။

ဆင်ဟွာ။



ပေကျင်း နိုင်ငံတကာလေဆိပ်၌ နိုင်ငံခြားငွေ နောက်ထပ်လေးမျိုး လဲလှယ်ခွင့်ပြု

ပေကျင်း မတ် ၃၀

တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ နိုင်ငံတကာလေဆိပ်၌ နိုင်ငံခြားသုံးငွေ နောက်ထပ်လေးမျိုးကို လဲလှယ်ခွင့်ပြုကြောင်း ချိုင်းနားဒေးလီသတင်းစာက ရေးသားဖော်ပြသည်။

တောင်အာဖရိကနိုင်ငံသုံး နန်တက်စ်ငွေ၊ အီဂျစ်နိုင်ငံသုံး ပေါင်ငွေ၊ တူရကီနိုင်ငံသုံး လိုင်ယာငွေနှင့် ကာတာနိုင်ငံသုံး ရီယယ်လ်ငွေတို့ကို ပေကျင်း နိုင်ငံတကာလေဆိပ်၌ စတင်လဲလှယ်ခွင့်ပြုပြီဖြစ်ကြောင်း သတင်းစာတွင် ရေးသားထားသည်။

နိုင်ငံခြားငွေ လဲလှယ်ရေးဝန်ဆောင်လုပ်ငန်းကို ဆောင်ရွက်နိုင်ရန် နိုင်ငံတော် နိုင်ငံခြားငွေကြီးကြပ်ကွပ်ကဲရေးဌာနက ထရာဗယ်လ်လက်စ် နိုင်ငံခြားငွေလဲလှယ်ရေးကုမ္ပဏီအား ခွင့်ပြုချက်လိုင်စင်ထုတ်ပေးခဲ့သည်။

လောလောဆယ်တွင် ပေကျင်း နိုင်ငံတကာလေဆိပ်၌ ခရီးသည်များအား နိုင်ငံခြားငွေ ၂၉မျိုးကို လဲလှယ်နိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိသည်။ **ချိုင်းနားဒေးလီ။**

ပေကျင်း နိုင်ငံတကာလေဆိပ်ရှိ နိုင်ငံခြားငွေလဲလှယ်ရေး ကောင်တာကို တွေ့ရစဉ်။

တရုတ်နိုင်ငံရှိ ကျောက်မီးသွေးတွင်း၌ ဓာတ်ငွေ့ပေါက်ကွဲ မိုင်းလုပ်သား ၂၈ဦးသေဆုံး၊ ၁၃ဦးဒဏ်ရာရ

ပေကျင်း မတ် ၃၀

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင်းပြည်နယ်ရှိ ကျောက်မီးသွေးတွင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းအလုပ်သမား ၂၈ဦးသေဆုံး၍ ၁၃ဦးဒဏ်ရာရရှိကြောင်း မတ် ၃၀ရက်သတင်းတွင် ဖော်ပြသည်။

ပေါက်ကွဲ

မတ် ၂၉ရက်က ပိုင်ရှန်မြို့ရှိ ပါပေါင်ကျောက်မီးသွေးတွင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်ကြောင်း တရုတ်အာဏာပိုင်များက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းရင်းကို ပြည်နယ်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ဒဏ်ရာရရှိသူ ၁၃ ဦးမှာ အသက်အန္တရာယ် စိုးရိမ်ဖွယ်ရာမရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

သေဆုံးခဲ့

တရုတ်နိုင်ငံ ကျောက်မီးသွေးတွင်းများ၌ လွန်ခဲ့သည့်နှစ်က မတော်တဆမှုများကြောင့် လူပေါင်း ၁၃၈၄ ဦးခန့် သေဆုံးခဲ့ရသည်။ **ဆင်ဟွာ။**

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် အသေခံဗုံးခွဲတိုက်ခိုက် ခြောက်ဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရ

အစ္စလာမ္မာဘတ် မတ် ၃၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ မြို့တော်ပက်ရှ်ဝါတွင် မတ် ၂၉ ရက် နံနက်ပိုင်းက လုံခြုံရေး စစ်ဆေးရေးဂိတ်တစ်ခုတွင် ပြည်သူ့စစ်များ၏ယာဉ်တန်းကို ပစ်မှတ်ထား၍ အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားရာ လူခြောက်ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ပက်ရှ်ဝါမြို့၏ စစ်ဘက်ဆိုင်ရာ နယ်မြေရှိ လုံခြုံရေး စစ်ဆေးရေးဂိတ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ယာဉ်တန်းအနီး အသေခံဗုံးခွဲသမားတစ်ဦးက အသေခံဗုံးဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း အဆိုပါ ရဲအရာရှိက ပြောကြားသည်။ ဗုံးပေါက်ကွဲမှုကြောင့် ပြည်သူ့စစ်အဖွဲ့ဝင်တစ်ဦးနှင့် အမျိုးသမီးနှစ်ဦးအပါအဝင် လူခြောက်ဦးသေဆုံး၍ ၁၂ဦး ဒဏ်ရာရရှိသွားသည်။

ဒဏ်ရာရရှိသူများအားဆေးရုံသို့လျင်မြန်စွာ ပို့ဆောင်၍ ကုသမှုပေးလျက်ရှိကြောင်း၊ နှစ်ဦးမှာဒဏ်ရာအလွန်ပြင်းထန်ကြောင်း ဆေးရုံမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

အသေခံဗုံးခွဲသမားသည် ခန့်မှန်းခြေ ၁၀ကီလိုဂရမ်မှ ၁၂ ကီလိုဂရမ် အလေးချိန်ရှိ ဖောက်ခွဲရေးပစ္စည်းများကို သယ်ဆောင်လာခြင်းဖြစ်သည်ဟု ဗုံးရှင်းလင်းရေး ကျွမ်းကျင်သူများ၏ပြောကြားချက်ကို ကိုးကား၍သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ မင်းဝံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို တွေ့ရစဉ်။

❖ ကျောဖုံးမှ

ကနီမြို့နှင့် မင်းကင်းမြို့နယ်တို့တွင် တည်ရှိပြီး ဧရိယာ ၅၄၁ ဒသမ ၆၂ စတုရန်းမိုင် (၃၄၆၆၃၉ ဒသမ ၃၉ ဧက) ကျယ်ဝန်း၍ ၁၉၈၉ ခုနှစ်တွင် စတင်တည်ထောင်ကာ ၂၀၁၀ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် ပြန်လည်တည်ထောင်ခဲ့သည်။ ယင်းဥယျာဉ်တွင် ရွက်ပြတ်ရောနှောတော၊ အမြဲစိမ်းတော၊ တောင်ပေါ်တော၊ ထင်းရှူးတော ဂေဟစနစ်တို့ကို ထိန်းသိမ်းထားပြီး ဆင်၊ ကျားသစ်၊ ပြောင်၊ဆတ်၊ တောဆိတ်၊ ဝက်ဝံစသည့် တိရစ္ဆာန်များကို အဓိက ကာကွယ်ထားသည်။ ထို့ပြင် အလောင်းတော်ရှင်မဟာကဿပမထေရ်မြတ် စံပယ်ကိန်းဝပ်တော်မူရာနေရာဒေသသို့ ဖူးမြော်နိုင်ခြင်း၊ ပျက်စီးမှုအနည်းဆုံးအခြေအနေတွင်ရှိသည့် သစ်တောအမျိုးအစားများစွာကို ကွင်းဆင်းလေ့လာနိုင်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ကျားသတ္တဝါများ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ကုန်းတွင်းပိုင်းဌာန ငှက်မျိုးစိတ်များကို လေ့လာကြည့်ရှုနိုင်ခြင်း၊ အင်တိုင်းတော အမျိုးအစားနှင့် ထင်းရှူးတောအမျိုးအစား တစ်ဆက်တစ်စပ်တည်း ပေါက်ရောက်မှုအခြေအနေကို လေ့လာနိုင်ခြင်း စသည့် ကြည့်ရှုလေ့လာနိုင်သော အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ၂၀၀၄ ခုနှစ်က ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ဧရိယာစတုရန်းမိုင် ၂၄၆၀ စတုရန်းမိုင် (၁၅၇၄၄၀၀ဧက) သာရှိခဲ့ပြီး ၂၀၁၀ ခုနှစ်က စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့နယ်နှင့် ခန္တီးမြို့နယ်တို့တွင် ဧရိယာ ၂၅၇၅ စတုရန်းမိုင် (၁၆၄၈၀၀၀ ဧက) နှင့် ကချင်ပြည်နယ် တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် ဧရိယာ ၁၆၇၃ စတုရန်းမိုင် (၁၀၇၀၇၂၀ ဧက) တို့ကို တိုးချဲ့တည်ထောင်ခဲ့သည်။ ယင်းဘေးမဲ့တောတွင် အမြဲစိမ်းတောနှင့် တောင်ပေါ်တောဂေဟစနစ်ကို ထိန်းသိမ်းထားပြီး ကျား၊ ဆင်၊ ကျားသစ်၊ ပြောင်၊ ဆတ်၊ ဝက်ဝံ၊ တောဝက်၊ တောဆိတ် စသည့် တိရစ္ဆာန်များကို အဓိက ကာကွယ်ထားသည်။

မဟာမြိုင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်နှင့် ကလေးမြို့နယ်တို့တွင် ဧရိယာ ၄၅၅ ဒသမ ၇၅ စတုရန်းမိုင် (၂၉၁၆၈၀ ဧက) ကျယ်ဝန်း၍ ၂၀၀၂ ခုနှစ်က တည်ထောင်ခဲ့သည်။ ယင်းဘေးမဲ့တောကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် အဆိုပြုထားပြီး အမြဲစိမ်းတော၊ တောင်ပေါ်တော ဂေဟစနစ်ကို ထိန်းသိမ်းထားကာ ဆင်၊ ဆတ်၊ တောခွေး၊ စိုင်၊ မျောက်လွှဲကျော်၊ တောဝက်၊ မြွေပါမျိုးများ စသည့် တိရစ္ဆာန်များကို အဓိက ကာကွယ်ထားသည်။

ဗောဓိတစ်ထောင်သဘာဝကြိုးဝိုင်းသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့တွင် တည်ရှိပြီး ဧရိယာ ၂၈ စတုရန်းမိုင် (ဧက ၁၇၉၂၀)ကျယ်ဝန်း၍ ၂၀၀၈ ခုနှစ်ကတည်ထောင်ခဲ့သည်။ ယင်းကြိုးဝိုင်းကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် အဆိုပြုထားပြီး တောခြောက်ဂေဟစနစ်ကို ထိန်းသိမ်းထားကာ တောကြောင်နှင့် ငှက်မျိုးများစသည့် တိရစ္ဆာန်များကို အဓိကကာကွယ်ထားကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ॥

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်စည်းဝေး

နေပြည်တော် မတ် ၃၀

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဥပဒေ(မူကြမ်း) များ တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်စည်းဝေး

နေပြည်တော် မတ် ၃၀

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့ကို မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် လွှတ်တော်ကိုယ်စားလှယ်(၂၃)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ ဥပဒေ(မူကြမ်း) များ တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကမ်းနားလမ်းသစ်အား ဖြတ်သန်းသွားလာမည့် ယာဉ်များအတွက် လမ်းအသုံးပြုခအား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အောက်ပါနှုန်းထားများအတိုင်း ကောက်ခံသွားမည်ဖြစ်ပါသည်-

(က) ၁၄ ပေနှင့်အောက် ယာဉ်များ ၁၅၀၀/-နှုန်း

(ခ) တန် ၂၀ နှင့်အထက် ကုန်တင်ယာဉ်များ ၄၀၀၀/-နှုန်း

၂။ အထက်ပါအတိုင်း ကောက်ခံခြင်းသည် နံနက် ၆ နာရီမှ နောက်တစ်နေ့နံနက် ၆ နာရီအထိ ၂၄ နာရီအချိန်အတွင်း ယာဉ်တစ်စီးလျှင် တစ်ကြိမ်သာ ကောက်ခံမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မေတ္တာရပ်ခံချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တွင်း၌ ယာဉ်ရပ်နားကန့်သတ်ဇုန်ဖြင့် ယာဉ်ရပ်နားခကောက်ခံခြင်း၊ မြို့နယ်အချို့တွင် ယာဉ်စောင့်လုပ်ငန်း ကောက်ခံခြင်းနှင့် ပုဂ္ဂလိကအိမ်ခန်းများ ရှေ့တွင် အခွန်ပေးဆောင်၍ ကိုယ်ပိုင်ယာဉ်ရပ်နားရန်နေရာများ ခွင့်ပြုပေးခြင်းတို့ကို ၂၀၁၃ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ခွင့်ပြုပေးခဲ့ပါသည်။

၂။ ယခုအခါ ရန်ကုန်မြို့တွင်း တိုးတက်များပြားလာသည့် ယာဉ်စီးရေများကြောင့် ယာဉ်ကြောကျပ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိသည့်အပြင် အသုံးပြုသူအချို့၏ စည်းကမ်းမဲ့စွာ ရပ်နားခြင်းများကြောင့် လမ်းနယ်နိမိတ်အား အပြည့်အဝ အသုံးပြုမရသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့နယ်အသီးသီးတွင် မြေနေရာရရှိမှုပေါ်မူတည်ပြီး ယာဉ်ရပ်နားရန်နေရာများ တိုးချဲ့ဖော်ထုတ်ပေးလျက်ရှိသည့်အပြင် ၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ယာဉ်ရပ်နားကန့်သတ်ဇုန်ဖြင့် ယာဉ်ရပ်နားခကောက်ခံခြင်း၊ ယာဉ်စောင့်လုပ်ငန်းအဖြစ် ကောက်ခံခြင်းနှင့် ကိုယ်ပိုင်ယာဉ်ရပ်နားနေရာများအဖြစ် ရယူထားခြင်းတို့ကို အားလုံးဖျက်သိမ်းပြီး အများပြည်သူ မည်သူမဆို အခမဲ့ယာဉ်ရပ်နားရန် နေရာများအဖြစ် အသုံးပြုရန် ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၃။ မော်တော်ယာဉ်အသုံးပြုသူများအနေဖြင့်လည်း ယာဉ်ရပ်နားရာတွင် မိမိတစ်ဦးတည်း အဆင်ပြေစေရန်အပြင် ကျန်အသုံးပြုလိုသူများအားလုံး အဆင်ပြေချောမွေ့စွာ ရပ်နားနိုင်ရေးအတွက် စည်းကမ်းစနစ်တကျ အသုံးပြုခြင်းဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မွန်ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ နေ့/ည ကင်းလှည့်စောင့်ရှောက်ပေးမှုကြောင့် မြို့နယ်အသီးသီးတွင် တည်ငြိမ်အေးချမ်းသာယာလျက်ရှိ

နေပြည်တော် မတ် ၃၀

မွန်ပြည်နယ် ၁၀ မြို့နယ်တွင် တည်ငြိမ်အေးချမ်းမှု ရှိစေရေး၊ ခိုက်ရန်ဖြစ်ပွားမှု မဖြစ်စေရေး၊ ဘာသာပေါင်းစုံ နေထိုင်ကြသည့် မြို့နယ်၊ ရပ်ကွက်/ကျေးရွာများမှ ပြည်သူများ လုံခြုံမှုရှိစေရေး၊ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် နေထိုင်စေရေး၊ မမှန်မကန် သတင်းများကို မယုံကြည်ကြစေရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်ပေးမှုဖြင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့ ရဲမှူးကြီးမျိုးဆွေဝင်း၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းဗိုလ်၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်းဦး၊ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမျိုးသန့်တို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၂) ရဲတပ်ရင်း ဒုတိယရဲမှူးကြီးမြင့်နိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ ပူးပေါင်းပါဝင်သော အဖွဲ့သည် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း နေ့/ည လုံခြုံရေးတာဝန်၊ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ ခြေကျင်လျှောက် ကင်းလှည့်စောင့်ရှောက်ပေးလျက်ရှိခြင်းကြောင့် မြို့နယ်အသီးသီးတွင် တည်ငြိမ်အေးချမ်းသာယာလျက်ရှိပြီး ပုံမှန်အတိုင်း စည်ကားလျက်ရှိသည်။

အဆိုပါအဖွဲ့သည် မြို့နယ်များရှိ ဘာသာရေးကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ ကျောင်းများ၊ ဈေးများ၊ အဝေးပြေးဂိတ်များ၊ လူစည်ကားရာနေရာများတွင် တပ်ဖွဲ့ဝင်များ တာဝန်ချထားပြီး စောင့်ရှောက်ပေးလျက်ရှိခြင်းကြောင့် မြို့လူထုက ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။

အလားတူ အချိန်ပြည့် ကင်းလှည့်စောင့်ရှောက်ပေးမှုများကြောင့် မွန်ပြည်နယ်ရှိ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရေးမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ချောင်းဆုံမြို့နယ်၊ မော်လမြိုင်မြို့နယ်နှင့် သထုံခရိုင် ပေါင်မြို့နယ်၊ သထုံမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်များတွင် အေးချမ်းတည်ငြိမ်လျက်ရှိသည်။ **(ကျော်သန်း-မော်လမြိုင်)**

ဘီးတပ်ကုလားထိုင် ၉၅ စီးနှင့် မသန်စွမ်းသုံးအထောက်အကူပြုပစ္စည်းလှူဒါန်း

နေပြည်တော် မတ် ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသို့ အမေရိကန်နိုင်ငံ Latter Day Saint Charities မှ ဘီးတပ်ကုလားထိုင် ၉၅ စီးနှင့် မသန်စွမ်းသုံး အထောက်အကူပြုပစ္စည်း ဆဋ္ဌမအကြိမ်မြောက် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ Latter Day Saint Charities, Country Director က ဘီးတပ်ကုလားထိုင်များနှင့် မသန်စွမ်းသုံး အထောက်အကူပစ္စည်း ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ဘီးတပ်ကုလားထိုင်များနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်တွေ့ရင် ဗုဒ္ဓဝမ္မခရီး

ဒေါက်တာ ဒေါ်သင်းသင်း

တရားသဘောပေါက်ပြီးသော ဓေတ်ပညာတွဲရှ အတတ်ပညာရှင် မြန်မာအမျိုးသမီးတစ်ဦး၏ လောကဘဝအမြင်များ၊ ကိုယ်တိုင်သိချက်မြင်ချက်များကို ခေတ်လူငယ် လူလတ်များအတွက် အထူးပြု၍ ခေတ်သုံးစကားဖြင့် ဖော်လှစ်ထားသော လူ့ဘဝတရားနှင့် ပြောဆိုထားသော လူ့ဘဝစကားများ…။

[illegible]

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့)

၇း၀၂	နိုင်ငံတော်သီချင်း
၇း၀၃	တရားတော်
၇း၁၅	ဓမ္မပူဇာတေး
၇း၃၀	မြန်မာ့ရှုခင်း
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၅	အမျိုးသားရေးတေးကဗျာ
၈း၁၀	မြန်မာစာ မြန်မာစကား(၈)
၁၁း၀၂	နိုင်ငံတော်သီချင်း
၁၁း၀၃	အဖွင့်သီချင်း
၁၁း၀၈	မျိုးချစ်တပ်မတော်
၁၁း၂၉	ကာတွန်းအစီအစဉ် -အမှန်တရားရဲ့ရိုဘော့ဗွီ (အပိုင်း-၄)
၁၁း၄၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ချစ်ခြင်းကောင်းကင်ပြာ
၁း၃၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဒဏ်ရာများနဲ့ချစ်သူ (အပိုင်း-၃၄)
၄း၂၀	လျှပ်တစ်ပြက်
၄း၃၅	သီဆိုဖြေဖျော် တစ်ကိုယ်တော်
၄း၄၅	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၂၀	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လူငယ်လေးရဲ့အစိမ်းရောင်ကမ္ဘာ (အပိုင်း-၂၄)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -ပဟေဠိနန်းတော် -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -Behind The Enermy Line (1) (အပိုင်း-၁)

အချစ်သင်္ကြန် လွမ်းသင်္ကြန်

ခင်ဆွေမြင့်(မြန်မာစာ)

**"မိုးနဲ့လေနဲ့ မြေသင်းနံ့တို့
သင်းပျံ့ဝေရီ နွေလေပြည်တွင်
ဝါလွင်ဝင်းဖန့် ပိတောက်ရနံ့တို့
ရှင်းသန့်ညင်သာ၊ လွင့်မြူးလာပြီ
အတာသင်္ကြန်ရောက်ပြီကို. . . ."**

သင်္ကြန်နီးလာပြီ။

ဟိုတစ်ကွက် ဒီတစ်ကွက် ဟိုတစ်ပေါက် ဒီတစ်ပေါက် ရွာတတ်သော သင်္ကြန်ဖက်ဆွတ်မိုးနှင့်အတူ မြေသင်းရနံ့များ သင်းပျံ့လာချေပြီ။

ရန်ကုန်တက္ကသိုလ်၏ သင်္ကေတဖြစ်သော ကံ့ကော်ပွင့်တို့ဝေနေလေပြီ။

ငုတွေလည်း ဝင်းဝါနေကြလေပြီ။

ပိတောက်တွေလည်း ဖူးနေပြီ။

သင်္ကြန်မိုးတစ်ပြိုက် နှစ်ပြိုက် ဖြိုင်ဖြိုင်ရွာလျှင်မူ ပိတောက်ဝါရွှေတို့သည် အပင်တိုင်း အပင်တိုင်းတွင် ဝေနေအောင် ပွင့်ကြပေဦးတော့မည်။

သင်္ကြန်ကဗျာ၊ ပိတောက်ကဗျာ၊ ငုကဗျာတွေကို မဂ္ဂဇင်း၊ စာစောင်များ၏ စာမျက်နှာများတွင် လွမ်းဖွယ်ကြည်နူးဖွယ် ဖတ်ရလေပြီ။

သင်္ကြန်တေးသံများကမူ လွန်ခဲ့သော တစ်လခန့်ကတည်းကပင် ဈေးဝယ်စင်တာများ၊ အလှပြင်ဆိုင်များ၊ စတိုးဆိုင်များမှစ၍ လက်ဖက်ရည်ဆိုင်များ၊ ထီရောင်းသောတွန်းလှည်းများအထိ လွင့်ပျံ့၍နေလေသည်။

ပျော်ပျော်ရွှင်ရွှင်နေတတ်သော ပွဲကြိုက်သော ကျွန်မတို့ မြန်မာများသည် ရှေးမြန်မာကြီးများ ခေတ်ကတည်းကပင် ဆယ့်နှစ်ရာသီပွဲတော်ဟူ၍ သတ်သတ်မှတ်မှတ်ရှိခဲ့ကြသည်။

ယင်းဆယ့်နှစ်ရာသီပွဲတော်များတွင် "သင်္ကြန်" သည် ကျွန်မတို့မြန်မာလူမျိုးများအတွက် မရိုးနိုင်၊ မမေ့နိုင်၊ မပျောက်ပျက်နိုင်သော အပျော်ကြီးပျော်ကြ အစွဲကြီးစွဲကြသည့် ရိုးရာ ရာသီပွဲတော်ဖြစ်ပါသည်။

အချို့သောလူမျိုးများသည် နှစ်သစ်ကို သီချင်းတွေဆိုရင်း ကခုန်ရင်းကြိုဆိုကြသည်။ အချို့က အရက်တွေသောက်ရင်း ကားတွေအပြိုင်မောင်းရင်း ကြိုဆိုကြသည်။ အချို့က အနီအဝါအပြာ ဆေးရည်တွေပက်ကြသည်။ အချို့က ရိုးရာနတ်တွေကို ပူဇော်ပသကြသည်။ အချို့က မုန့်တွေ လက်ဆောင်ပစ္စည်းတွေ အပြန်အလှန်ပေးကမ်းကြသည်။ စားကြသောက်ကြသည်။ လည်ကြ ပတ်ကြသည်။ ကျွန်မတို့ မြန်မာများကမူ ဥပုသ်တွေစောင့်ကြသည်။ ဇီဝိတဒါနပြုကြသည်။ စတုဒိသာကျွေးကြသည်။ လူကြီးသူမများအား ခေါင်းလျှော်၊ ခြေသည်း၊ လက်သည်းညှပ်မှအစ ဝေယျာဝစ္စများပြုပေးခြင်းဖြင့် ကုသိုလ်ယူကြသည်။ အထူးခြားဆုံးကမူ တစ်ဦးကိုတစ်ဦး ရွှဲရွှဲစိုအောင် ရေတွေပက်ကြ၊ လောင်းကြ ရေကစားကြပြီး နှစ်ဟောင်းကိုဖြတ်သန်း၍ နှစ်သစ်ကိုကြိုဆိုကြခြင်း ဖြစ်ပါသည်။

သို့သော် တစ်မြို့နှင့်တစ်မြို့ တစ်နယ်နှင့်တစ်နယ်သည် ကုသိုလ်ပြုရာတွင် တူညီကြသော်လည်း ရေကစားကြပုံချင်းမတူညီကြသည်မှာမူ စိတ်ဝင်စားစရာကောင်းလှပါသည်။

တစ်ပြည်လုံးတွင်အတက်နေ့မှာ အပြင်းအထန်ရေကစားကြပြီး နှစ်ဆန်းတစ်ရက်နေ့တွင် ကုသိုလ်ပြုကြသော်လည်း ကျွန်မ၏ဇာတိမြို့ မော်လမြိုင်တွင်မူ နှစ်ဆန်းတစ်ရက်နေ့တွင် အသည်းအသန်ရေကစားကြပါသည်။

ကျောင်းသူဘဝက လုပ်အားပေးခရီးအဖြစ် ထားဝယ်သို့ ရောက်ခဲ့ဖူးပါသည်။ ထားဝယ်ဒေသတွင် သင်္ကြန်အကြိုသုံးရက်ရှိပြီး ပတ်ဝန်းကျင်ရွာများတွင်မူ တစ်လလုံးလုံးရေပက်ကြသည်ကို ကြုံခဲ့ရပါသည်။

Tourism သင်္ကြန်ပွဲနွှဲခဲ့ဖူးသော မန္တလေးသင်္ကြန်မှာမူ တစ်နေ့လုံးရေကစားကြပြီး ညဉ့်ဘက်တွင်မဏ္ဍပ်များစွာမှာ အကအလှ ပြိုင်ပွဲများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ဆိုကြ၊ ကကြ၊ ပြိုင်ကြသည်။ မမောနိုင်အောင် ဆိုကြ၊ ကကြပြီး ပရိသတ်ကလည်း မပြန်ကြေး အားပေးသောမန္တလာသင်္ကြန်ဖြစ်ပါသည်။

စစ်တွေတက္ကသိုလ်တွင် အမှုထမ်းစဉ်က ကြုံခဲ့ဖူးသော ရခိုင်သင်္ကြန်မှာမူ လောင်းလှေကြီးများထဲ ရေဖြည့်ပြီး ရခိုင်သားများကတစ်ဖက် ရခိုင်သမများကတစ်ဖက် အပြန်အလှန်ရေကစားပြိုင်ကြသည်မှာ စိတ်လှုပ်ရှားစရာ ပျော်စရာကောင်းလွန်းလှပါသည်။

ရှေးမြန်မာမင်းများလက်ထက်က ရွှေဖလား၊ ငွေဖလားများတွင် နံ့သာရည်များ၊ စံပယ်ပန်းပွင့်များ၊ ဇွန်ပန်းပွင့်များထည့်ပြီး သပြေခက်နှင့်ရေပက်ခဲ့ကြသည်။ လုလင်ပျိုများသည် လုံမပျိုများအား ဖြည်းဖြည်းသာသာ သွန်းလောင်းသောသင်္ကြန်ရေနှင့်အတူ အချစ် အကြင်နာတရားများ ချိုသာသိမ်မွေ့သော ချစ်စကားများကိုပါ လွှမ်းခြုံပေးခဲ့ကြပါသည်။

နံရံဆေးရေးပန်းချီများ၊ ပုရပိုက်ပန်းချီများတွင် တွေ့မြင်ရသော ရှေးခေတ်သင်္ကြန်သည် ယဉ်ကျေးခြင်း၊ သိမ်မွေ့ခြင်း၊ နူးညံ့ခြင်း၊ သိင်္ဂါရ ရသဖြင့်စိမ့်ဝင်ကြည်နူးခြင်း ခံစားမှုများကို တသိမ့်သိမ့်ရရှိစွဲငြိစေပါသည်။

ကျွန်မတို့ကလေးဘဝက သင်္ကြန်နီးလျှင် သင်္ကြန်ရေကစားအဖွဲ့ ရေပက်မဏ္ဍပ်များ၏ သင်္ကြန်သီချင်းများကို ရေဒီယိုကထုတ်လွှင့်လေ့ရှိပါသည်။ ကျွန်မ၏ အဒေါ်များ၊ အစ်မများသည် ရေဒီယိုမှ သီချင်းကိုလိုက်ရေးကြ၊ လိုက်ဆိုကြ၊ လိုက်ကျက်ကြပါသည်။ အဒေါ်များ၊ အစ်မများက ထဘီဆင်တူ၊ အင်္ကျီဆင်တူဝတ်၍ ရေကစားကြသည်ကို အိမ်အပေါ်ထပ်မှ ကြည့်ပြီးတော့လည်း ပျော်ခဲ့ကြပါသည်။ ပုဆိုးဆင်တူဝတ်ပြီး သီချင်းတွေဆို၊ သံချပ်တွေထိုးကာ ရေကစားလာကြသော သင်္ကြန်ရေပက်ခံကားများကို ကြည့်ပြီးတော့လည်း ရယ်မောခဲ့ကြပါသည်။

သင်္ကြန်သံချပ်သည် ရှေးမြန်မာ့ရိုးရာယဉ်ကျေးမှု ပစ္စည်းမဟုတ်သော်လည်း အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်ကာလများအတွင်းကပင် စပ်ခဲ့ဆိုခဲ့ကြသောကြောင့် သံချပ်နှင့်သင်္ကြန်ကို တွဲလျက်မြင်ခဲ့ကြပါသည်။

**"စိန်ကြည်နော် စိန်ကြည် -ငယူပက်စက်သည်၊
နီပွန်နော်
တိုကျိုပြန်၊ ဦးက်တစ်လုံးနှင့်ကျန်"
"ဘီးကျိုးပုံ့မယ့်မာစတာရဲ့၊ ယောရောရှိ ယောရောရှိ"**

စသော သံချပ်များသည် ဂျပန်ခေတ်နောက်ခံဝတ္ထုများတွင် မပါမပြီးသော ခေတ်၏လူမှုရေးနောက်ခံ ဝန်းကျင်အဖွဲ့များပင် ဖြစ်ခဲ့ပါသည်။

ကျွန်မတို့သည် ခေတ်ကိုထင်ဟပ်၊ အဆင်မပြေသည်များကိုသရော်၊ မသင့်လျော်သည်များကို ထောက်ပြရာတွင် စေတနာကို အရင်းခံခဲ့သော သံချပ်များကို နားထောင်ရင်း ပျော်ရွှင်ရယ်မောခဲ့ကြရပါသည်။ အသိတရား သတိတရားများလည်း ရရှိခဲ့ပါသည်။

ကျွန်မတို့၏ သင်္ကြန်သည် သန့်စင်ခြင်း၊ အေးမြခြင်း၊ ငြိမ်းချမ်းခြင်းဟူသော အတိတ်ကောင်း၊ နိမိတ်ကောင်းများကို ယူသော သင်္ကြန်၊ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ ချစ်ခင်ရင်းနှီးခြင်း ပုံရိပ်များကို ဖော်ကျူးသောသင်္ကြန်၊ ငယ်ရွယ်သူတို့၏ ချစ်ခြင်း မေတ္တာပုံရိပ်များကို သိမ်မွေ့စွာခံစားရရှိစေသော သင်္ကြန်ဖြစ်ပါသည်။

နှစ်ပေါင်းရာထောင်ချီ၍ ယဉ်ကျေးလှပ ပျော်ရွှင်စွာဖြတ်သန်းလာခဲ့သော ဤသင်္ကြန်ပုံရိပ်များသည် ယနေ့တွင်မူ ဆေးကြမ်းကြမ်း စုတ်ချက်ကြမ်းကြမ်းဖြင့် ကြမ်းတမ်းစွာ ရိုင်းပျစွာ၊ အရုပ်ဆိုးအကျည်းတန်စွာ ရေးဆွဲဖန်တီးနေကြသော လက်ရာကြမ်းပန်းချီကားကြီးတစ်ချပ် ဖြစ်နေပါပြီ။

သင်္ကြန်အခါတော်တွင် မင်္ဂလာရှိစွာ ကုသိုလ်ပြုကြသည့် ကိစ္စများကို လူငယ်လူရွယ်များ စိတ်ဝင်စားမှုနည်းပါးလွန်းလှသည်။"ယနေ့လူငယ် နောင်ဝယ်လူကြီး" ဖြစ်မည်မှာ သေချာနေသော လူငယ်များ၊ နောင်တစ်ချိန်တွင် နိုင်ငံတော်၏ တာဝန်ကို ယူကိုယူကြရမည့် လူငယ်များသည် မိမိလူမျိုး၊ မိမိလူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုပုံရိပ်သွင်ပြင်ဖြစ်သော ရိုးရာဓလေ့ထုံးစံများကို သိကိုသိကြရပါသည်။ တန်ဖိုးထားကို ထားကြရပါမည်။ ထိန်းသိမ်းစောင့်ရှောက်မှုကို ပြုကိုပြုကြရပါမည်။

မိမိလူမျိုး၏ လူမှုတန်ဖိုး (Social Value)၊ လူမှုနှုန်းစံ (Social Norm)များဖြစ်ကြောင်း၊ နိုင်ငံတကာတွင် လူမျိုးအချင်းချင်း၊ နိုင်ငံအချင်းချင်း တန်ဖိုးဖြတ်မှုအစစ်အမှန်သည် စာအရေးအသား၊ ဝတ်စားဆင်ယင်မှု၊ အတွေးအခေါ်၊ အရှက်အကြောက်၊ ရိုးရာဓလေ့ထုံးစံ၊ ယုံကြည်ကိုးကွယ်မှုစသည့် ရုပ်ဝတ္ထုအကောင်အထည် မဖော်ပြနိုင်သော ဒြပ်မဲ့ယဉ်ကျေးမှု (Intengible Culture)ဖြစ်ကြောင်းကို နားလည်ကြရပါမည်။

ဗုဒ္ဓ၏ လောကကိုစောင့်ရှောက်သည့် တရားနှစ်ပါး- ဟီရိနှင့် ဩတ္တပ္ပ- အရှက်နှင့် အကြောက်သည် ကျွန်မတို့လူမျိုး၏ ထုံးမိစံမြောက်သော လူ့ကျင့်ဝတ်ဖြစ်ပါသည်။

ယခုမူ **"အသက်နှင့် လူမလုပ်၊ အရှက်နှင့်လူလုပ်"** ကြသော ကျွန်မတို့လူမျိုးများသည် လူမှုရေးမျက်နှာစာတွင် ထင်သာမြင်သာဆုံးဖြစ်သော ဝတ်စားဆင်ယင်မှုကိစ္စ၌ အဘယ့်ကြောင့် အရှက်ပျောက်နေကြပါသနည်း။

ကိုယ့်လောက်မှ အရှက်အကြောက်ကို အလေးအနက်မထားသော နိုင်ငံများတွင်ပင် တိုတိုပြတ်ပြတ် ဟိုက်ဟိုက်ပေါ်ပေါ်ပါးပါးလျားလျားတွေကို မဝတ်ရဟု ဥပဒေထုတ်တားမြစ်နေပြီဖြစ်ပါသည်။

ဂရမ်မီပွဲတွင်ပင် အနုပညာရှင်များအား အတိုအပြတ်ပါးပါးမဝတ်လာကြရန် ပန်ကြားနေပြီလည်းဖြစ်ပါသည်။

ဤသို့သောအချိန်တွင် အမြဲတမ်းသူများနောက်က လိုက်ပြီး ဖက်ရှင်လုပ်ကြသည့် ကျွန်မတို့မြန်မာအမျိုးသမီးများ၏ အဆိုးဆုံးထဲက အဆိုးဆုံးတစ်ခုမှာမူ သင်္ကြန်တွင် ရေစိုလျှင် တစ်ကိုယ်လုံး အရင်းတိုင်းမြင်လောက်အောင် **"ကွဲ၊ တို၊ ပြတ်၊ ဟိုက်၊ ပါး၊ ဗလာ"** အဝတ်အစားများနှင့် အကဲကြီးကဲလာကြခြင်းဖြစ်သည်။

ဗုဒ္ဓယဉ်ကျေးမှု အရိပ်အောက်မှ မြန်မာအမျိုးသမီးများဖြစ်ပါလျက် ဘီယာတွေသောက် အသိလက်လွတ်မူးယစ်ပြီး ရှက်ရမှန်း ကြောက်ရမှန်းကိုပင် မသိတော့ဘဲ အပြုံပြုံ အလဲလဲ ဆိုးဆိုးရွားရွားတွေ ဖြစ်ချင်တိုင်းဖြစ်နေကြပါသည်။

ယခုရက်ပိုင်းအတွင်းတွင်ပင် အင်တာနက် Website တွင် အမျိုးသမီးသုံး ဟော်မုန်းကော်ဖီမစ်(စ်)များ ထွက်နေကြောင်း၊ သင်္ကြန်တွင် သတိပေးထားကြစေကြောင်း သတင်းတွေတင်နေကြပါသည်။

ဘယ်သူတွေက ကြိုတင်သိပြီးဘယ်လိုရှောင်ကြပါမည်နည်း။

မိန်းကလေးများအတွက် ထိတ်လန့်တုန်လှုပ်စရာကောင်းလှပါသည်။

ကျွန်မတို့၏ နှစ်သစ်မင်္ဂလာ ကျွန်မတို့၏သင်္ကြန်ပွဲ၏ ကျက်သရေရှိမှု၊ လန်းဆန်းမှု၊ ကြည်လင်မှု၊ သစ်လွင်မှု၊ ပျော်ရွှင်မှု၊ ကြည်နူးမှု၊ ယဉ်းကျေးသိမ်မွေ့မှုများကို ပြန်လည်ရရှိနိုင်အောင် ကျွန်မတို့အားလုံး ကြိုးစားအားထုတ်သင့်ကြပါပြီ။

တာဝန်ရှိသူများက သင်္ကြန်ပွဲတော်တွင် ယဉ်ကျေးပျော်ရွှင်စွာ ရေကစားကြပါရန် လမ်းညွှန်ချက်များ၊ နှိုးဆော်ချက်များ ထုတ်ပြန်နေသည်ကို တွေ့နေရပါပြီ။ ကြိုတင်ကာကွယ်တားဆီးရမည့် အရာများ၊ အရေးယူရမည့် ကိစ္စများအတွက် ဆောင်ရွက်နေပြီဟု မျှော်လင့်မိပါသည်။

အမေများ၊ အဘွားများ၊ ထွေးတော်မိကြီးများကလည်း ဝိုင်းဝန်းသွန်သင်ကြရပါမည်။ စောင့်ကြည့်ကြရပါမည်။ ထိန်းသိမ်းပေးကြရပါမည်။ အပြောရခက်၍ နားမထောင်၍ ဆိုပြီးလွှတ်ထားပါလျှင် သမီးများ၊ မြေးများ၊ တူမများ ဘဝပျက်ကြရပါလိမ့်မည်။ **"သားကိုယ်က၊ မဆုံးမသော်၊ မိဘတလည်း ရန်သူမည်၏"** ဟူသော ရှင်မဟာရဋ္ဌသာရ၏ ဩဝါဒစကားကို နှလုံးသွင်းကြရပါမည်။

ဆရာ ဆရာမများသည်လည်း အဘက်ဘက်တွင် တပည့်များက စံထားလောက်သည့်သူများအဖြစ် မိမိကိုယ်ကိုယ် ပျိုးထောင်ပြီး တပည့်များအား **"အတတ်လည်းသင်၊ ပဲ့ပြင်နိစ္စ"** ဆုံးမသွန်သင်ပြီး လမ်းညွှန်မှုပေးသူများ ဖြစ်ကြရပါမည်။

ပြည်သူ့အကြားတွင် နာမည်ကြီးထင်ရှားသော အနုပညာရှင်များကလည်း **"ကဲချင်တိုင်းကဲနိုင်ကြပါစေ"** ဟူသော ဆန္ဒပြုဆုတောင်းစကားမျိုးထက် ကိုယ်ကိုယ်တိုင်ကရုပ်ပျက်ဆင်းပျက်မပြုလုပ်ကြဘဲ နိုင်ငံတကာက စိတ်ပါဝင်စားသော မျက်နှာအပြလှခဲ့သော မြန်မာ့အစဉ်အလာယဉ်ကျေးလှပသည့် သင်္ကြန်ကို အမျိုးသားရေးမျက်နှာစာမှ ဝိုင်းဝန်းဖြည့်ဆည်းသူများ ဖြစ်သင့်ပါသည်။

ကျွန်မတို့သည် ဆယ်စုနှစ်တစ်ခုမျှမကအောင် စုတ်ချက်များ လက်ရာများ ကြမ်းသထက်ကြမ်းလာခဲ့သော မြန်မာ့အတာသင်္ကြန်ပန်းချီကားကြီးကို လက်ရာမြောက်ပန်းချီကားကြီးအဖြစ်သို့ ပြောင်းလဲရေးဆွဲရပါတော့မည်။

မဖွယ်မရာ ဆိုးရွားရက်စက်သော ဝတ်စားဆင်ယင်မှုများ၊ ကြမ်းတမ်းသောစကားများ၊ ရိုင်းပျသော အမူအရာများ၊ မူးယစ်သောက်စားမှုများ၊ ရန်လိုရန်ဖြစ်ခြင်းများ၊ စေတနာမပါသော ဣဿာမစ္ဆရိယသံချပ်များဖြင့် အော်ဟစ်ဆူပူသောင်းကျန်း ရမ်းကားသည့် ရှက်ဖွယ်မဟာသင်္ကြန်ကို ပြည်ဖုံးကားချသင့်ပါပြီ။ လက်တွဲဖြုတ်သင့်ပါပြီ။

"မကောင်းသည်ကို မလုပ်၊ ကောင်းသည်ကိုသာ လုပ်မည်" ဟူသော စိတ်ဓာတ်ကိုယ်စီဖြင့် ပြိုင်တူ တွန်းကြပါလျှင် ကာလတိုအတွင်းမှာပင် မဟာသင်္ကြန်၏ပုံရိပ်သွင်ပြင်သည် သရုပ်ပျက်မှသရုပ်မှန်သို့ လျင်မြန်စွာ ရွေ့သွားနိုင်ပါသည်။

ကမ္ဘာပေါ်တွင် ခေတ်အစားဆုံးဖြစ်နေသော ဒီမိုကရေစီထီးရိပ်အောက်၌ လူလူသူသူဖြစ်လိုကြသော ကျွန်မတို့တစ်တွေသည် လွတ်လပ်စွာယုံကြည်ခွင့်၊ လွတ်လပ်စွာ သဘောကွဲလွဲခွင့်၊ လွတ်လပ်စွာ တွေးတောခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာဆုံးဖြတ်ခွင့်၊ လွတ်လပ်စွာလုပ်ပိုင်ခွင့် စသည်များကို အဆင်ခြင်မဲ့ သုံးစွဲ၍ မဖြစ်ပါချေ။

မိမိတို့၏ လူမှုတန်ဖိုး ယဉ်ကျေးမှုတန်ဖိုးများကို ဖြတ်ချဖျက်ပစ်ပြီး ထင်ရာစိုင်းခြင်းသည် ဒီမိုကရေစီ အခွင့်ထူးဟူ၍ ထင်မှတ်နေသည်မှာလည်း မှားလွန်းလှပါသည်။

ဒီမိုကရေစီနိုင်ငံတော်ကို အဆင့်ရှိသော၊ ယဉ်ကျေးမှုဂုဏ်သိက္ခာရှိသော နိုင်ငံတော်အဖြစ် တည်ဆောက်ကြမှသာလျှင် နိုင်ငံသည်လည်းတင့်တယ်၊ ပြည်သူများသည်လည်း ခရီးရောက်ကြမည်ဖြစ်ပါသည်။

ကျွန်မတို့မြန်မာလူမျိုးများအတွက် အသက်တွေ အရွယ်တွေ အဘယ်မျှပင် ကြီးသွားသည်ဖြစ်စေ၊ အဘယ်အရပ် အဘယ်ဒေသသို့ ရောက်နေသည်ဖြစ်စေ **"ရင်မှာစွဲနစ်၊ သစ်မြဲသစ်သည့်၊ အချစ်သင်္ကြန်၊ လွမ်းသင်္ကြန်"** ဖြစ်သောသင်္ကြန်-

သင်္ကြန်မိုးများ၊ သင်္ကြန်ပန်းများ၊ သင်္ကြန်ကဗျာများ၊ သင်္ကြန်တေးသံများဖြင့် လန်းဆန်းမြူးကြွသောသင်္ကြန်-

"ပိတောက်ပွင့်ရက်၊ အချစ်ရက်" ဖြစ်သည့် ရက်မြတ်သင်္ကြန်ကို -

**အရှက်ကင်းမဲ့စွာ ဝတ်စားဆင်ယင်ခြင်း
လူမြင်သူမြင်မကောင်းအောင် ဖက်ရမ်းပြုမူခြင်း
ယောကျ်ားသားများကလည်း နှမချင်းမစာနာခြင်း
မူးရူးရမ်းကား ရိုင်းစိုင်းခြင်းများကို ခဝါချလိုက်ကြခြင်း**

အားဖြင့် ကြည်နူးဖွယ်၊ ဂုဏ်ယူဖွယ်၊ ပျော်ရွှင်ဖွယ်သင်္ကြန်များအဖြစ် နှစ်အသချေ အသချေ်ဖြတ်သန်းနိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း ကျွန်မဆင်ခြင်မိသမျှ တင်ပြလိုက်ရပါသည်။ ။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူ ပြောဆိုမှုများမပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများမပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသောရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများမပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

❖ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
❖ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁ ။)

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်)

နိဒါန်း

နိုင်ငံတော်တွင် စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းအင်း ကိန်းဂဏန်းများတိကျမှန်ကန်ရေး စသည့် စီးပွားရေးမူဝါဒလေးရပ်ကိုချမှတ်ဆောင်ရွက်လျက်ရှိရာ ဆင်းရဲချမ်းသာကွာဟမှု လျော့နည်းရေး၊ ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်ပေါ်ရေးစသည့် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးမျှော်မှန်းချက်များကို ဖော်ပြပါစီးပွားရေးမူဝါဒများနှင့်အညီ အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်း၏ တတိယနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော တစ်ဖက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း**ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ ယင်းစီမံကိန်းများ၌ အနှစ် ၃၀ နှစ်ရှည်စီမံကိန်း၊ ငါးနှစ်ကာလတို စီမံကိန်းနှင့် ယင်းစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများပါရှိသည်။ ယင်းအမျိုးသားစီမံကိန်းများ၌ ကာလအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လုပ်ငန်းစီမံကိန်းများ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များနှင့် မြို့ပြစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် စီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ပုံမှန်စျေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(ဃ) **နှစ်အလိုက်စျေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(င) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

အခန်း(၂)

စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်စျေးနှုန်းအရ ၈ . ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်စျေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၂ . ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၆ . ၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသဖြင့် သစ်တောကဏ္ဍတွင် ယခင်နှစ်ဖြင့် နှိုင်းယှဉ်ပါက ၆ . ၁ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၅ . ၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂၄ . ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၀ . ၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၃ . ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၂၂ . ၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၅ . ၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၅၇ . ၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၉၂ . ၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၂၇ . ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၅ . ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၆ . ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၃ . ၆ ရာခိုင်နှုန်းမှ ၃၁ . ၈ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၇. ၆ ရာခိုင်နှုန်းမှ ၂၈. ၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈. ၈ရာခိုင်နှုန်းမှ ၃၉. ၄ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(ဃ) နှစ်အလိုက်စျေးနှုန်းအရ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၅. ၅ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀. ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၄. ၅ ရာခိုင်နှုန်း အသီးသီးရင်းနှီးမြှုပ်နှံရန်၊

(င) နှစ်အလိုက် စျေးနှုန်းအရ ပြည်တွင်းထွက်ကုန်ပစ္စည်းများ၏ ပြည်ပပို့ကုန်ကို ကျပ် ၁၀၅၄၀. ၈ ဘီလီယံတင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၁၁၇၃၀. ၂ ဘီလီယံတင်သွင်းရန်၊

(စ) လူတစ်ဦးစီ၏ ပျမ်းမျှ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (Per capita GDP) မှာ ကျပ် ၈၃၉၇၉၉ မှ ကျပ် ၉၆၂၂၄၀ သို့ဖြစ်ပေါ်လာစေရန်။

အခန်း(၃)

အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပူးတွဲ(၁)၊(၂)၊(၃)၊(၄)၊(၅) နှင့်(၆) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက်လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ် ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်းရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လက်ငင်း၊ရေတိုနှင့်ရေရှည်အကျိုးဖြစ်ထွန်းစေသော နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက်လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုးရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူ ခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပူးတွဲ-၁

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းအရ
ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍကြီး	၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇	၈
၁		**လယ်ယာကဏ္ဍကြီး**	၁၅၃၅၉၉၁၄.၇	၃၃.၆	၃.၀	၁၅၈၆၅၂၉၆.၇	၃၁.၈	၃.၃
	၁	လယ်ယာ	၁၁၃၇၄၅၂၆. ၉	၂၄. ၈	၁. ၉	၁၁၆၃၃၁၂၈. ၃	၂၃. ၃	၂. ၃
	၂	သားငါး	၃၈၂၆၄၂၅. ၄	၈. ၄	၆. ၈	၄၀၈၂၈၄၄. ၆	၈. ၂	၆. ၇
	၃	သစ်တော	၁၅၈၉၆၂. ၄	၀. ၄	၀. ၄	၁၄၉၃၂၃. ၈	၀. ၃	-၆. ၁
၂		**စက်မှုကဏ္ဍကြီး**	၁၂၆၅၈၈၈၂.၆	၂၇.၆	၉.၀	၁၄၃၃၈၅၇၃.၉	၂၈.၈	၁၃.၃
	၁	စွမ်းအင်	၆၇၂၇၈. ၂	၀. ၁	၂. ၀	၇၀၉၉၈. ၉	၀. ၂	၅. ၅
	၂	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၃၃၃၂၄၀. ၉	၀. ၇	၂. ၅	၄၁၅၁၂၆. ၈	၀. ၈	၂၄. ၆
	၃	စက်မှုလက်မှု	၉၇၁၆၈၂၆. ၁	၂၁. ၂	၁၁. ၂	၁၀၇၇၈၇၃၆. ၅	၂၁. ၆	၁၀. ၉
	၄	လျှပ်စစ်ဓာတ်အား	၅၀၄၂၆၈. ၇	၁. ၁	၆. ၁	၅၇၃၈၀၄. ၄	၁. ၂	၁၃. ၈
	၅	ဆောက်လုပ်မှု	၂၀၃၇၂၆၈. ၇	၄. ၅	၁. ၅	၂၄၉၉၉၀၇. ၃	၅. ၀	၂၂. ၇
၃		**ဝန်ဆောင်မှုကဏ္ဍကြီး**	၁၇၇၆၀၃၈၂.၅	၃၈.၈	၈.၃	၁၉၆၆၄၉၄၂.၇	၃၉.၄	၁၀.၇
	၁	ပို့ဆောင်ရေး	၅၉၀၂၃၅၅. ၀	၁၂. ၉	၄. ၅	၆၂၀၅၈၅၄. ၁	၁၂. ၄	၅. ၁
	၂	ဆက်သွယ်ရေး	၉၈၄၃၄၉. ၂	၂. ၁	၁၅၀. ၄	၁၅၄၇၇၂၅. ၁	၃. ၁	၅၇. ၂
	၃	ငွေရေးကြေးရေး	၅၃၄၇၆. ၈	၀. ၁	၈. ၁	၁၀၃၀၇၁. ၄	၀. ၂	၉၂. ၇
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၈၉၅၀၇၁. ၅	၂. ၀	၃. ၂	၁၁၄၄၂၉၆. ၀	၂. ၃	၂၇. ၈
	၅	ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု	၉၆၈၀၈၀. ၇	၂. ၁	၁၄. ၆	၁၁၁၉၆၇၃. ၆	၂. ၃	၁၅. ၇
	၆	ကုန်သွယ်မှု	၈၉၅၇၀၄၉. ၃	၁၉. ၆	၄. ၁	၉၅၄၄၃၂၂. ၅	၁၉. ၁	၆. ၆
၄		**အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**	၄၅၇၇၉၁၇၉.၈	၁၀၀.၀	၆.၇	၄၉၈၆၈၁၃.၃	၁၀၀.၀	၈.၉

ပူးတွဲ-၂

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းအရ
ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးရည်မှန်းချက်
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍ	၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇	၈
၁		**ထုတ်လုပ်မှုတန်ဖိုး**	၂၈၀၁၈၇၉၇.၃	၆၁.၂	၅.၇	၃၀၂၀၃၈၇၀.၆	၆၀.၆	၇.၈
	၁	လယ်ယာ	၁၁၃၇၄၅၂၆. ၉	၂၄. ၈	၁. ၉	၁၁၆၃၃၁၂၈. ၃	၂၃. ၃	၂. ၃
	၂	သားငါး	၃၈၂၆၄၂၅. ၄	၈. ၄	၆. ၈	၄၀၈၂၈၄၄. ၆	၈. ၂	၆. ၇
	၃	သစ်တော	၁၅၈၉၆၂. ၄	၀. ၄	၀. ၄	၁၄၉၃၂၃. ၈	၀. ၃	-၆. ၁
	၄	စွမ်းအင်	၆၇၂၇၈. ၂	၀. ၁	၂. ၀	၇၀၉၉၈. ၉	၀. ၂	၅. ၅
	၅	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၃၃၃၂၄၀. ၉	၀. ၇	၂. ၅	၄၁၅၁၂၆. ၈	၀. ၈	၂၄. ၆
	၆	စက်မှုလက်မှု	၉၇၁၆၈၂၆. ၁	၂၁. ၂	၁၁. ၂	၁၀၇၇၈၇၃၆. ၅	၂၁. ၆	၁၀. ၉
	၇	လျှပ်စစ်ဓာတ်အား	၅၀၄၂၆၈. ၇	၁. ၁	၆. ၁	၅၇၃၈၀၄. ၄	၁. ၂	၁၃. ၈
	၈	ဆောက်လုပ်မှု	၂၀၃၇၂၆၈. ၇	၄. ၅	၁. ၅	၂၄၉၉၉၀၇. ၃	၅. ၀	၂၂. ၇
၂		**ဝန်ဆောင်မှုတန်ဖိုး**	၈၈၀၃၃၃၃.၂	၁၉.၂	၁၂.၈	၁၀၁၂၀၆၂၀.၂	၂၀.၃	၁၅.၀
	၁	ပို့ဆောင်ရေး	၅၉၀၂၃၅၅. ၀	၁၂. ၉	၄. ၅	၆၂၀၅၈၅၄. ၁	၁၂. ၄	၅. ၁
	၂	ဆက်သွယ်ရေး	၉၈၄၃၄၉. ၂	၂. ၁	၁၅၀. ၄	၁၅၄၇၇၂၅. ၁	၃. ၁	၅၇. ၂
	၃	ငွေရေးကြေးရေး	၅၃၄၇၆. ၈	၀. ၁	၈. ၁	၁၀၃၀၇၁. ၄	၀၁. ၂	၉၂. ၇
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၈၉၅၀၇၁. ၅	၂. ၀	၃. ၂	၁၁၄၄၂၉၆. ၀	၂. ၃	၂၇. ၈
	၅	ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု	၉၆၈၀၈၀. ၇	၂. ၁	၁၄. ၆	၁၁၁၉၆၇၃. ၆	၂. ၃	၁၅. ၇
၃		**ကုန်သွယ်မှုတန်ဖိုး**	၈၉၅၇၀၄၉.၃	၁၉.၆	၄.၁	၉၅၄၄၃၂၂.၅	၁၉.၁	၆.၆
၄		**အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**	၄၅၇၇၉၁၇၉.၈	၁၀၀.၀	၆.၇	၄၉၈၆၈၁၃.၃	၁၀၀.၀	၈.၉

အချပ်ပို က သို့

လွှတ်တော်ရေးရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

မိမိတို့အနေဖြင့် ပြည်သူတို့၏ မကျေနပ်ချက်များ၊ တိုင်ကြားချက်များကို စုံစမ်းတင်ပြရန် ခုံသမာဓိရုံးများ ဖွဲ့စည်းထား

နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌ Mr.David Carter

နေပြည်တော် မတ် ၃၀

နယူးဇီလန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ Mr.David Carter ၏ ဖိတ်ကြားချက်အရ နယူးဇီလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးလှမြင့်ဦး၊ ဦးစိုးနိုင်၊ ဦးငွေးမြင့်နှင့် ကော်မတီဝင်ဒေါက်တာဝင်းမြင့်နှင့် နယူးဇီလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိန်းတို့နှင့်အတူ မတ် ၂၇ ရက် နံနက် ၉ နာရီခွဲတွင် နယူးဇီလန်နိုင်ငံ လွှတ်တော်အဆောက်အအုံ၌ နယူးဇီလန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် နယူးဇီလန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား နယူးဇီလန်နိုင်ငံလွှတ်တော်မှ လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် ဝမ်းသာဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို နယူးဇီလန်နိုင်ငံအနေဖြင့် စိတ်ဝင်တစား စောင့်ကြည့်ခဲ့ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိမည်ဖြစ်သော်လည်း အောင်မြင်အောင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ကို နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့၍ အတွေ့အကြုံများမျှဝေပေးရန်အသင့်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား နီးကပ်စွာ အားပေးကူညီသွားမည်ဖြစ်ပါကြောင်း၊ မြန်မာပြည်သူများအနေဖြင့် လွှတ်တော်အပေါ် ယုံကြည်အားကိုးမှုရှိလာသည်ကိုတွေ့ရှိရပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုဖြင့် လွှတ်တော်မှ ပြည်သူတို့၏ လိုလားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူတို့၏ လိုလားချက်အသံများကို အမြဲနားထောင်လျက်ရှိကြောင်း၊ သို့သော် အချို့နယူးဇီလန်နိုင်ငံသားများမှ ၎င်းတို့၏အသံကို မကြားသိဘူးဟု ပြောဆိုသည်များလည်း ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်သူတို့၏ မကျေနပ်ချက်များ၊ တိုင်ကြားချက်များကို စုံစမ်းတင်ပြရန် (Ombudsman)ခေါ် 'ခုံသမာဓိ'ရုံးများ ဖွဲ့စည်းထားရှိပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ် ပိုမိုခိုင်မြဲလာပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မိမိနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ယခုလို ဖိတ်ကြားပြီး ကြိုဆိုဧည့်ဝတ်ပြုသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နယူးဇီလန်နိုင်ငံ၏ ဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်နေမှုများနှင့် လွှတ်တော်ရေးရာလုပ်ငန်းများ ဆောင်ရွက်နေမှုများအား လေ့လာခွင့်ရ၍ များစွာဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နိုင်ငံ လွှတ်တော်အနေဖြင့် လွှတ်တော်အတွေ့အကြုံနုနယ်သေးပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ရာတွင် အခက်အခဲများ ရင်ဆိုင်ရမည်ဆိုသည်ကို သိရှိပါကြောင်း၊ မည်သည့်အခက်အခဲမဆို အောင်မြင်အောင်ဆောင်ရွက်သွားနိုင်မည်ဟု ယူဆပါကြောင်း၊ မိမိတို့လွှတ်တော်အား ပါတီပေါင်း ၁၇ ခုမှ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပါကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ကိုးကွယ်သည့်ဘာသာအယူဝါဒများလည်း စုံလင်စွာ ပါရှိပါကြောင်း၊ သို့သော် လွှတ်တော်ရေးရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးအတွက် အဓိကထားဦးစားပေးပြီး ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးမှုရှိရန် အရေးကြီးပါကြောင်း၊ ထိုမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် အဆွေတော်တို့၏ အားပေးကူညီမှုများနှင့် အကြံပြုမှုများသည် များစွာအရေးပါပါကြောင်း၊ မိမိတို့လွှတ်တော်တွင် အဆွေတော်တို့ ဖွဲ့စည်းထားသည့် (Ombudsman) ခေါ် 'ခုံသမာဓိ'ရုံးများ ဖွဲ့စည်းထားခြင်းမရှိသေးသော်လည်း လွှတ်တော်အစည်းအဝေးရပ်နားစဉ်ကာလများနှင့် ရုံးပိတ်ရက်များတွင် မိမိနှင့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ သက်ဆိုင်ရာမဲဆန္ဒနယ်များသို့ သွားရောက်ပြီး ပြည်သူတို့၏လိုလားချက်အသံများကို နားထောင်ကာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း၊ အဆွေတော်အား မိမိတို့နိုင်ငံနှင့် လွှတ်တော်အားလာရောက်လည်ပတ်ရန်ဖိတ်ခေါ်ပါကြောင်း၊ မိမိတို့လွှတ်တော်နှစ်ရပ်ကြား ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေးမှတစ်ဆင့် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ တောင်သူလယ်သမားများဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှာ ဖွံ့ဖြိုးမှုမရှိသေးပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အရင်းအနှီးမပြည့်စုံမှု၊ နည်းပညာနည်းပါးမှု၊ စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များအတွက် ထိုက်သင့်သော ဈေးကွက်မရရှိမှုတို့ကြောင့် အဆွေတော်တို့၏ အတွေ့အကြုံ၊အကြံဉာဏ်နှင့် ကူညီထောက်ပံ့မှုများလည်း လိုအပ်လျက်ရှိပါကြောင်း၊ အဆိုပါ ပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှသာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတစ်ခုတည်းနှင့် ဒီမိုကရေစီစနစ်ဖော်ဆောင်၍မရနိုင်ပါကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများပါ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌ Mr.David Carter တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် နယူးဇီလန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌက အဆွေတော်၏ ဖိတ်ကြားချက်အရ ယခုနှစ်အတွင်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်မည်ဟု ထင်မြင်ပါကြောင်း၊ အဆွေတော်၏ပြောကြားချက်ဖြစ်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတစ်ခုတည်းနှင့် ဒီမိုကရေစီစနစ် ဖော်ဆောင်၍ မရနိုင်ကြောင်းနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်ကို မိမိအနေဖြင့် အပြည့်အဝ ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အကူအညီများနှင့် နည်းပညာများ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ည ၇ နာရီတွင် လွှတ်တော်အဆောက်အအုံ၌ နယူးဇီလန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မတ် ၂၇ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နယူးဇီလန်လွှတ်တော်အဆောက်အအုံ၌(The Regulation Review)ကော်မတီဥက္ကဋ္ဌ Ms.Mayan Street နှင့်တွေ့ဆုံဆွေးနွေးသည်။ ယင်းနောက် လွှတ်တော်အဆောက်အအုံနှင့် လွှတ်တော်စာကြည့်တိုက်များအား သွားရောက်လေ့လာခဲ့သည်။ ထို့နောက် လွှတ်တော်အစည်းအဝေးခန်းမ၌ အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အတိုက်အခံလွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများ၊ မေးမြန်းဖြေကြားခြင်းအစီအစဉ်အား တက်ရောက်လေ့လာခဲ့သည်။ ထို့နောက် ညနေ ၃ နာရီတွင် Opposition Spokesperson on Foreign Affairs Mr.Phil Goff နှင့် တွေ့ဆုံဆွေးနွေးသည်။ ယင်းနောက် ညနေ ၄ နာရီခွဲတွင် Minister of Primary Industries Mr. Nathan Guy နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၆ ရက် နံနက် ၉ နာရီခွဲတွင် ဝယ်လင်တန်မြို့ရှိ Museum Marae ၌ Maori Powhiri ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ပြီး Te Papa ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။ ထို့နောက် ပြည်သူတို့၏ မကျေနပ်ချက်များ၊ တိုင်ကြားချက်များကို စုံစမ်းတင်ပြသည့် (Ombudsman)ရုံးသို့လည်းကောင်း၊ (Ministry of Justice Office of Treaty Settlements)သို့ လည်းကောင်း၊ နိုင်ငံတော်စာရင်းစစ်ချုပ်ရုံးသို့လည်းကောင်း သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက ဌာနများ၌ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

မတ် ၂၈ ရက် နံနက်ပိုင်းတွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဝယ်လင်တန်မြို့ရှိ Statistics New Zealand သို့လည်းကောင်း၊ Electoral Commission သို့ လည်းကောင်း သွားရောက်လေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြသည်။ မွန်းတည့် ၁၂ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Marray Mc Cully က နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့သည် မတ် ၂၅ ရက် နံနက် ၁၀ နာရီတွင် နယူးဇီလန်နိုင်ငံ အောက်ကလန်မြို့ရှိ Modern Dairy Farm မွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြသည်။ ထို့နောက် အောက်ကလန်မြို့ရှိ Auckland University Law School သို့ ရောက်ရှိလေ့လာရာ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြသည်။ ညပိုင်းတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့အား ဝယ်လင်တန်မြို့ရှိ Asia New Zealand Foundation က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၈ ရက် ညနေပိုင်းတွင် နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့မှ ပြန်လည်ထွက်ခွာလာရာ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၂၅ မိနစ်တွင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီလေဆိပ်သို့ ရောက်ရှိခဲ့သည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဆစ်ဒနီမြို့တွင် ဩစတြေးလျရောက် မြန်မာဆရာဝန်များအသင်းမှ ပြုလုပ်သည့် ဂုဏ်ပြုညစာစားပွဲသို့လည်းကောင်း၊ အကြောင်း အမျိုးမျိုးကြောင့် ဩစတြေးလျနိုင်ငံရောက် တိုင်းရင်းသားများနှင့် အဖွဲ့အစည်းအချို့မှ တာဝန်ရှိသူများ၊ ပြောရေးဆိုခွင့်ရှိသူများ၏ တွေ့ဆုံဆွေးနွေးမေးမြန်းမှုများကိုလည်း လက်ခံနားထောင်ပြီး ဖြစ်ပေါ်တိုးတက်နေသော နိုင်ငံတော်၏ အခြေအနေနှင့် ယှဉ်တွဲကာ လွှတ်တော်၏ဖွဲ့စည်းမှု၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ပြန်လည်ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ရေတွင်းဆယ်ရာမှ အောက်ဆီဂျင်ပြတ်၍ နှစ်ဦးသေ

ပြင်ဦးလွင် မတ် ၃၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၄) နယ်မြေအတွင်း ပေ ၄၀ အနက်ရှိသော ရေတွင်းအား အိမ်ရှင်က အခကြေးငွေကျပ်၅၀၀၀၀ ပေး၍ ရေတွင်းဆယ်ခိုင်းရာမှ အောက်ဆီဂျင်ပြတ်၍ ရေတွင်းထဲ၌ နှစ်ဦးသေဆုံးပြီး တစ်ဦးအား ရေတွင်းအတွင်းမှ အမြန်ဆုံးဆယ်ယူပြီး ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ဖြစ်စဉ်မှာ ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၄) အိမ်အမှတ် (၁၇၂) လားရှိုးလမ်းနေ ဦးဇော်ဝင်းက နေအိမ်နောက်ဖေးမှ ပေ ၄၀ အနက်ရှိ ရေတွင်းအား ရေတွင်းဆယ်ယူခ ငွေကျပ် ၅၀၀၀၀ ပေး၍ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၈)နေ ကျော်နိုင်(၃၀)နှစ်၊ သန်းငွေး(၂၃)နှစ်နှင့် အောင်အောင်(၂၅)နှစ်တို့အား ရေတွင်းဆယ်ခိုင်းရာ ၎င်းတို့သုံးဦးသည် မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီကျော်အထိ ရေတွင်းဆယ်မှုပြီးဆုံး၍ အပေါ်သို့ပြန်တက်ခဲ့ကြပြီး ရေတွင်းမှ မော်တာတပ်ဆင်ရန် ကျန်၍ ကျော်နိုင်က ရေတွင်းထဲသို့ ပြန်ဆင်းသွားရာ မူးဝေနေသဖြင့် သန်းငွေးက ရေတွင်းထဲ ဆင်းကယ်ရာမှ ၎င်းပါ မူးဝေနေသဖြင့် အောင်အောင်က ဆက်လက်ဆင်းပြီးကယ်ရာမှ ၎င်းပါ ဆက်လက်မူးဝေနေသဖြင့် ရေတွင်းဆယ်နေသည်ကို ကြည့်ရှုနေသော ကလေးများက နီးစပ်ရာသို့ အကူအညီတောင်းကြသည်။

ထိုအချိန်၌ ရပ်ကွက်ပြည်သူများ သိရှိသွားပြီး သက်ဆိုင်ရာမှ ရောက်ရှိလာကာ တစ်ဦးသည် အမြန်ဆုံးရေတွင်းအတွင်းဆင်း၍ မူးဝေနေသူ သုံးဦးအား ကယ်ဆယ်ခဲ့ရာ ကျော်နိုင်နှင့် သန်းငွေးတို့ နှစ်ဦးသေဆုံးသွားပြီး အောင်အောင်အား အသက်ရှင်လျက်တွေ့ရှိ၍ ဆေးကုသရန်ဆေးရုံသို့ အမြန်ဆုံးပို့ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ဇော်)**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးအ...

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည်...
အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်...

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး...
ချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပြည်...
ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ တိုင်းဒေ...
နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်...
ရုံးမှ ဥပဒေချုပ်၊ တိုင်းဒေသကြီးနှင့် မြို့နယ်လွှတ်တော်...
မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရပ်...
များနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ဘာသာ...
တက်ရောက်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်က အစည်းအဝေးတွင် မ...
ဖြစ်ပွားခဲ့သော အရေးအခင်းနှင့်ပတ်သက်၍ တ...
သက်ဆိုင်ရာအကြီးအကဲများနှင့် မြို့မိမြို့ဖ၊ အထောက်...

ခရီးသည်တင်နှင့် ကုန်တင်အဝေးပြေးကားမျာ... ရပ်ထားခြင်းလည်းမရှိ၊ ပိတ်ထားခြင်းလည်း...

နေပြည်တော် မတ် ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်နှင့်...
အတွင်းရှိမြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များ...
များ၌ ပုဒ်မ ၁၄၄ တားမြစ်မိန့်ထုတ်ပြန်ထားခြင်းနှင့်...
ခြင်းတို့ကြောင့် ခရီးသည်တင်ကားများ၊ ကုန်တင်ကား...
နယ်မြို့များသို့ ထွက်ခွာမှုရှိ၊ မရှိနှင့် ရပ်နားခြင်း...
ရန်ကုန်မြို့ရှိ ဘုရင့်နောင်ကားဂိတ်နှင့် အောင်မင်္ဂလာ...
ရောက်စုံစမ်းရာ ခရီးသည်တင်ကားများရော ကုန်...
အတိုင်း သက်ဝင်လှုပ်ရှားသွားလာလျက်ရှိသည်ကို...

အောင်မင်္ဂလာအဝေးပြေးဂိတ်တွင် ရန်ကုန်တိုင်း...
ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(...
ဦးညွန့်ဝေအား ဆက်သွယ်မေးမြန်းရာ ၎င်းက မော်...
အတိုင်း ထွက်နေပါကြောင်း၊ ခရီးစဉ်အချို့ ဖျက်သိမ်း...
ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော ဒေသများ၌ သွား...
သွားလာမှုအဆင်ပြေစေရေးအတွက် ခရီးစဉ်အချို့...
ပြေးဆွဲခြင်းမှအပ ပုံမှန်အတိုင်းပြေးဆွဲလျက်ရှိကြော...
ပုံမှန်အတိုင်းရရှိနေခြင်းက မော်တော်ယာဉ်များ...
ဆိုသည်ကို ခိုင်မာစွာသက်သေပြနေကြောင်း ဖြေကြာ...

ရွှေစင်စကြာအဝေးပြေးယာဉ်လိုင်းများ တာ...
မိမိတို့ယာဉ်လိုင်းမှာ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ နေပြ...
ပခုက္ကူ၊ ကံမမြို့များသို့ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း၊ ခ...

ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပူး... မော်တော်ဆိုင်ကယ်မျ...

နေပြည်တော် မတ် ၃၀

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ခရီးသွားပြည်သူများ၊ ဒေသခံပြည်သူများ၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို ကြပ်မတ်စစ်ဆေးလျက်ရှိသည်။

မိတ္ထီလာမြို့ပေါ်တွင် တည်ငြိမ်...

အေးချမ်းမှုရှိလ...
ယာဉ်လာများ၊...
များသည် ဉ...
ရှိရာ မန္တလေးတို...
ရဲတပ်ဖွဲ့မှ ရဲ...
ယာဉ်ထိန်းရဲတ...
နိုင်ငံရဲတပ်ဖွဲ့ဝ...
အဖွဲ့နှင့် မိတ္ထီလ...

င် နိုင်ငံခြား
ဝန်ကြီး Mr.
က နေ့လယ်စာ
ည့်ခံခဲ့သည်။
် ဥက္ကဋ္ဌနှင့်
ရက် နံနက် ၁၀
နိုင်ငံ အောက်
n Dairy Farm
သို့ ရောက်ရှိ
န်ရှိသူများက
ည်။ ထို့နောက်
ရှိ Auckland
School သို့
ပါမောက္ခချုပ်
ဝန်ရှိသူများက
ည်။ ညပိုင်းတွင်
ဥက္ကဋ္ဌနှင့်
ားလှယ် အဖွဲ့
ရှိ Asia New
ion က ညစာ
ည့်ခံခဲ့သည်။
်ဥက္ကဋ္ဌ သူရ
းဆောင်သော
ကိုယ်စားလှယ်
ရက် ညနေပိုင်း
် ဝယ်လင်တန်
က်ခွာလာရာ
နေ ၄ နာရီ ၂၅
တွေးလျှနိုင်ငံ
ရောက်ရှိခဲ့သည်။
် ဥက္ကဋ္ဌ
ချစ်ကြည်ရေး
ည် ဆစ်ဒနီမြို့
ရောက် မြန်မာ
မှ ပြုလုပ်သည့်
လည်းကောင်း၊
မျိုးမျိုးကြောင့်
ရောက် တိုင်းရင်း
အစည်းအချို့မှ
ရေးဆိုခွင့်ရှိသူ
နွေးမေးမြန်းမှု
က်ခံနားထောင်
တက်နေသော
ခြေအနေနှင့်
ာ်၏ဖွဲ့စည်းမှု၊
င့် ဆောင်ရွက်
နီးပွင့်လင်းစွာ
ဆွေးနွေး ပြော
(သတင်းစဉ်)

နှစ်ဦးသေ

ကြီး(၄) နယ်မြေ
အခကြေးငွေ
ာ်ဆီဂျင်ပြတ်၍
င်းမှ အမြန်ဆုံး

အမှတ် (၁၇၂)
၄၀ အနက်ရှိ
ပြင်ဦးလွင်မြို့
စ်နှင့် အောင်
သည် မတ် ၂၆
ဆယ်မှုပြီးဆုံး၍
၍ ကျော်နိုင်က
က ရေတွင်းထဲ
ာ ဆက်လက်
ယ်နေသည်ကို
ကာင်းကြသည်။
သက်ဆိုင်ရာမှ
၍ မူးဝေနေသူ
သေဆုံးသွားပြီး
ရန်ဆေးရုံသို့
(၆၁၃)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မိတ္ထီလာမြို့မိမြို့ဖ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၃၀

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံဆွေးနွေးမှုကို ယနေ့ မွန်းလွဲ ၁ နာရီက မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ရုံးမှ ဥပဒေချုပ်၊ တိုင်းဒေသကြီးနှင့် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ဘာသာရေးခေါင်းဆောင်များ တက်ရောက်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်က အစည်းအဝေးတွင် မတ် ၂၀ ရက်က စတင်ဖြစ်ပွားခဲ့သော အရေးအခင်းနှင့်ပတ်သက်၍ တက်ရောက်လာသည့် သက်ဆိုင်ရာအကြီးအကဲများနှင့် မြို့မိမြို့ဖ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖတို့အား မြို့နယ်၊ ကျေးရွာများအလိုက် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာနှင့်ပူးပေါင်းပြီး စည်းကမ်းတကျလုပ်ဆောင်ကြရန်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်ကလည်း လုံခြုံရေးပိုင်းဆိုင်ရာကိစ္စရပ်များကို လုပ်ဆောင်ပေးနေမှုများနှင့် ပတ်သက်၍ရှင်းလင်းခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖ၊ ရပ်မိရပ်ဖတို့က သိလိုသည်များနှင့် လုပ်ဆောင်ထားရှိမှုအခြေအနေများကို တင်ပြခဲ့ကြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ဒေသခံမြို့မိမြို့ဖများနှင့် ပူးပေါင်းပြီး လုံခြုံရေးဆိုင်ရာကိစ္စရပ်များမှအစ အသေးစိတ် လုပ်ဆောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**

ခရီးသည်တင်နှင့် ကုန်တင်အဝေးပြေးကားများ ပုံမှန်ထွက်နေ ရပ်ထားခြင်းလည်းမရှိ၊ ပိတ်ထားခြင်းလည်း မရှိကြောင်းသိရ

နေပြည်တော် မတ် ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိမြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များရှိခဲ့ခြင်း၊ ယင်းမြို့နယ်များ၌ ပုဒ်မ ၁၄၄ တားမြစ်မိန့်ထုတ်ပြန်ထားခြင်းနှင့် သင်္ကြန်ကာလနီးလာခြင်းတို့ကြောင့် ခရီးသည်တင်ကားများ၊ ကုန်တင်ကားများ ရန်ကုန်မြို့မှ နယ်မြို့များသို့ ထွက်ခွာမှုရှိ၊ မရှိနှင့် ရပ်နားခြင်းရှိ၊ မရှိ သိရှိနိုင်ရန် ရန်ကုန်မြို့ရှိ ဘုရင့်နောင်ကားဂိတ်နှင့် အောင်မင်္ဂလာကားဂိတ်တို့သို့ သွားရောက်စုံစမ်းရာ ခရီးသည်တင်ကားများရော ကုန်တင်ကားများပါ ပုံမှန်အတိုင်း သက်ဝင်လှုပ်ရှားသွားလာလျက်ရှိသည်ကိုတွေ့ရသည်။

အောင်မင်္ဂလာအဝေးပြေးဂိတ်တွင် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး) ဥက္ကဋ္ဌ ဦးညွန့်ဝေအား ဆက်သွယ်မေးမြန်းရာ ၎င်းက မော်တော်ယာဉ်များ ပုံမှန်အတိုင်း ထွက်နေပါကြောင်း၊ ခရီးစဉ်အချို့ ဖျက်သိမ်းခြင်းလည်းမရှိကြောင်း၊ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော ဒေသများ၌ သွားလာသည့်ယာဉ်များ သွားလာမှုအဆင်ပြေစေရေးအတွက် ခရီးစဉ်အချို့ အချိန်ပြောင်းလဲပြေးဆွဲခြင်းမှအပ ပုံမှန်အတိုင်းပြေးဆွဲလျက်ရှိကြောင်း စည်းကြပ်ခွန်များ ပုံမှန်အတိုင်းရရှိနေခြင်းက မော်တော်ယာဉ်များ ပုံမှန်ပြေးဆွဲနေသည်ဆိုသည်ကို ခိုင်မာစွာသက်သေပြနေကြောင်း ဖြေကြားခဲ့သည်။

ရွှေစင်စကြာအဝေးပြေးယာဉ်လိုင်းများ တာဝန်ခံဦးအေးသန်းက မိမိတို့ယာဉ်လိုင်းမှာ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ နေပြည်တော်၊ ရေဦး၊ ပုလဲ၊ ပခုက္ကူ၊ ကံမမြို့များသို့ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း၊ ခရီးစဉ်လုံးဝဖျက်သိမ်းခြင်းမရှိကြောင်း၊ မော်တော်ယာဉ်များ ပုံမှန်အတိုင်းပြေးဆွဲလျက်ရှိကြောင်း၊ သင်္ကြန်အကျနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ မော်တော်ယာဉ်များ ပြေးဆွဲခြင်းမပြုဘဲ ရပ်နားမည်ဖြစ်ကြောင်း၊ ယင်းသို့ ရပ်နားခြင်းမှာ သင်္ကြန်ကာလ နှစ်စဉ်နှစ်တိုင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

ရောင်နီထွန်းအဝေးပြေးကားဂိတ်မှ ဂိတ်စာရေး ကိုကျော်မင်းကိုက မိမိတို့ယာဉ်လိုင်းမှာ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်မြို့များသို့ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း၊ ရပ်နားထားသည့် ခရီးစဉ်များမရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဘုရင့်နောင် အဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင်ယုကလည်း ရခိုင်ပြည်နယ်အပါအဝင် ဒေသအသီးသီးမှ ကုန်စည်များ ပုံမှန်ဝင်ထွက်ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ရက်က ပိတ်ရက်နှစ်ရက်ခံသွားသဖြင့် ကုန်တင်ကုန်ချကားများ ဆင့်ကဲဆင့်ကဲဝင်ရောက်၍ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားခဲ့ကြောင်း၊ ယင်းကိုအခြေခံ၍ ကောလာဟလဖြစ်ပေါ်သည်ဟု ထင်မြင်ပါကြောင်း၊ ထို့ကြောင့် ယင်းသို့မဖြစ်စေရေးအတွက် ကုန်စည်ပွဲရုံများ ပိတ်ရက်မရှိ ဖွင့်လှစ်သွားရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ နယ်သို့ ကုန်စည်များလည်း ပုံမှန်တင်ပို့လျက်ရှိကြောင်း ပြောကြားသည်။

ကျွန်တော်တို့သတင်းအဖွဲ့သည် မန္တလေးမြို့အခြေအနေကိုလည်း လက်လှမ်းမီသလောက် လှမ်းမေးမြန်းခဲ့ပါသည်။ မန္တလေးမြို့တွင်လည်း ရန်ကုန်၊ နေပြည်တော်အပါအဝင် ရှမ်းပြည်နယ်သို့ထွက်ခွာသည့် ကားများ၊ ပြည်၊ မကွေး၊ ရေနံချောင်း၊ ချောက်စသည့် မြို့များသို့ သွားရောက်သည့် အဝေးပြေးခရီးစဉ်များမှာ ပုံမှန်အတိုင်း ပြေးဆွဲလျက်ရှိကြောင်း၊ ဧပြီ ၁၂ ရက်မှ နှစ်ဆန်းတစ်ရက်နေ့အထိ သာ နှစ်စဉ်ပုံမှန်အတိုင်း ခေတ္တနားမည်ဖြစ်ပြီး နှစ်ဆန်းနှစ်ရက် (ဧပြီ ၁၈ ရက်) မှ စတင်၍ ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား ကြပ်မတ်စစ်ဆေး

နေပြည်တော် မတ် ၃၀

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ခရီးသွားပြည်သူများ၊ ဒေသခံပြည်သူများ၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို ကြပ်မတ်စစ်ဆေးလျက်ရှိသည်။

မိတ္ထီလာမြို့ပေါ်တွင် တည်ငြိမ်အေးချမ်းမှုရှိလာပြီဖြစ်၍ ယာဉ်သွားယာဉ်လာများ၊ မော်တော်ဆိုင်ကယ်များသည် ဥဒဟိုသွားလာလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်မြင့်စိုးဦးစီးသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော အဖွဲ့နှင့် မိတ္ထီလာခရိုင် ယာဉ်လမ်းစည်းကမ်းဌာနမှ ဒုရဲအုပ်မျိုးမင်းဟိန်းဦးစီးသည့် ယာဉ်လမ်းစည်းကမ်းတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော အဖွဲ့တို့သည် **(အောက်ပုံ)**မိတ္ထီလာ-မလှိုင်ကားလမ်းပေါ်ရှိ ဘိုးဘွားရိပ်သာရှေ့၌ လည်းကောင်း၊ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းပေါ်ရှိ ပို့/ဆက်သင်တန်းကျောင်းရှေ့၌ လည်းကောင်း၊ ရန်ကုန်-မန္တလေး ကားလမ်းပေါ်ရှိ ဝမ်းတော်ပြည့် ဘုရားရှေ့၌လည်းကောင်း၊ ရန်ကုန်-မန္တလေးကားလမ်းပေါ်ရှိ ရပ်တော်မူဘုရားရှေ့၌လည်းကောင်း မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို ယာဉ်စည်းကမ်းအား စနစ်တကျလိုက်နာရေးနှင့် စည်းကမ်းနှင့်ညီညွတ်မှု ရှိ၊ မရှိစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။

မိတ္ထီလာမြို့ စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် အင်အား ၇၀ ကျော်တို့သည် မိတ္ထီလာအထွေထွေရောဂါကုဆေးရုံကြီး၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်းလည်း သိရှိရသည်။

မိတ္ထီလာမြို့ပေါ်၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များ၏ ကျန်းမာရေး၊ အစားအသောက် သန့်ရှင်းရေး၊ ကူးစက်ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အညစ်အကြေး စနစ်တကျစွန့်ပစ်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများက နေ့စဉ်စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့ရှိ ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် မတ် ၃၀

မိတ္ထီလာမြို့၌ ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်းများ၌ ယာယီခိုလှုံလျက်ရှိသော ဒုက္ခသည်များအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် မိတ္ထီလာမြို့ ဆက်သွယ်ရေးရိပ်သာ ဧည့်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းရာ နယ်စပ်ရေးရာဝန်ကြီးဌာနက ဆန်အိတ် ၁၀၀၀၊ မိတ္ထီလာမြို့နယ် ကျောင်းသားဟောင်းများအဖွဲ့က ဆန်အိတ် ၁၀၀၀၊ ယူနိုက်တက် အမရဘဏ်က ငွေကျပ်သိန်း ၁၀၀၊ Aromar ကုမ္ပဏီက ခေါက်ဆွဲခြောက် ၄၇ ဖာ၊ သီဟမင်းဆွေကုမ္ပဏီက စားဆီပိဿာ ၃၆၀၊ ကေအေကုမ္ပဏီ က တစ်လီတာရေသန့်ဘူး ၃၀၀၀၊ Soe & Sons ကုမ္ပဏီက ခြံစောင် ၁၁၇၂ ထည်၊ ကျားလုံချည်အထည် ၅၀၀၊ မလုံချည်အထည် ၄၅၀ စုစုပေါင်းငွေကျပ်သိန်း ၅၅၉,၈၀၀၀၀ သိန်းတန်ဖိုးရှိ အလှူငွေနှင့် စားသောက်ကုန်၊ အဝတ်အထည်ပစ္စည်းများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့ထံ ပေးအပ်လှူဒါန်းသည်။**(အောက်ပုံ)**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အထက(၁)နှင့် မကျီးကုန်းကျောင်းတိုက်တို့၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများရှိ ယာယီခိုလှုံလျက်ရှိသော ဒုက္ခသည်များအား တွေ့ဆုံ၍ ကျန်းမာသန့်ရှင်းရေး၊ နေထိုင်စားသောက်ရေးအခြေအနေများအား ကြည့်ရှုအားပေးပြီး အထက(၁)တွင် အလှူငွေကျပ် နှစ်သိန်း၊ မကျီးကုန်းကျောင်းတိုက် ဆရာတော်ထံ အလှူငွေကျပ် ၁၅ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့ပေါ်တွင် တည်ငြိမ်အေးချမ်း ဗဟိုဈေးကြီး ယနေ့မှစတင်၍ဖွင့်လှစ်

နေပြည်တော် မတ် ၃၀

မိတ္ထီလာမြို့၌ ယခုအခါ လုံခြုံရေးတာဝန်ကျသူများ၊ တပ်မတော်သားများနှင့် တာဝန်သိပြည်သူများ၏ နေ့/ည လုံခြုံရေးဆောင်ရွက်မှုကြောင့် ဒေသခံများစိုးရိမ်ကြောင့်ကြမှုမရှိတော့ဘဲ တည်ငြိမ်အေးချမ်းပြီး ပုံမှန်အတိုင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည်။

ယနေ့ နံနက် ၉ နာရီတွင် မိတ္ထီလာမြို့၏ဗဟိုဈေးကြီးကို စတင်ဖွင့်လှစ်ပေးလိုက်ရာ **(အောက်ပုံ)** ဒေသခံပြည်သူများ၊ ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်များ၊ ဆိုင်ကယ်ကယ်ရီသမားများ၊ ကုန်တင်ကုန်ချ၊ ကုန်သယ်အလုပ်သမားများ အပါအဝင် ဈေးသူဈေးသား၊ မြို့မိမြို့ဖများက ဝမ်းသာမဆုံးဖြစ်ရကြောင်း သိရှိရသည်။

ဗဟိုဈေးကြီးအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော ကုန်မျိုးစုံဆိုင်မှ ဆိုင်ရှင်များသည် ၎င်းတို့၏ကုန်ပစ္စည်းများ ရောင်းချနိုင်ရန်အပြိုင်အဆိုင် ခင်းကျင်းကြကြောင်း သိရှိရသည်။

ထိုသို့ မိတ္ထီလာဗဟိုဈေးကြီး ဖွင့်လှစ်နိုင်သည့်အပြင် မြို့ပေါ်ရှိ စတိုးဆိုင်များ၊ မီနီမားကက်များ၊ အိမ်ဆိုင်များ၊ ကုန်မာဆိုင်များ၊ ကားဂိတ်များ၊ လက်ဖက်ရည်ဆိုင်များအပါအဝင် ဈေးဆိုင်များ၊ ရပ်ကွက်ဈေးများလည်း ပြန်လည်၍ ပုံမှန်အတိုင်းဖွင့်လှစ်နေပြီဖြစ်ကြောင်း သိရှိရသည်။

မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက်ရှိ ပေါက်ချောင်းဈေးဆိုလျှင် နေ့စဉ်အမြဲဖွင့်လှစ်ရောင်းချလျက်ရှိကြောင်းလည်း သိရှိရသည်။

မိတ္ထီလာမြို့မှ အနယ်နယ်အရပ်ရပ်သို့ ခရီးသွားလာနိုင်ရန်အတွက် အဝေးပြေးကားကြီးကွင်းအပါအဝင် မြို့ပေါ်ရှိ ကားဂိတ်များ၌ မိမိသွားလိုသည့် ခရီးစဉ်များကို အလွယ်တကူသွားလာနိုင်ပြီဖြစ်သည်။

တည်ငြိမ်အေးချမ်းမှုရှိ၍ ခရီးသွားပြည်သူများ၊ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများသည် ဝမ်းသာမဆုံး ဖြစ်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မူးယစ်အထူးအဖွဲ့ ကြီးကြပ်သူအရာရှိများ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော်   မတ်   ၃၀

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများအား စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် မူးယစ်အထူးအဖွဲ့ ကြီးကြပ်သူအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ပြည်သူလူထုပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို မိမိတို့နယ်မြေအလိုက် ထိထိရောက်ရောက် တားဆီးဆောင်ရွက်ကြရန်၊ မဲခေါင်မြစ်ကြောင်းမှတစ်ဆင့် ထိန်းချုပ်ဓာတုပစ္စည်းများ ဝင်ရောက်လာမှုကို တားဆီးဆောင်ရွက်ကြရန်၊ မူးယစ်ဆေးဝါး သယ်ဆောင်ရာလမ်းကြောင်းများကို ရှာဖွေစုံစမ်းဖော်ထုတ်ရန်၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတပ်ဖွဲ့ဝင်များ၏ လူ၊ လက်နက်၊ လုံခြုံရေးအထူးဂရုစိုက်ဆောင်ရွက်ရန်၊ မူးယစ်အထူးအဖွဲ့ ကြီးကြပ်သူအရာရှိများအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တပ်ဖွဲ့ဝင်များ နှလုံးရည် လက်ရုံးရည်မြှင့်တင်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လုပ်အားပေးဆရာများစေလွှတ်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော်   မတ်   ၃၀

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား အမေရိကန်နိုင်ငံ Peace Corps အဖွဲ့မှ Mr. John L Williams, Expert Consultant for Europe, Mediterranean, and Asia Region နှင့် ကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၈ ရက်ညနေ ၃ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး အင်္ဂလိပ်စာသင်ကြားရေး၊ ဆရာအတတ်ပညာရေးနှင့် Corps အဖွဲ့မှ လုပ်အားပေးဆရာများစေလွှတ်ရေးကိစ္စတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပျောက်ဆုံးသွားသောပိုက်ဆံအိတ် အမြန်ပြန်ရ၍ ပိုင်ရှင်များဝမ်းသာ

ရန်ကုန်   မတ်   ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ယမုံနာ (၂) ရပ်ကွက်နေ ဦးကျင်လှိုင်နှင့် ဇနီး ဒေါ်စန်းဌေးတို့သည် မတ် ၁၁ ရက်က ရန်ကုန်မြို့တွင်းမှ တက္ကဆီငှားစီးပြီး အိမ်သို့ပြန်လာခဲ့သည်။ အိမ်ရောက်သော် ပိုက်ဆံအိတ်ပျောက်ဆုံးနေကြောင်း၊ တက္ကဆီယာဉ်ပေါ်တွင် ကျန်ခဲ့နိုင်ကြောင်း သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့သည်။

သက်ဆိုင်ရာများ၏ကူညီဆောင်ရွက်ပေးမှုကြောင့် ၁၂ ရက်အကြာတွင် ၃က/--- တက္ကစီယာဉ်ပိုင်ရှင် (ကိုယ်တိုင်မောင်း)၊ (ဒုတိယဗိုလ်မှူးကြီး-ငြိမ်း) သိန်းထွန်း မတ် ၂၄ ရက်တွင် ဒေါပုံမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးခန်းသို့ လာရောက်ပြန်လည်ပေးအပ်ကြောင်း သိရသည်။ပိုက်ဆံအိတ်ထဲတွင် နိုင်ငံခြားငွေ ဒေါ်လာ ၁၀၀ တန် ၃၅ ရွက်၊ ၁/၅/၁၀ တန် ဒေါ်လာ ၁၅ ရွက်၊ မြန်မာကျပ်ငွေ လေးသိန်း၊ တစ်ကျပ်သား ရွှေဆွဲကြိုးတစ်ကုံး၊ ထီလက်မှတ်ငါးစောင်တွဲ တစ်တွဲနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားနှစ်ခုတို့ပါရှိကြောင်း သိရသည်။

တာဝန်သိပြည်သူတစ်ဦး၏စေတနာမှန်ကြောင့် ပျောက်ဆုံးသွားသော ပစ္စည်းအမြန်ပြန်ရ၍ ဦးကျင်လှိုင်နှင့် ဒေါ်စန်းဌေးတို့မှာ အထူးပင် ဝမ်းသာမိပါကြောင်း၊ ပိုက်ဆံအိတ် ပြန်လည်ပေးအပ်သူအား ထိုင်၍ပင် ကန်တော့ကြကြောင်း သိရသည်။ ထို့ပြင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ရန်ကုန်မြို့တော်စည်ပင်သာယာဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)နှင့် တောင်ပိုင်းခရိုင် ခရိုင်ဌာနမှူး၊ ဒေါပုံမြို့နယ် စည်ပင်သာယာ ဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ကြောင်း၊ ပြည်သူတိုင်း စိတ်ထားစေတနာအမှန်နှင့် ယခုလိုဆောင်ရွက်နိုင်ကြလျှင် ကောင်းမွန်မည်ဖြစ်ကြောင်း ပိုက်ဆံအိတ်ပိုင်ရှင် ဦးကျင်လှိုင်က ပြောပြခဲ့သည်။ **(ကြည်ပြာအေး)**

စားသုံးသူကာကွယ်ရေး ပညာပေးသင်တန်း အခမဲ့တက်ရောက်နိုင်

ရန်ကုန်   မတ်   ၃၀

စားသုံးသူကာကွယ်ရေး ကျယ်ပြန့်စွာလုပ်ဆောင်နိုင်ရန် အထောက်အကူပြုစေမည့် သင်တန်းတစ်ရပ်ကို မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်း မှ ဖွင့်လှစ်လျက်ရှိရာ မည်သူမဆိုအခမဲ့တက်ရောက်နိုင်ပြီး သင်တန်း အစီအစဉ်သစ်တစ်ခုကို လာမည့်ဧပြီ ၇ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

"စိတ်ဝင်စားသူ မည်သူမဆို တက်လို့ရတယ်၊ သင်တန်းကြေး ပေးစရာမလိုဘူး၊ အသင်းထဲက ပညာရှင်တွေက သင်ကြားပေးတာဖြစ်ပါတယ်"ဟု အသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ပြောသည်။

လာမည့်လတွင်ဖွင့်လှစ်မည့် အဆိုပါသင်တန်းကို သုံးလဖွင့်လှစ်သွားမည်ဖြစ်ပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် စားသုံးသူအခွင့်အရေးများအကြောင်းကိုလည်းကောင်း၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ၊ သဘာဝဘေးအန္တရာယ်ကိစ္စရပ်များနှင့် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်များ ပါဝင်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသင်တန်းကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင်ရှိ ပေါက်စေတီကျောင်းအတွင်းရှိ အသင်းရုံးခန်း၌ ဖွင့်လှစ်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများကို အသင်းက ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။ **ထက်ခိုင်(စမ်းချောင်း)**

လှပရောင်စုံ မြို့တော်ရန်ကုန် ဓာတ်ပုံပြိုင်ပွဲ ဓာတ်ပုံပညာရှင် ၁၃၈ ဦး ပါဝင်ယှဉ်ပြိုင်

ရန်ကုန်   မတ်   ၃၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသော လှပရောင်စုံမြို့တော် ရန်ကုန် ၂၀၁၃ ဓာတ်ပုံပြိုင်ပွဲအတွက် ဓာတ်ပုံပညာရှင် ၁၃၈ ဦးက ဓာတ်ပုံပေါင်း ၇၅၆ ပုံ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

လှပရောင်စုံ မြို့တော်ရန်ကုန် ဓာတ်ပုံပြိုင်ပွဲအား ဖွံ့ဖြိုးစည်ပင်မြို့တော်တစ်ခွင်ကဏ္ဍနှင့် ရှုဖွယ်စုံလင်မြို့တော်တစ်ခွင်ခေါင်းစဉ်ကဏ္ဍနှစ်မျိုးဖြင့် မတ် ၁၈ ရက်မှ ၂၈ ရက်အထိ ပြိုင်ပွဲဓာတ်ပုံများ လက်ခံခဲ့ရာ ဖွံ့ဖြိုးစည်ပင်မြို့တော်တစ်ခွင် ဓာတ်ပုံပြိုင်ပွဲ ကဏ္ဍတွင် ဓာတ်ပုံပေါင်း ၃၃၂ ပုံအားလည်းကောင်း၊ ရှုဖွယ်စုံလင်မြို့တော်တစ်ခွင် ဓာတ်ပုံပြိုင်ပွဲကဏ္ဍတွင် ဓာတ်ပုံပေါင်း ၄၂၄ ပုံအားလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြသဖြင့် ကဏ္ဍနှစ်မျိုးတွင် ပြိုင်ပွဲဝင် ၁၃၈ဦးက ဓာတ်ပုံပေါင်း ၇၅၆ ပုံ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲဝင်ဓာတ်ပုံများ ရွေးချယ်စိစစ်အကဲဖြတ်ခြင်းကို ဧပြီ ၁ ရက်တွင် မြို့တော်ခန်းမ ပထမထပ်ခန်းမ၌ မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဒါရိုက်တာပန်းချီစိုးမိုး၊ ဥက္ကလာထွန်းရွှေ၊ ဦးဖေမြင့်ဦး၊ ဦးထင်လင်းနှင့် ဦးမိုးမင်းတို့က စိစစ်ရွေးချယ်နိုင်ရန် စီစဉ်ထားပြီး ဧပြီ ၃ ရက်မှ ၅ ရက်အထိ မြို့တော်ခန်းမ၌ အခမဲ့ခင်းကျင်းပြသသွားမည်ဖြစ်သည်။ **(ကြေးမုံ)**

အိန္ဒိယနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးမည်

ရန်ကုန်   မတ်   ၃၀

အိန္ဒိယနိုင်ငံ Calculatta Chamber of Commerce မှ Seceretary General, Dr. T. Roy ဦးဆောင်သည့် စီးပွားရေးလုပ်ငန်းရှင် ၁၇ ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁ ရက်မှ ၅ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ရန် စီစဉ်လျက်ရှိသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ၎င်းတို့လာရောက်သည့် ခရီးစဉ်အတွင်း အထည်အလိပ်လုပ်ငန်း၊ အကြီးစားဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း၊ လျှပ်စစ်ပစ္စည်းလုပ်ငန်း၊ လက်ဖက်လုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ စက္ကူလုပ်ငန်း၊ သတ္တုလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ စတီးလုပ်ငန်း၊ ဂုန်လျှော်လုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း အစရှိသော လုပ်ငန်းများကို မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ကုန်သည်/ စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆွေးနွေးပွဲသို့ တက်ရောက်လိုကြသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် UMFCCI အသင်းချုပ်သို့ ဧပြီ ၂ ရက်အရောက် အမည်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ELITE TELECOM PUBLIC COMPANY LIMITED

(အီလိုက်တယ်လီကွန် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)

ဖွဲ့စည်းတည်ထောင်ပြီးကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင် ခွင့်ပြုချက်အမှတ်-၅၃၆၉/၂၀၁၂-၂၀၁၃ ဖြင့် Elite Telecom Public Company Limited အား အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ပြီး ဖြစ်ပါသည်။

၎င်းအများပိုင်ကုမ္ပဏီသည် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ရန် ရည်ရွယ်ကာ ပြည်သူများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး ကုမ္ပဏီ၏အစုရှယ်ယာရှင်များမှာလည်း အကျိုးအမြတ်ဖြစ်ထွန်းစေရန် ရည်ရွယ်၍ အများပိုင်ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်ပါသည်။

တရားဝင်လုပ်ငန်း စတင်ဆောင်ရွက်ခွင့်လက်မှတ် (Certificate for Commencement of Business) ရရှိသည့်အခါ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသည့် တိုင်းရင်းသားပြည်သူများသို့ အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀၀၀၀၀/- (ကျပ်တစ်သိန်းတိတိ)ဖြင့် ဖိတ်ခေါ်ရောင်းချသွားမည်ဖြစ်ပါသည်။

ELITE TELECOM PUBLIC COMPANY LIMITED

လိပ်စာ- တိုက်အမှတ်(အေ-၉)၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။   ဖုန်း- ၀၉- ၇၃၁၁၉၈၉၈

ဗိုလ်ချုပ်ဈေးရှေ့၌ နိုင်ငံခြားသား ခရီးသွားဧည့်သည်ကားများ ရပ်ထားမှုကြောင့် ယာဉ်ကြောပိတ်ဆို့လျက်ရှိစဉ်။

ဗိုလ်ချုပ်ဈေးရှေ့၌ ခရီးသွားဧည့်သည်ကားများကြောင့် ယာဉ်ကြောပိတ်ဆို့

ရန်ကုန်   မတ်   ၃၀

ရန်ကုန်မြို့တော်သည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ သာမက ယခုအခါ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များပါ အထူးစိတ်ဝင်စားလျက်ရှိကြသည်။

ယင်းသို့စိတ်ဝင်စားမှုများအနက် ရန်ကုန်မြို့တွင်းရှိ ဗိုလ်ချုပ်ဈေးသစ်သည် နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်သော သန့်ရှင်းသပ်ရပ်ခိုင်ခံ့သည့် ဈေးဖြစ်သည့်အားလျော်စွာ နိုင်ငံခြားသားခရီးသွား ဧည့်သည်များမှာ လာရောက်လည်ပတ်လေ့ရှိကြသည်။

ထိုသို့ လာရောက်လည်ပတ်ရာတွင် ဈေးအရှေ့၌ နိုင်ငံခြားသားခရီးသွား ဧည့်သည်ကားများ ရပ်ကြလေ့ရှိသဖြင့် ယခုအခါ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေသည်။

ရွှေတိဂုံဘုရားလမ်းဘက်မှ ဖြတ်သန်းသွားလာသည့် ဝဲဘက်ယာဉ်ကြောမှ ကားများမှာ ဗိုလ်ချုပ်လမ်းဘက်သို့ ချိုးကွေ့ဝင်ရာတွင် ဝဲဘက်ယာဉ်ကြောကို အဝင်လမ်းအဖြစ်အသုံးပြုရသဖြင့် ယာဉ်များမှာ အမြဲတစေပိတ်ဆို့မှုများနှင့် ကြုံတွေ့နေကြရသည်။

သို့ဖြစ်၍ အဆိုပါ ခရီးသွားဧည့်သည်ကားများအား ယာဉ်ကြော၏ တစ်ဖက်၌ရှိသော ပန်းဘဲတန်းမြို့နယ် အတွင်းရှိ လဟာပြင်ဈေး၏ ကားပါကင်ဝင်းအတွင်း စနစ်တကျနေရာများ စီမံပေးလျှင် အထူးသင့်လျော်မည်ဖြစ်ပြီး ၎င်းကားပါကင်ဝင်းမှာ နေရာလွတ် အမြဲရှိနေကြောင်း လေ့လာသိရှိရသည်။ **(စိုးဝင်း-MLA)**

ဥတုရာသီ တောကိုမှီ၏

ပြည်တွင်းရေးရာ

ကမာရွတ်ခုံးကျော်တံတား မကြာမီဖွင့်မည်

ရန်ကုန် မတ် ၃၀

ရန်ကုန်မြောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်ရှိ လှည်းတန်းလမ်းဆုံသည် လမ်းငါးခုဆုံရပ်ဖြစ်သဖြင့် နေ့စဉ်ယာဉ်ကြောကျပ်တည်းခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းများ ဖြစ်ပေါ်နေပြီး လိုရာခရီးသို့ အချိန်မီမရောက်ရှိဘဲ အချိန်ကြန့်ကြာမှုများ ဖြစ်ပေါ်နေသောကြောင့် ယာဉ်မောင်းများနှင့် ခရီးသည်များမှာ အဆင်မပြေမှုများ ဖြစ်ပေါ်နေသော်လည်း ယခုအခါ လှည်းတန်းခုံးကျော်တံတားကြီး တည်ဆောက်ပြီးစီးမှုကို မျက်ဝါးထင်ထင် မြင်တွေ့နေပြီဖြစ်ရာ စိတ်အမောများ ပြေပျောက်၍ ပီတိစိတ်များဖြင့် ကြည်နူးနေကြသည်ဟု ကြားသိရသည်။

"လှည်းတန်းလမ်းဆုံက လမ်းငါးခုဆုံတဲ့နေရာဆိုတော့ မီးပွိုင့်တစ်ခါမိရင် တမေ့တမောပဲ။ တော်တော်စိတ်ကုန်ဖို့ကောင်းတယ်။ အခုတော့ အဲဒီဝဋ်က ကျွတ်တော့မယ်။ လှည်းတန်းခုံးကျော်တံတားကြီးက တည်ဆောက်ပြီးစီးနေပြီလေ"ဟု ၎င်းလမ်းမှ နေ့စဉ်သွားလာနေသော ခရီးသည်တစ်ဦးက ပြောသည်။

လှည်းတန်းလမ်းဆုံမှာ ပြည်လမ်းမကြီး၊ ရန်ကုန်-အင်းစိန်လမ်းမကြီးနှင့် တက္ကသိုလ်ရိပ်သာလမ်းတို့ ပေါင်းစုံသည့် နေရာဖြစ်သဖြင့် နေ့စဉ်ယာဉ်ကြောကျပ်တည်းမှုဖြစ်ပေါ်လျက်ရှိသည်။ ယခုအခါ ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်ရန် လှည်းတန်းခုံးကျော်တံတားကြီးမှာ တည်ဆောက်ပြီးစီးနေပြီး အချောသပ်လုပ်ငန်းများ လုပ်ကိုင်နေသည်ကို မြင်တွေ့ရသည်။

အဆိုပါ လှည်းတန်းခုံးကျော်တံတားကြီးမှာ ပြည်လမ်းမကြီးအပေါ်တွင် တည်ရှိပြီး တံတားကြီးအရှည်မှာ ပေ ၂၈၀၀ ကျော်၊ အကျယ် ၅၄ ဒသမ ၈ ပေ ရှိသည်။ **(ယာပုံ)**

ယင်းလှည်းတန်းခုံးကျော်တံတားကြီးကို ဧပြီလထဲတွင် ဖွင့်လှစ်နိုင်ရန် နေ့ညကြိုးပမ်းအားထုတ်လျက်ရှိသဖြင့် အနာဂတ်ကာလတွင် ခံ့ညားထည်ဝါသော ခုံးကျော်တံတားကြီးကို ဖွင့်လှစ်ပြီးပါက ယာဉ်ကြောကျပ်တည်းခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းများ မဖြစ်ပေါ်နိုင်တော့ဘဲ တံတားကြီးအပေါ်တွင် လည်းကောင်း၊ တံတားကြီးအောက်ခြေတွင် လည်းကောင်း မော်တော်ယာဉ်များ အစီအရီသွားလာနိုင်တော့မည်ဖြစ်သည်။

(သတင်းနှင့်ဓာတ်ပုံ-မောင်သုည)

ယာဉ်ထိန်းရဲမရှိသော မီးပွိုင့်ရုံကလေး

ရန်ကုန် မတ် ၃၀

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် ကွင်းကျောင်းလမ်းနှင့် ကမ်းနားလမ်းဆုံရှိ မီးပွိုင့်တွင်ရှိသော ယာဉ်ထိန်းရဲနေရန်ဆောက်လုပ်ထားသော မီးပွိုင့်ရုံလေးတွင် ယာဉ်ထိန်းရဲမရှိသဖြင့် ဝါမလျှော့ နီမရပ်သောကားများသည် မီးနီသော်လည်း မိမိစိတ်တိုင်းကျ မောင်းနေသည်ကို တွေ့မြင်နေရပါသဖြင့် ကြည့်မြင်တိုင်ဘက်တွင် ပင်စင်လာထုတ်သော သက်ကြီးရွယ်အိုများသည် ထိုမီးပွိုင့်မှာပင် အန္တရာယ်ကိုသတိထားပြီး လမ်းကူးနေရကြောင်းနှင့် ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်ကြောင်း သိရသည်။

(တင်မောင်ဦး-အလုံ)

ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်း အဆင့်မြင့်ခြင်းကြောင့် သကြၤန်လည်ပတ်ရာတွင် ဂရုပြုသင့်

ရန်ကုန် မတ် ၃၀

ယခုကာလအတွင်း မြန်မာနိုင်ငံတွင် ကျရောက်နေသည့် ခရမ်းလွန်ရောင်ခြည်သည် ကမ္ဘာ့အဆင့်သတ်မှတ်ချက် အညွှန်းကိန်းထက် မြင့်နေခြင်းကြောင့် သကြၤန်လည်ပတ်သူများ ဂရုပြုသင့်ကြောင်း မိုး/ဇလ ပညာရှင် ဒေါက်တာ ထွန်းလွင်က ပြောသည်။

အဆိုပါ ခရမ်းလွန်ရောင်ခြည် ကျရောက်မှု အမြင့်မားဆုံးအချိန်သည် မွန်းတည့်ချိန်ဖြစ်ပြီး နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း သွားလာမှုကို ဂရုပြုသင့်ကြောင်း၊ ရေပက်ခံထွက်လည်ပတ်သူများအနေဖြင့် ယင်းအချိန်၌ အရိပ်ရသောနေရာများတွင် နားသင့်သကဲ့သို့ ခရီးသွားလာမည့်သူများအနေဖြင့် လုံလောက်သော အရိပ်ရစေမည့် အကာအကွယ်များဖြင့် သွားလာသင့်ကြောင်းသိရသည်။

"ဖြစ်နိုင်ရင်တော့ နေပူထဲမထွက်ဘဲ အနားယူသင့်တယ်။ အဓိကတော့ မွန်းတည့်တဲ့နေကို ရှောင်ရမယ်။ မဖြစ်မနေ အပြင်ထွက်ပြီး သွားလာရမယ်ဆိုရင်လည်း ခရမ်းလွန်ရောင်ခြည် ဒဏ်ကာကွယ်နိုင်ဖို့ အသိရှိရမယ်" ဟု ၎င်းက ရန်ကုန်မြို့ရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနတွင် ကျင်းပသော အခမ်းအနားတစ်ခုသို့ တက်ရောက်ခဲ့စဉ် မေးမြန်းမှုကို ဖြေကြားခဲ့ခြင်းဖြစ်သည်။

သကြၤန်လည်ပတ်သူများအနေဖြင့် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင်သာ လည်ပတ်ပါက ပိုမိုသင့်လျော်ခြင်းဖြစ်ပြီး မွန်းတည့်ချိန်များတွင် မဖြစ်မနေသွားလာရမည်ဆိုပါက ထီး၊ ဦးထုပ်တို့ကို အသုံးပြုကာ အင်္ကျီအရှည်၊ ဘောင်းဘီအရှည်များကို ဝတ်ဆင်သင့်ကြောင်း နေလောင်ဒဏ်ခံနိုင်သော အရေပြားလိမ်းဆေးများ သုံးစွဲသင့်ပြီး မျက်စိထိခိုက်မှုမှ သက်သာစေရန် နေကာမျက်မှန်သုံးစွဲသင့်သည်ဟု ၎င်းက အကြံပြုပြောကြားသည်။ **(၆၈၀)**

လုံခြုံရေးဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် အကြမ်းဖက်မှုများ မဖြစ်ပွားစေရေးအတွက် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ စုပေါင်း၍ နေ့စဉ်လှည့်လည် လုံခြုံရေးဆောင်ရွက်နေစဉ်။ (ယခုအခါ အေးချမ်းတည်ငြိမ်၍ ပြည်သူများအနေဖြင့် နေ့စဉ်ပုံမှန် လုပ်ငန်းများ အေးအေးလူလူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။)

ကိုလွင်(ဆွာ)

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

မောင်လေး မောင်တင်လတ် (မန်နေးဂျင်းဒါရိုက်တာ- ငွေကျားတိုက်လျှပ်စစ်ပစ္စည်းနှင့် အလှဆင်မီးပန်းဆိုင်းကုမ္ပဏီလီမိတက်) (ရန်ကုန်-မန္တလေး)၏ ဇနီး မမာလာမြင့် အား ၂၆-၃-၂၀၁၃ ရက် (တပေါင်းလပြည့်နေ့)တွင် နိုင်ငံတော်မှ သုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်ခြင်းခံရသည့်အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဗုဒ္ဓဘုရားရှင်၏အဆုံးအမများအား လိုက်နာကျင့်သုံးနိုင်ပြီး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် မိသားစုနှင့်အတူ ဘာသာ၊ သာသနာအကျိုးဆတက်တိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်တောင်းလျက်. . . . .

ဝမ်းသာဂုဏ်ယူစွာဖြင့်. . . . .

မမကြီး-ဦးအုန်းသန်း-ဒေါ်သန်းသန်းဦး (မိသားစု)
(၁၁ လမ်း၊ မန္တလေး)



Spring Breakers ဇာတ်ကားကို ၁၈ နှစ်အောက်လူငယ်တွေ မကြည့်သင့်ဘူးဆိုတဲ့ ဆီလီနာဂိုမက်ဇ်

အမေရိကန်အဆိုတော်တစ်ဖြစ်လဲ သရုပ်ဆောင် ဆီလီနာဂိုမက်ဇ်က သူမပါဝင်သရုပ်ဆောင်ထားသော Spring Breakers အမည်ရှိ မှုခင်းဒရာမာဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရခြင်းကို မိမိအနေဖြင့် ဂုဏ်ယူသော်လည်း ယင်းဇာတ်ကားကို လူငယ်ပရိသတ်များအား အတုခိုး မမှားစေရန်အတွက် မကြည့်ရှုစေလိုကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။

အဆိုပါဇာတ်ကားတွင် ဆယ်ကျော်သက်အရွယ် ကျောင်းသူ သူငယ်ချင်းလေးယောက်သည် ကျောင်းပိတ်ရက်တွင် ပင်လယ်ကမ်းခြေသို့ အပန်းဖြေခရီးထွက်ရန်အတွက် စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်ရောက်အလုပ်လုပ်ကာ ငွေစုဆောင်းခဲ့ကြသည်။ ထို့နောက် ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်းမှ လူတစ်ဦးနှင့် ခင်မင်ရင်းနှီးမိကာ ထိုလူက အဆိုပါ မိန်းကလေး လေးယောက်ကိုပါ ဒုစရိုက်အမှောင်လောကထဲသို့ ဆွဲခေါ်သွားခဲ့သည်။ ယင်းမိန်းကလေးများသည် အဆိုပါ ဒုစရိုက်လောကထဲမှ မည်သို့မည်ပုံ ပြန်လည်ရုန်းထွက်မည်ကို ဒါရိုက်တာ ဟာမိုနီကိုရင်းက စိတ်ဝင်စားဖွယ် ပုံဖော်ရိုက်ကူးထားသည်။

၂၀၁၂ ခုနှစ် စက်တင်ဘာလအတွင်းက ပြုလုပ်ခဲ့သည့် အဆိုပါ ဇာတ်ကား၏ ပရီမီးယားရှိုးပွဲကျင်းပခဲ့ပြီး လူငယ်ပရိသတ်အပေါ် ပြောကြားလိုသည်များနှင့်စပ်လျဉ်းပြီး တော်ရွန်တိုနိုင်ငံတကာရုပ်ရှင်ပွဲတော်၌ မီဒီယာများက သရုပ်ဆောင် ဆီလီနာဂိုမက်ဇ်အား မေးမြန်းရာတွင် "ကျွန်မက ကျွန်မရဲ့ဝက်ဘ်ဆိုက်မှာ ရေးခဲ့ဖူးပါတယ်။ ဒီဇာတ်ကား ကို ပရိသတ်တွေ ကြည့်သင့်ပါတယ်။ ဒါဟာ သင်ခန်းစာယူစရာ တကယ့်အဖြစ်အပျက် တစ်ခုမို့လိုပါ။ ဒါပေမယ့် အသက် (၁၈)နှစ်အောက် လူငယ်တွေ မကြည့်ပါနဲ့"ဟု ဆီလီနာဂိုမက်ဇ်က ဖြေကြားခဲ့ကြောင်း သိရသည်။

အေအမ်စီရုပ်သံလိုင်း၏ The Killing ဇာတ်လမ်းတွဲသစ် ဇွန်လ၌ စတင်ပြသမည်

အေအမ်စီရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသလျက်ရှိသည့် The Killing တီဗွီဇာတ်လမ်းတွဲ၏ Season-3 ကို ဇွန် ၂ ရက်မှစတင်ကာ နှစ်နာရီကြာ အဆိုပါရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်လမ်းတွဲသစ်တွင် ယခင်ဇာတ်လမ်းတွဲများတွင် ပါဝင်ထားခဲ့ကြသည့် သရုပ်ဆောင်များအပြင် သရုပ်ဆောင်သစ်များအဖြစ် Peter Sarsgaard၊ Elias Koteas နှင့် Amy Seimetz တို့ကိုပါ ထပ်မံအင်အားဖြည့်ထားကြောင်း သိရသည်။

"ကျွန်တော်တို့က The Killing ရဲ့ ပထမနဲ့ ဒုတိယဇာတ်လမ်းတွဲတွေက ဗဟုသုတတွေအများကြီးရထားပါတယ်။ အခုဇာတ်လမ်းတွဲသစ်မှာ ပိုပြီးစိတ်ဝင်စား စရာကောင်းအောင်လည်း ဖန်တီးထားပါတယ်" ဟု အေအမ်စီရုပ်သံလိုင်းမှ ဥက္ကဋ္ဌဖြစ်သူ ချာလီကော်လီယာက ပြောကြားသည်။

ကျွန်တော်တို့ဟာ ဒီဇာတ်လမ်းတွဲသစ်အတွက် အရမ်းစိတ်လှုပ်ရှားနေကြပါတယ်။ အခုဇာတ်လမ်းတွဲသစ်ကိုလည်း ပရိသတ်တွေ ကြိုက်နှစ်သက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

ဟယ်ရီပေါ်တာဇာတ်ကားမှ သရုပ်ဆောင် ရစ်ချက်ဂရစ်ဖစ် ကွယ်လွန်

လူကြိုက်များသော ဇာတ်ကားတစ်ကားဖြစ်သည့် ဟယ်ရီပေါ်တာဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ တိုနီ ဆုရှင် အသက်(၆၅)နှစ်အရွယ်ရှိ ဗြိတိန်သရုပ်ဆောင် ရစ်ချက်ဂရစ်ဖစ်သည် နှလုံးခွဲစိတ်ကုသမှုအပြီး ကွယ်လွန်သွားကြောင်း သိရသည်။

ရစ်ချက်သည် ဟယ်ရီပေါ်တာဇာတ်ကားတွင် ဟယ်ရီပေါ်တာမင်းသား၏ ဦးလေးအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး Equus အမည်ရှိ ပြဇာတ်တစ်ခုတွင်လည်း ဟယ်ရီပေါ်တာမင်းသား ဒန်နီယယ် ရက်ကလစ်ဖ်နှင့်အတူ ပါဝင်သရုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်သည်။

ထို့ပြင် ရစ်ချက်၏ အခြားသောအနုပညာလှုပ်ရှားမှုများအနေဖြင့် Hugo ဇာတ်ကား၊ Guarding Tess ဇာတ်ကား၊ Ghandi ဇာတ်ကား၊ Withnail and I ဇာတ်ကားနှင့် တီဗွီဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် Pie in the Sky တို့တွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့သော ဝါရင့်အနုပညာရှင်ကြီးတစ်ဦးဖြစ်သည်။

"ရစ်ချက်ဟာ ကျွန်တော့်ဘဝရဲ့ အရေးကြီးတဲ့ အောင်မြင်မှုတွေထဲက နှစ်ခုမှာ အဓိကပါဝင် ကူညီပေးထားတဲ့သူတစ်ဦး ဖြစ်ပါတယ်။ သူနဲ့အနုပညာလုပ်ငန်းတွေ လက်တွဲလုပ်ခွင့်ရတဲ့အတွက် ကျွန်တော်ဂုဏ်ယူပါတယ်" ဟု ဟယ်ရီပေါ်တာဇာတ်ကားမှ သရုပ်ဆောင် ဒန်နီယယ် ရက်ကလစ်ဖ်က ပြောကြားခဲ့သည်။

ရစ်ချက်သည် ဘရော့ဒ်ဝေးတွင် ပြသခဲ့သည့် The History Boys ပြဇာတ်တွင် အကောင်းဆုံးသရုပ်ဆောင်ခဲ့မှုကြောင့် တိုနီဆုကို ဆွတ်ခူးရရှိခဲ့ပြီး ယင်းပြဇာတ်ကို ရုပ်ရှင်အဖြစ်ပြောင်းလဲရိုက်ကူးရာတွင်လည်း သရုပ်ဆောင်အဖြစ် ပါဝင်ခဲ့ပြန်သည်။

၎င်းပြင် ယမန်နှစ်က ထွက်ရှိခဲ့ပြီး ရစ်ချက်ပါဝင်သရုပ်ဆောင်ထားသော ဒါရိုက်တာ နေးလ်ဆိုင်မွန်၏ The Sunshine Boys ဟာသဇာတ်ကားသည်လည်း ပရိသတ်၏ အထူးအားပေးနှစ်သက်မှုကိုရရှိခဲ့ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် စုစည်းသည်

ဟောလိဝုဒ်နာမည်ကျော်ဇာတ်ကားများကို ထိုးနှက်နေသည့် Finding Mr. Right ဇာတ်ကား

စိတ်ကူးယဉ်အချစ်တရုတ် အချစ်ဟာသဇာတ်ကား Finding Mr. Right ကို တရုတ်နိုင်ငံအတွင်း ခြောက်ရက်ကြာ ရုံတင်ပြီးနောက်

တရုတ်ယွမ် သန်း ၁၀၀ ဝင်ငွေရရှိခဲ့သည်။ ယင်းဇာတ်ကားသည် ဟောလိဝုဒ်နာမည်ကြီး ဇာတ်ကားများဖြစ်ကြသော Resident Evil: Retribution 3D နှင့် A Good day to Die Hard တို့ကဲ့သို့သော ရုံလုံး ဇာတ်ကားများပင် ထိုးနှက်လွှမ်းမိုးရန် ကြိုးစားနေသည်။

မင်းသမီး တောင်ဝေက ချမ်းသာကြွယ်ဝသော ချစ်သူ၏ ထောက်ပံ့မှုဖြင့် ဘေဂျင်း၌ ဇိမ်ကျနေသော မိန်းမပျို Jaijai အဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။ သူမ၌ ကိုယ်ဝန်ရှိသွားရာ မိမိ၏ကလေးအား အမေရိကန်နိုင်ငံသားအဖြစ်ခံယူရေးအတွက် အမေရိကန်နိုင်ငံသို့ ထွက်ခွာခဲ့သည်။ ကလေး မွေးဖွားမည့်ရက်ကို စောင့်စားနေစဉ် ကာလအတွင်း သူမ၏ချစ်သူနှင့် အဆက်အသွယ်ပြတ်ကာ ဒုက္ခရောက်နေစဉ် ဒေါက်တာဖရက်နှင့် တွေ့ဆုံပြီး ၎င်းက သူမအား ကူညီခဲ့သည်။ ဤသို့ဖြင့် ချစ်သူနှင့် ဒေါက်တာဖရက်တို့ကြား သူမ၏ ရင်တွင်းခံစားချက်နှင့် မည်သို့ဇာတ်သိမ်းမည်ကို ပိတ်ကားပေါ်တွင် ဆက်လက်ကြည့်ရှုရမည်သာဖြစ်သည်။

အထူးပြုလုပ်ချက်များဖြင့် ဖန်တီးထားသည့် ဟောလိဝုဒ် ဇာတ်ကားများနှင့်မတူဘဲ ယင်းတရုတ်အချစ်ဟာသ ဇာတ်ကားသည် ဇာတ်အိမ်ခိုင်မာပြီး ငွေကြေးကို ကိုးကွယ်သူ၊ မိမိ၏မွေးရပ်မြေထက် တိုင်းတစ်ပါးကို အထင်ကြီးတတ်သူအား အမြင်သစ်တစ်ခုပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ပျောက်ဆုံးကြောင်း

ကျွန်မ နှင်းအိအိမော်[၁၂/တတန(နိုင်) ၁၉၁၃၆၇]ကိုင်ဆောင်သူသည် ခရီးသွားရင်း Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၃၁၀၃၇၈၆

သီယာဂိုအယ်လ်ကန်တာရာကို ပေါင်၁၅သန်းဖြင့် ခေါ်ယူရန် မန်ယူစိတ်ဝင်စားနေ

လက်ရှိပရီမီယာလိဂ် အမှတ်ပေးဇယား၏ ထိပ်ဆုံးတွင် ဦးဆောင်နေသော မန်ယူအသင်းသည် ဘာစီလိုနာကွင်းလယ်ကစားသမား သီယာဂိုအယ်လ်ကန်တာရာကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

မန်ယူအသင်း၏ သီယာဂိုအယ်လ်ကန်တာရာကို စိတ်ဝင်စားနေသည်ဆိုသော သတင်းမှာလည်း သီယာဂိုအယ်လ်ကန်တာရာ၏ ဖခင်က ၎င်း၏သားသည် လက်ရှိဘာစီလိုနာအသင်းမှ ထွက်ခွာရန် အသင့်ရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

မန်ယူအသင်းသည် အဆိုပါ စပိန်ကြယ်ပွင့်အား လွန်ခဲ့သည့် သုံးနှစ်တာကာလကတည်းက ခေါ်ယူရန် ဆန္ဒပြင်းပြခဲ့ပြီး လတ်တလောအခြေအနေတွင်လည်း ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းပေး၍ ခေါ်ယူမည်ဟု ဆိုသည်။

အသက် (၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား သီယာဂိုအယ်လ်ကန်တာရာသည် ပထမအသင်းတွင် ၎င်း၏ ကစားသမားဘဝကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်မည်ဟု ဆုံးဖြတ်ခဲ့သော်လည်း လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းမှ ထွက်ခွာရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော့်ရဲ့သားဟာ ကမ္ဘာမှာရှိတဲ့ အခြားအသင်းဘယ်အသင်းမှာမဆို ကစားနိုင်ပါတယ်။ အခြား ကမ္ဘာ့အဆင့်ရှိ ဝါရင့်ပြီး အတွေ့အကြုံရှိတဲ့ ကစားသမားတွေဆီက ဘောလုံးကစားနည်းပညာတွေ သင်ယူနေဆဲ ဖြစ်ပေမယ့်လည်း ရည်မှန်းချက်ကြီးလို့ အခြားအသင်းကို ပြောင်းဖို့ဆန္ဒဖြစ်ပေါ်နေတာပါ" ဟု ကွင်းလယ်ကစားသမား သီယာဂိုအယ်လ်ကန်တာရာ၏ ဖခင်ဖြစ်သူ မာဇင်ဟိုက ပြောကြားခဲ့သည်။



မော်ရင်ဟို ချယ်လ်ဆီးသို့ ပြန်လာရန် လမ်းပတ်မျှော်လင့်

ချယ်လ်ဆီးအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်သည် စတမ်းဖို့ဒ်ဘရစ်ချ်၌ ချယ်လ်ဆီးအသင်းကို အကောင်းမွန်ဆုံးတာဝန်ယူ ကိုင်တွယ်ခဲ့သည့် လက်ရှိရီးယဲလ်မက်ဒရစ်အသင်းနည်းပြ မော်ရင်ဟိုအား ချယ်လ်ဆီးအသင်းသို့ ပြန်လာရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ချယ်လ်ဆီးအသင်းပိုင်ရှင် အီဘရာမိုဗစ်ချ်ကလည်း ၂၀၀၅ နှင့် ၂၀၀၆ ခုနှစ်များတွင် ချယ်လ်ဆီးအသင်းအတွက် အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် ပေါ်တူဂီနိုင်ငံသားနည်းပြကြီး စပါယ်ရှယ်ဝမ်း မော်ရင်ဟိုကို လန်ဒန်မြေသို့ တစ်ကျော့ပြန်လာလိုကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်။

ချယ်လ်ဆီးပရိသတ်များကလည်း နည်းပြရောဘတ်တိုဒီမတ်တီယို ကိုင်တွယ်စဉ်က ရရှိခဲ့သော ချန်ပီယံလိဂ်ချန်ပီယံဘွဲ့ကို ဆက်မထိန်းနိုင်ခဲ့သည့် လက်ရှိချယ်လ်ဆီး ယာယီနည်းပြကို အလိုမရှိကြောင်းနှင့် မော်ရင်ဟိုကို ချယ်လ်ဆီးသို့ပြန်ခေါ်ရန်တောင်းဆိုခဲ့သည်။

မော်ရင်ဟိုသည် လက်ရှိရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာကာ မိမိချစ်မြတ်နိုးသည့် အင်္ဂလန်ဘောလုံးလောကနှင့် လန်ဒန်အခြေစိုက် ချယ်လ်ဆီးအသင်းကို ပြန်လာမည်ဟု ပြောကြားခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းအဆုံးသတ်ကာ အမေရိကန်ကလပ် အယ်လ်အေဂလက်ဆီသို့ ပြောင်းရွှေ့မည်ဆိုသော သတင်းများထွက်ပေါ်နေသည့် ကွင်းလယ်ကစားသမား လမ်းပတ်က မော်ရင်ဟိုချယ်လ်ဆီးသို့ ပြန်လာပါက မိမိသည်လည်း စတမ်းဖို့ဒ်ဘရစ်ချ်၌သာ ဆက်နေသွားမည်ဟု ဆိုခဲ့သည်။

အက်သလက်တီကို တိုက်စစ်မှူး ဖယ်ကာအို ချယ်လ်ဆီးအသင်းသို့ ရောက်ရန် နီးစပ်လာ

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းနှင့် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းတို့က ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ဖြင့် ခေါ်ယူရန်စိတ်ဝင်စားနေသော အက်သလက်တီကိုမက်ဒရစ်အသင်းမှ ကိုလံဘီယာ တိုက်စစ်မှူးဖယ်ကာအိုသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းသို့ ရောက်ရှိရန် နီးစပ်နေပြီဖြစ်ကြောင်းသိရသည်။

ချယ်လ်ဆီးအသင်းနှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့အကြား တိုက်စစ်မှူး ဖယ်ကာအို၏ အပြောင်းအရွှေ့ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် နွေရာသီအပြောင်းအရွှေ့ကာလတွင် အပြီးသတ်စာချုပ်ချုပ်ဆိုရန် နှစ်သင်းစလုံးက ယုံကြည်ထားကြသည်။

ချယ်လ်ဆီးအသင်းသည် ဖယ်ကာအိုအား ခေါ်ယူရန် လွန်ခဲ့သည့် တစ်နှစ်ကြာကတည်းက ပစ်မှတ်ထားနေပြီး တိုက်စစ်မှူးဖယ်ကာအို ပါဝင်ကစားခဲ့သည့်ပွဲစဉ်တိုင်းတွင် ချယ်လ်ဆီးအသင်း စောင့်ကြည့်မှုများပြုလုပ်ခဲ့ကြောင်း Starsport က ထုတ်ဖော်ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့်အပြောင်းအရွှေ့နှစ်ကြိမ်က မခေါ်ယူနိုင်ခဲ့သည့် တိုက်စစ်မှူး ဖယ်ကာအိုကို ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် မန်စီးတီး၊ ရီးယဲလ်မက်ဒရစ် စသည့်အသင်းများနှင့်အပြိုင် အပြီးသတ်ခေါ်ယူတော့မည်ဖြစ်ကြောင်းလည်း ဆိုသည်။

အသက် (၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးဖယ်ကာအိုကမူ ကာလကြာရှည်စာချုပ်နိုင်ရန်အတွက် ချယ်လ်ဆီးအသင်းက ပေးရန်စဉ်းစားထားသည့် ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ထက်မနည်းရရှိရန် မျှော်လင့်ထားကြောင်းလည်း သိရသည်။ အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် တိုက်စစ်မှူးဖယ်ကာအိုကို ချယ်လ်ဆီးသို့ ရောင်းချရန် ပြင်ဆင်ခဲ့သည့်အပြင် ချယ်လ်ဆီးအသင်းမှ တိုက်စစ်မှူး ဖာနန်ဒိုတောရက်ကိုလည်း အက်သလက်တီကိုမက်ဒရစ်သို့ ပြန်ခေါ်ရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။

နိုင်လင်းကြည်

Sony Open တင်းနစ်ပြိုင်ပွဲ အန်ဒီမာရေးနှင့် ဒေးဗစ်ဖာရာ ဗိုလ်လုမည်

အမေရိကန်၌ ကျင်းပလျက်ရှိသော ATP Sony Ericsson Open တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မတ် ၃၀ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဗြိတိန်တင်းနစ်အကျော်အမော်အန်ဒီမာရေးနှင့် စပိန်တင်းနစ်အကျော်အမော်ဒေးဗစ်ဖာရာတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြပြီး Sony Open တင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ပြီဖြစ်သည်။

၂၀၀၉ ခုနှစ်မှ စတင်ကာ ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့အဆင့်(၂)နေရာသို့ ပြန်လည်ရောက်ရှိလာခဲ့သည့် အန်ဒီမာရေးသည် ဆီမီးဖိုင်နယ်အဆင့်တွင် ပြိုင်ဘက်တင်းနစ်ကစားသမား ဂတ်စ်ကွက်ကို ၆-၇(၃-၇)၊ ၆-၁၊ ၆-၂ ဖြင့် အနိုင်ရရှိခဲ့ပြီး မီယာမီ၌ Sony Open တင်းနစ်ချန်ပီယံအဖြစ် ရပ်တည်နိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

Sony Open တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်တစ်ခုဖြစ်သည့် စပိန်တင်းနစ်အကျော်အမော် ဒေးဗစ်ဖာရာနှင့် ဟားယက်စ်တို့၏ ပွဲစဉ်တွင် ဒေးဗစ်ဖာရာက ဟားယက်စ်အား ၄-၆၊ ၆-၂၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ပြီး အန်ဒီမာရေးနှင့် ဒေးဗစ်ဖာရာတို့၏ နောက်ဆုံးဗိုလ်လုပွဲကို မတ် ၃၁ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

392704, 09 50 66657
150000
120000

ရေခဲမုန့်၊ Snack၊ ဗျော်ရည်၊ သစ်သီးယိုမှုန့်ဖုတ်သင်တန်း
EAC
0973071901, 095385522
02-31505
09 43174 5522, 01-215072

ဆရာမိုး
အမောလုံ နှလုံးအားဆေး
0114 Y 010736

အာရှနဂါး
ချောင်းသာ / ငွေဆောင်
နံနက် / ည
Ph : 703790,09-861-9008
707062,09-861-7770

Air-con Express
09-861 4228, 09-730 87788
09-430 51977, 01-222 575

ရွှေမန္တလာ
ရန်ကုန် ↔ လားရှိုး
၂-၄-၂၀၁၃ (အင်္ဂါနေ့) မှစ၍
Scania Bus
ယာဉ်ထွက်ချိန် ရန်ကုန် --- ညနေ ၄ း ၀၀ နာရီ
လားရှိုး --- ညနေ ၃ း ၀၀ နာရီ

ဇော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
ရန်ကုန်အရောင်းခန်းမ
Ph:01-545531,01-8603141, 09-5008161
နေပြည်တော်အရောင်းခန်းမ
Ph : 067-25422, 09-49-210 551, 09-5104455
မန္တလေးအရောင်းခန်းမ
Ph:02-73191, 09-5140655, 09-402571300

အိမ်ရောင်းမည်

ပေ(၂၀ × ၆၀)၊ (၂)ထပ် အုတ်ညှပ်၊ အရှုပ်အရှင်းကင်း၊ အိမ်သန့်၊ အသင့်နေနိုင် အိပ်ခန်း(၄)ခန်းပါ၊ နှစ်(၆၀) ဂရန် ရေမီးအစုံ၊ (ညီနှိုင်းဈေး)
ဖုန်း-၀၁-၅၆၁၈၇၇၊ ၀၉-၈၆၁၉၆၉၅၊
(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ပျောက်ဆုံးကြောင်း

ကျွန်မ မချောစုလှိုင် မှတ်ပုံတင်အမှတ် [၁၂/ဗတထ(နိုင်)၀၀၀၄၄၃]ကိုင်ဆောင်သူ၏ ပတ်စ်ပို့အမှတ်မမှတ်မိသည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၆၂၁၂၈

မီး သတိပြု

ပျောက်ဆုံး

ကျွန်တော်မောင်ထွယ်ရှောင်(အဖ) ဦးဇိန်ခန်လှဒွဲကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် (No-မမှတ်မိ)မှာခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၄၀၁၂၀၃

ပွင့်လင်းနှင့် အတွေ့တွေ့

စာတည်းမှူးထံရောက်လာသော ပေးစာများ

အမြို့မြို့ အနယ်နယ်မှ စာတည်းမှူးထံပေးပို့လာသော ပေးစာများကို ဖော်ပြရလျှင်-

အများသုံးရေကန်အနီးမှ စည်းကမ်းမဲ့နေအိမ်ဖယ်ရှားစေချင်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (၁၁) ရပ်ကွက် ဗိုလ်မိုး (၂) လမ်းရှိ အများသုံးရေကန်အနီးတွင် ဆောက်လုပ်နေထိုင်သော အိမ်တစ်အိမ်မှ အိမ်သာကို အမြင်မတော်အောင် မလုံမလဲ ဆောက်လုပ်ထားသည့်အပြင် အမှိုက်သရိုက်များကိုလည်း အိမ်အောက်နှင့် ပတ်ဝန်းကျင်သို့ စွန့်ပစ်ထားရာ အိမ်သာအနံ့ဆိုးများနှင့် အမှိုက်များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာက ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြလာသောစာ။

လမ်းမြေအား ကျူးကျော်ခြံခတ်ထားမှု ရှင်းလင်းပေးပါ

ပဲခူးမြို့ ဥသျှောင်ကျမြို့သစ် ရပ်ကွက်ကြီး (၇/၃) ဗိုလ်ချုပ်အောင်ဆန်းလမ်း (ရွှေပါရမီမေတ္တာဆေးခန်း)နှင့် မျက်နှာချင်းဆိုင်အိမ်မှ ဝင်းခြံအား အုတ်ရိုးခတ်ထားသော်လည်း လမ်းမြေပေါ်တွင် ထပ်မံ၍ ခြံစည်းရိုးကာရံထားပါသဖြင့် လမ်းသွားလမ်းလာများ၊ မော်တော်ယာဉ်များ သွားလာရာတွင် အခက်အခဲနှင့် ကြုံတွေ့ရပါသဖြင့် သက်ဆိုင်ရာက စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

ပုံကျဈေးသည်များကြောင့် အခွန်ထမ်းဆိုင်ခန်းရှင်များနစ်နာနေ

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြို့မဈေးတွင် ပုံကျဈေးသည်များအား သီးသန့်နေရာသတ်မှတ်မထားဘဲ အလျဉ်းသင့်သလို နေရာချထားရောင်းချစေခြင်းကြောင့် ဆိုင်ခန်းဖြင့် အတည်တကျရောင်းချနေသူများအတွက် နစ်နာမှုရှိသည့်အပြင် ဈေးလမ်းများအား ပိတ်၍ရောင်းချခြင်း၊ ဆိုင်ခန်းမျက်နှာစာများအား ပိတ်ဆို့ရောင်းချခြင်းတို့ကြောင့် တရားဝင်အခွန်ထမ်းဆိုင်ခန်းရှင်များအတွက် နစ်နာစေပါသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စည်းကမ်းတကျ ရောင်းဝယ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

ကတ္တရာလမ်းပေါ်မှ ကျူးကျော်ဆိုင်များ ဖယ်ရှားပေးပါ

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ် (၃) ရပ်ကွက် (၈) လမ်း၏ လမ်းထိပ်နှစ်ဖက်တွင် ဈေးဆိုင်များ ဖွင့်လှစ်ထားခြင်း၊ ရွက်ဖျင်တဲများ၊ ပစ္စည်းများ၊ ခုံများအခိုင်အမာချ၍ မော်တော်ယာဉ်ရပ်နားရန် သတ်မှတ်ထားသော ကတ္တရာလမ်းပေါ်အထိ အခိုင်အမာ နေရာယူထားခြင်းကြောင့် ယာဉ်အသွားအလာခက်ခဲခြင်း၊ လမ်းများပိတ်ဆို့ခြင်းတို့ ဖြစ်ပေါ်နေပါသဖြင့် ထိရောက်စွာ အရေးယူရှင်းလင်း ဖယ်ရှားပေးပါရန် ပေးပို့လာသောစာ။

ညှော်နံ့မခံနိုင်၊ မီးဘေးစိုးရိမ်ရ

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပအရှေ့ရပ်ကွက် မလိခ (၆) လမ်းရှိ အိမ်တစ်အိမ်မှ နေ့ညမပျက် စာလေးခွေ၊ ငါးမုန့်ကြော်သည့် ညှော်နံ့များမှာ ပတ်ဝန်းကျင်သို့ပျံ့နှံ့လျက်ရှိပြီး ကျန်းမာရေးထိခိုက်သည့်အပြင် ယင်းအကြော်ဖိုမှ မီးကွင်းမီးကျန်များကြောင့် မီးဘေးအန္တရာယ်ပါ စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

မြောင်းမြ၌ ဆိုင်ကယ်စီးသူတစ်ဦး အရှိန်မထိန်းနိုင်ဘဲ အုတ်နံရံဝင်တိုက်၍သေဆုံး

မြောင်းမြ မတ် ၃၀

မြောင်းမြမြို့ နောင်ရိုးခန်းမအနီး၌ မတ် ၂၈ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် ဆိုင်ကယ်တစ်စီး မြောင်းထဲ လဲကျနေကြောင်း သတင်းအရ မြောင်းမြမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်လှထွန်း၊ မြောင်းမြရဲစခန်းမှ တာဝန်မှူး၊ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ ကန်ဘိုအမျိုးအစား (အစိမ်းရောင်) ၁၆ယ/. . . အား မောင်းနှင်သူ မြောင်းမြမြို့ မြရတနာရပ်ကွက်နေ သောင်းအေး (၃၈)နှစ်သည် (၁၁) လမ်းအတိုင်း မြဂုဏ်ရည်လမ်းမသို့ မောင်းနှင်လာစဉ် နောင်ရိုးခန်းမအလွန်ကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ အုတ်နံရံအား ဝင်တိုက်မိသဖြင့် နဖူးယာဘက် လေးလက်မခန့် ပေါက်ပြဲဒဏ်ရာတစ်ချက်၊ ဝဲဘက်ချိုစောင်း လေးလက်မခန့်ပေါက်ပြဲဒဏ်ရာ တစ်ချက်၊ ဝဲဘက်ဒူးခေါင်း တစ်လက်မခန့် ပေါက်ပြဲဒဏ်ရာတို့ ရရှိခဲ့သဖြင့် မြောင်းမြပြည်သူ့ဆေးရုံသို့ ပို့စဉ် ရရှိထားသောဒဏ်ရာများကြောင့် ဆေးရုံတွင်ပင် သေဆုံးသွားကြောင်း သိရသည်။ **ဇော်မင်းသွင် (မြောင်းမြ)**

ခမည်းခမက်ချင်း ဓားထိုးမှုဖြစ်ပွား

သုံးခွ မတ် ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပုဂံတောင်ကျေးရွာအုပ်စု အရှေ့ရေချိုစုကျေးရွာတွင် မတ် ၂၇ ရက် ည ၈ နာရီတွင် အရှေ့ပိုင်းချောင်းဘေးပယ်လမ်းတွင် ဒေါ်ငွေ (၅၅) နှစ် ဝဲလက်မောင်းအောက်နံကြားထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဝဲလက်ပြင် ပြတ်ရှဒဏ်ရာတစ်ချက် ရရှိကာ သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ သုံးခွမြို့နယ် ပုဂံတောင်ကျေးရွာအုပ်စု အရှေ့ရေချိုစုကျေးရွာနေ ဒေါ်ငွေနှင့်သားဖြစ်သူ ဇော်လွမ်းဝေတို့ သားအမိနှစ်ဦး စကားများ ရန်ဖြစ်နေကြစဉ် ဇော်လွမ်းဝေ၏ ယောက္ခမဖြစ်သူ ဦးမျိုးညွန့်(ခ) မျိုးတင့် (၄၇) နှစ်အခင်းဖြစ်ပွားရာ နေရာသို့ ရောက်ရှိလာပြီး အသင့်ပါလာသော ဓားဖြင့်ထိုးရာ ဒေါ်ငွေ သေဆုံးပြီး ဒေါ်ငွေ၏ သမီးများဖြစ်သော မစုစုလှိုင် (၂၅) နှစ်နှင့် မစိမ်းမို့မို့ (၁၄)နှစ်တို့မှာ (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိသဖြင့် သုံးခွရဲစခန်းက ပ/၁၁၅/၂၀၁၃ ပုဒ်မ ၃၀၂/၃၂၆ဖြင့် အမှုဖွင့်ပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

မသင်္ကာသူအား ဖမ်းဆီးစစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုပေါ်

ပခုက္ကူ မတ် ၃၀

ပခုက္ကူရဲစခန်းမှ ဒုရဲအုပ်ခင်မောင်ထွေးသည် မသင်္ကာသူဟု ထင်ရသူအား ဖမ်းဆီးစစ်ဆေးရာမှ ဆိုင်ကယ်နှစ်စီးခိုးယူကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒုရဲအုပ်ခင်မောင်ထွေးသည် ပခုက္ကူရဲစခန်းမှ (ပ) ၄၄၉/၂၀၁၂၊ ပြစ်မှုပုဒ်မ ၃၈၀ ဆိုင်ကယ်အမှုဖြင့် မသင်္ကာသူ ထင်လင်းထက်(ခ) အငယ်လေးအား မတ် ၁၃ ရက်မှ ၂၅ ရက်အထိ စစ်ဆေးရာ ပခုက္ကူမြို့ အမှတ် (၄)ရပ်ကွက် နှစ်ထပ်သံဃာစာဖြေဆောင်အတွင်းနှင့် မြို့ပတ်လမ်း အိမ်တစ်အိမ်မှ ဆိုင်ကယ်နှစ်စီး ခိုးယူပြီး ပေါက်မြို့ အောင်ချမ်းသာရပ်ကွက်နေ မောင်ထွန်းထံ ရောင်းချရန် အပ်နှံထားရှိကြောင်း ထွက်ဆိုသဖြင့် ထင်လင်းထက်(ခ) အငယ်လေးနှင့်အတူ ပေါက်မြို့သို့ မတ် ၂၀ ရက်က သွားရောက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ သက်သေများနှင့် သွားရောက်သိမ်းဆည်းရာ မောင်ထွန်းမှ နံပါတ်မပါ KENBO -125 ရုပ်ဆိုးအနီအနက်ကျား ဆိုင်ကယ်အား အောင်ချမ်းသာရပ်နေ ဦးကြီးညိုထံ ငွေကျပ် ၂၈၅၀၀၀ ဖြင့်လည်းကောင်း၊ နံပါတ်မပါ CZ၊ ANBO-125 အနက်အဖြူကျား ဆိုင်ကယ်အား အောင်တံခွန်ရပ်နေ ကိုမျိုးဇော်အောင်ထံ ငွေကျပ် ၃၀၀၀၀၀ ဖြင့်လည်းကောင်း ရောင်းချခဲ့ကြောင်း သိရသဖြင့် သက်သေများနှင့်အတူ သွားရောက်သိမ်းဆည်းခဲ့ပြီး ၎င်းဆိုင်ကယ်များနှင့်ပက်သက်၍ ထင်လင်းထက်(ခ) အငယ်လေးမှ ပိုင်ဆိုင်သည့်အကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြဆိုနိုင်ခြင်း မရှိသဖြင့် ခိုးယူလာသော ဆိုင်ကယ်များဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ထင်လင်းထက်(ခ) အငယ်လေး (၁၉)နှစ် သီရိမာလာလမ်း အမှတ်(၃) ရပ်ကွက် ပခုက္ကူမြို့နေသူအား ပခုက္ကူရဲတပ်ဖွဲ့စခန်းမှ (ပ) ၈၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀/၇၄ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၃၀)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့)

၅း၄၀	"ဝေဖန်ပြုပါ ကံလေးဖြာ" တရားတော် [ဆရာတော်ဘဒ္ဒန္တသုနန္ဒ (ဓမ္မရံသီ)]
၁၁း၀၀	Myanmar Cooking Master (Third Season) (Round - 2) (Part - 10)
၄း၂၅	Kid's Show
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း- ၂၁)
၇း၁၀	Style ရှိမှ Star ဖြစ်မယ်
၇း၅၀	MRTV-4 မြန်မာ့ရိုးရာသကြန်
၈း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း- ၆၅)

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၀၀	Aston Villa- Liverpool	(Fox Sports)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၄း၃၀	Real Valladolid - Osasuna	(Fox Sports)
၉း၃၀	Mallorca- Deportivo	(Star Sports)
နံနက်ပိုင်း	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၁း၃၀	Atletico Madrid - Valencia	(Star Sports)

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

VIP Seat Scania (2+1)
ချောင်းသာ (နေ့စဉ်)
09-73143249, 09-73252241

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 430480, 544383

09421152677, 09421122687
125000/- (Hotel Package)
Apr 12

ကျိုက်ထီးရိုး (နေ့စဉ်) ချောင်းသာ (နေ့စဉ်)
0973198239, 0943033237, 0973163538

GOLDEN STAR Travels & Tours
Apr-12
Apr-12
Apr-12
Apr-12
Apr-12,13,17
ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480, 703448, 09-5081580

09 421061860, 421099405, 421129597
85000/-
85000/-
130000/-
90000/-
85000/-
Apr 5/12/13/18

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

ခူးခူး
အရိပ် . . ပြီးတော့ . . . သူ

နိုင်ငံတကာ သတင်းဂျာနယ်
INTERNATIONAL NEWS JOURNAL
ထွက်ပြီ

Hotel, Restaurant, Aircon Express
APR 13
APR 12
APR 12
653575 Ext: 211
09 421014940

Journal
Oasis

အထက်မြန်မာပြည်သတင်း

အနုပညာလက်ရာများဖြင့် ခံ့ညားနေသော အမြင့်မြို့ရှိဘုံပျံကျောင်းကြီး

သက္ကရာဇ် ၁၂၂၀ ပြည့်နှစ်က ဆောက်လုပ်၍ ပထမဆရာတော် ဦးတိက္ခအား ကျောင်းတင်လှူဒါန်းခဲ့သည့်မင်္ဂလာဘုံပျံကျောင်းသည် အမြင့်မြို့အဝင် ညာဘက်တွင် ခံ့ညားထည်ဝါစွာ ယခုတိုင်တည်ရှိနေသေးရာ ပြည်တွင်းပြည်ပဘုရားဖူးများ၊ လေ့လာလိုသူများအနေဖြင့် လာရောက်လေ့ရှိကြကြောင်း သိရသည်။

ထိုသို့လာရောက်သူများထဲမှ ရှေးဟောင်းပစ္စည်းများပေ၊ ပုရပိုက်များလေ့လာမှတ်သားလိုသူများအနေဖြင့် တစ်ချိန်က အမြင့်မြို့နှင့်ပတ်သက်၍ လေ့လာလိုလျှင် ဘုံပျံကျောင်းသို့သွားကာ ဆရာတော် ဦးနန္ဒိယနှင့် တွေ့လိုက်ရလျှင် ပြီးပြည့်စုံသွားသည်ဟုဆိုရလောက်အောင် ရှေးဟောင်းပစ္စည်းများ၊ ပေစာ၊ပုရပိုက်များ အမြောက်အမြားရှိခဲ့ကြောင်း သိရသည်။ ယခုအခါ ပရုတ်လုံးပမာ လုံးပါးပါးကာ ဘာမှမရှိတော့၊ မကျန်တော့သည်ကို နှမြောဖွယ်ရာတွေ့မြင်ရမည်ဖြစ်သည်။ သို့သော် မင်္ဂလာဘုံပျံကျောင်းရှိ ရှေးဟောင်းပစ္စည်းများထဲမှ အများသူငါလေ့လာနိုင်ရန်အတွက် စစ်ကိုင်းမြို့ ဗုဒ္ဓပြတိုက်သို့ ရှေးဟောင်းပစ္စည်း ၁၉ မျိုးအပြင် ၁၉၉၆ ခုနှစ် အောက်တိုဘာ ၁၂ ရက်ကလည်း ရှေးဟောင်းသုတေသနမှတစ်ဆင့် ပုဂံပြတိုက်သို့ ပစ္စည်းခုနစ်မျိုးလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းပစ္စည်းများ လှူဒါန်းမှုနှင့်ပတ်သက်၍ အမြင့်ဒေသခံတစ်ဦးကပြောပြရာတွင် ရှေးဟောင်းပစ္စည်းများကို အမြင့်မြို့လေးတွင် မထင်မရှားရှိနေမည့်အစား၊ အများပြည်သူများလေ့လာနိုင်အောင် စစ်ကိုင်းမြို့ဗုဒ္ဓပြတိုက်နှင့် ပုဂံပြတိုက်နေရာများတွင် ပြသထားသည်မှာ အလွန်ကောင်းမွန်လှကြောင်း၊ သို့သော် အထက်ပါပြတိုက်ရှိ ပစ္စည်းများအတွက် ဂုဏ်ယူဝမ်းမြောက်စရာရှိသော်လည်း ကိုယ်ကျိုးအတွက်၊ တစ်ဦးတစ်ယောက်အတွက် အသုံးပြုရန်ယူသွားကြသည်များလည်း အမြောက်အမြားရှိခဲ့ကြောင်း၊ မြန်မာ့အနုပညာလက်ရာများ၊ ယဉ်ကျေးမှု အမွေအနှစ်များ ပျောက်ပျက်သွားခြင်းဖြစ်ရာ ပြည်သူလူထုအတွက်၊ နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးနစ်နာမှုကြီးတစ်ခုပင်ဖြစ်ကြောင်း၊ ယခုကျောင်းတွင် မင်းလက်ဝါးနှင့်ဇနီးတို့ လှူဒါန်းထားသည့် ပိဋကတ်စာထုပ်ကြီးနှစ်ခွေရှိကြောင်း၊ အလိုရှိပါက ကျောင်းမှာတွင်သာ ကူးယူနိုင်ကြောင်း၊ ခဲမှန်ဖူးသော စာသူငယ်နှယ် ခေတ္တငှားရမ်းပြီး ပြန်မပေးသည်များကို မကြာခဏကြုံရခံရဖူးနေ၍ဖြစ်ကြောင်း၊ အဆိုပါပေစာထုပ်ကြီးခွေကို ဆရာတော်အနေဖြင့် လုံခြုံစွာသိမ်းဆည်းထားပြီး ပေစာထုပ်ကြီးခွေသည် အလျား ၁၇ ပေခန့်၊ ဖြက်တစ်လက်မခန့်ရှိ ပေစာထုပ်ကိုချည်ထားသောကြိုးအပြားပင်ဖြစ်ကြောင်း၊ ကြိုး၏အရောင်မှာ မှေးမှိန်ခြင်းမရှိသေးဘဲ သူ့နေရာနှင့်သူ အချိုးကျရက်လုပ်ထည့်သွင်းထားသော အရုပ်ကလေးများ၊ ပန်းစာလုံးများမှာလည်း သေသပ်လှပစွာ ရှုချင်စဖွယ်ပင်ဖြစ်ကြောင်း ပြောပြသည်။

အဆိုပါ ရှေးဟောင်းပစ္စည်းများစွာ ယခင်ကရှိခဲ့ဖူးသည့် အမြင့်မြို့ မင်္ဂလာဘုံပျံကျောင်းကြီးကို ကျွန်းတိုင်အလုံးပေါင်း ၁၃၆ တိုင်ဖြင့် တည်ဆောက်ထားရာ ယနေ့တိုင် ပကတိအတိုင်း ရှိသေးသည်။ ကျွန်းတိုင်ကြီးများ၏ လုံးပတ်မှာ လူကြီးလက်တစ်ဖက်စာခန့်ရှိပြီး ကျွန်းတိုင်များကို အတိုကောက်အားဖြင့်"ဘုံပျံတိုင်ပေါင်းဥစ္စာ ဟောင်း"ဟု မှတ်သားခဲ့ကြသည်။ ကျောင်းဝင်းအတွင်းတွင် ဟောင်းနွမ်းပျက်စီးစပြုနေသော ဇရပ်များ၊ ကျောက်ထီးနှစ်လက်စုံစိုက်ထူထားသော ကျောက်ခုံများ၊ ရဟန်းများ ကံကြီးကံငယ်ဆောင်ရာ သိမ်တိုက်စသည်တို့ကို တွေ့ရှိရမည်ဖြစ်ပြီး ကျောင်းကြီးပေါ်သို့တက်သည့် အုတ်လှေကားကြီးနှစ်စင်းမှာ ခံ့ညားလွန်းလှသည်ကို တွေ့ရသည်။**(အပေါ်ယာပုံ)** လှေခါးကြီးများမှာ အကောင်းပကတိ မဟုတ်တော့သည့်တိုင် အနုပညာလက်ရာများမှာ ပေါ်လွင်ထင်ရှားနေဆဲပင်ဖြစ်ကာ ကျောင်းကြီး၏မူလအစမှာ သစ်သား အုတ်ကြွပ်များ မိုးထားသည်ဟု သိရှိရသော်လည်း ယခုအခါ သွပ်ဖြင့်အစားထိုးမိုးထားပြီး မိုးထားသောသွပ်များမှာ အတော်ဟောင်းနွမ်းနေပြီဖြစ်သည်။ ထို့အတူ ကျောင်းပေါ်တွင် ယခင်ကကြီးကျယ်ခမ်းနားခဲ့သော ကျောင်းကြီး၏ကြမ်းခင်းများမှာ အပေါက်အပြဲများဖြစ်နေပြီး မင်္ဂလာဘုံပျံကျောင်းကြီး၏ ကျွန်းသားတိုင်များမှလွဲ၍ အားလုံးမှာ ပျက်စီးနေပြီဖြစ်ရာ တတ်နိုင်သူများပေါင်းစု၍ ကျောင်းတိုက်ကြီးကို ရှေးလက်ရာ မပျက်ယွင်းစေဘဲ ပြန်လည်ပြုပြင်သင့်ကြောင်း ဒေသခံတို့နှင့် ရှေးဟောင်းအမွေအနှစ်မြတ်နိုးသူများက လိုလားနေကြကြောင်း သိရသည်။ ။ **မျိုးဝင်းထွန်း(မုံရွာ)**

အရှေ့တောင်အာရှနှင့် မြန်မာနိုင်ငံ၏အကြီးဆုံး ရှေးဟောင်းကမ္ပည်းကျောက်စာတိုင်ကြီးများအား စစ်ကိုင်းမြို့တွင် လေ့လာနိုင်

စစ်ကိုင်း မတ် ၃၀

မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှတွင် အကြီးဆုံးသော ရှေးဟောင်းကမ္ပည်းကျောက်စာတိုင်ကြီးဟု သတ်မှတ်ထားကြသည့် ရှေးဟောင်းကမ္ပည်းကျောက်စာတိုင်ကြီးကို စစ်ကိုင်းမြို့ရှိ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ထူပါရုံကျောက်စာရုံတွင် လေ့လာနိုင်ကြောင်း သိရသည်။ စစ်ကိုင်းမြို့ ထူပါရုံကျောက်စာရုံ (၁)အတွင်း စိုက်ထူထိန်းသိမ်းထားသည့် သက္ကရာဇ်-၇၃၅၊ ၇၃၉၊ ၇၅၀ ခုနှစ်ပါ မင်းကြီးစွာစော်ကဲနှင့် မိဖုရားခေါင် ရှင်စောကြီးကောင်းမှု ရတနာစေတီကျောင်းကမ္ပည်းကျောက်စာတိုင်၊ ကျောက်စာတိုင်အမှတ်(၁၀)သည် အရှေ့တောင်အာရှနှင့် မြန်မာနိုင်ငံတွင်အကြီးမားဆုံးသော ရှေးဟောင်းကမ္ပည်းကျောက်စာတိုင်ကြီးဟု သိရသည်။ အဆိုပါ ကျောက်စာတိုင်ကြီး၏ အရွယ်အစားမှာ အမြင့် ၁၁ ပေ ၉ လက်မ၊ အနံ လေးပေ ခြောက်လက်မနှင့် ဒုကိုးလက်မရှိကြောင်း၊ ကျောက်စာတွင် ဘုရားတည်၊ ကျောင်းဆောက်၍ ဝတ္တကမြေလှူခြင်းများကို ရေထိုးထားကြောင်း သိရသည်။ မင်းကြီးစွာစော်ကဲ ကျောက်စာတိုင်၏အနီးတွင် တည်ရှိသည့် ကျောက်စာတိုင်အမှတ်(၉)မှာလည်း ဒုတိယအကြီးမားဆုံး ကမ္ပည်းကျောက်စာတိုင်ဟု သိရသည်။ ကျောက်စာတိုင်အမှတ်(၉)မှာလည်း မင်းကြီးစွာစော်ကဲနှင့် မိဖုရားစောဥမ္မာတို့ကောင်းမှု၊ သက္ကရာဇ်- ၇၄၃၊ ၇၄၈၊ ၇၅၃ ပါ စောဥမ္မာကျောင်းကျောက်စာကြီးဖြစ်သည်။ စောဥမ္မာကျောင်းကျောက်စာတိုင်ကြီးသည် အမြင့် ၁၀ ပေ ခြောက်လက်မ၊ အကျယ် ငါးပေနှင့် ဒုရှစ်လက်မရှိကြောင်း သိရသည်။ အဆိုပါကျောက်စာတိုင်ကြီးများကို သဲကျောက်ဖြင့် ရေးထွင်းစိုက်ထူထားခြင်းဖြစ်ပြီး မျက်နှာနှစ်ဖက်စလုံးပေါ်တွင် ကမ္ပည်းမော်ကွန်းစာများ ရေးထိုးထားသည်။



မိဖုရားစောဥမ္မာကျောင်းကျောက်စာ၏ ကျောဘက်မျက်နှာ (၉-ခ)တွင် ထိုခေတ်အခါက အလွန်ထင်ရှားကျော်ကြားတော်မူသည့် ပိတူးကြီးသင်္ဃာရာဇာကလည်း မိမိ၏အလှူဒါနပြုပုံ အကြောင်းအရာများကို ရေးထိုးမှတ်တမ်းတင်ထားကြောင်း သိရသည်။ မြန်မာ့သမိုင်း သုတေသနကို စိတ်ဝင်စားသူများအနေဖြင့် စစ်ကိုင်းမြို့ ထူပါရုံကျောက်စာရုံအတွင်း၌ ထိန်းသိမ်းစောင့်ရှောက်ထားသည့် မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှတွင် အကြီးဆုံးသော ကမ္ပည်းကျောက်စာတိုင်ကြီးအဖြစ် သတ်မှတ်ထားသည့်ကျောက်စာတိုင်ကြီးများအား လေ့လာနိုင်ပါကြောင်း တင်ပြလိုက်ပါသည်။ **(နန္ဒာမင်းလွင်)**

ရွှေပညာအခမဲ့ သင်တန်းဖွင့်

မန္တလေး မတ် ၃၀

ရွှေပညာအခမဲ့ သင်တန်းအား (၁၃) ကြိမ်မြောက်အဖြစ် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အောင်သမာဓိရွှေပညာအခမဲ့သင်တန်းခန်းမတွင် မတ် ၂၅ ရက် နံနက် ၈နာရီခွဲတွင် စတင်ဖွင့်လှစ်သင်ကြားသည်။

အဆိုပါ အခမဲ့ရွှေပညာ သင်တန်းသို့မြန်မာနိုင်ငံအနှံ့အပြားမှ သင်တန်းသူ သင်တန်းသား ၃၂၄ ဦးတက်ရောက်ပညာသင်ယူကြပြီး ရွှေအကြောင်းသိကောင်းစရာ၊ ရွှေဈေးကွက်၊ စိန်နှင့်ရွှေဆိုင်၊ ရွှေလုပ်ငန်းရောင်းဝယ်တွက်ချက်နည်း၊ရွှေလုပ်ငန်းဆိုင်ရာ ဥပဒေများ၊ စိန်အကြောင်းသိကောင်းစရာ၊ စိန်ရတီဖွဲ့နည်းနှင့်အတွက်အချက်များ၊ ရွှေတူးဖော်ခြင်း၊ ကုမ္ပဏီထောင်ခြင်းနှင့် ဘဝနေနည်းနှင့် ဘဝအတွေ့အကြုံများ၊ လုပ်ငန်းလုပ်ဆောင်ရာတွင် ကြီးပွားချမ်းသာစေသောနည်း အစရှိသည့် ဘဝအတွက် သိမှတ်ဖွယ်ရာများကိုပါ သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းအမှတ်စဉ် (၁၃) သို့ မြန်မာနိုင်ငံအနှံ့အပြားမှ သင်တန်းသား သင်တန်းသူ ၃၂၄ ဦးတက်ရောက်ပညာသင်ယူလျက်ရှိသည်။ သင်တန်းကို နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၅ နာရီခွဲထိ သင်ကြားပေးပြီးစာတွေ့လက်တွေ့ သင်ကြားပေးခြင်းအပြင် ရွှေတွင်းများသို့ ကွင်းဆင်းလေ့လာခြင်းများကို စီစဉ်ပေးထားသည်။ အောင်သမာဓိစိန်ရွှေရတနာဆိုင်မှ အခမဲ့ရွှေပညာသင်တန်းအား ၂၀၀၉ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၅၆၂၂ ဦး တက်ရောက် ပညာသင်ယူပြီး ဖြစ်သည်။ **(၀၀၂)**

မိတ္ထီလာတွင် မီးအာမခံထားမှု စိတ်ဝင်စားသူများပြားလာ

မိတ္ထီလာ မတ် ၃၀

မိတ္ထီလာတွင် မတ်လနှောင်းပိုင်းမှ စတင်ပြီး မီးအာမခံထားမှုကို စိတ်ဝင်စားသူများပြားလာကြောင်း မြို့နယ် အာမခံလုပ်ငန်းမှ သိရသည်။

"မိတ္ထီလာမှာ အရင်ကမီးအာမခံထားတဲ့သူ တော်တော်နည်းပါတယ်။ စောစောပိုင်းကဖြစ်ပွားခဲ့တဲ့ လူစုလူဝေးများကြောင့် မီးလောင်ပျက်စီးမှုတွေ ကြုံတွေ့ရပြီးနောက်ပိုင်း မီးအာမခံထားဖို့ လာရောက်စုံစမ်းတဲ့သူတွေ များလာတယ်။ မီးအာမခံထားတဲ့နေရာမှာ ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းနဲ့ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းဆိုပြီး နှစ်ပိုင်း ခွဲခြားထားတယ်။ အိမ်ထောင်ပရိဘောဂ ပစ္စည်းတွေကတော့ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းတွေပေါ့။ အိမ်၊ တိုက်တာ အဆောက်အအုံတွေကတော့ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းပေါ့။ အိမ်တစ်လုံးကို နံကပ်သွပ်မိုးပဲဖြစ်ဖြစ်၊ နံကပ်သွပ်မိုး အာရ်စီပဲဖြစ်ဖြစ် မီးအာမခံထားတဲ့ ကာလတန်ဖိုးနဲ့ အင်ဂျင်နီယာတန်ဖိုးတွက်ချက်ပြီး အာမခံကြေး သိန်းတစ်ရာ၊ သိန်းနှစ်ရာစသည်ဖြင့်ထားတဲ့ အာမခံကြေးပေါ်မူတည်ပြီး လစဉ်၊ နှစ်စဉ် ပရီမီယံကြေး ပေးသွင်းရပါတယ်။ အာမခံကြေးထားပြီး ပရီမီယံကြေး ပေးသွင်းရတဲ့တန်ဖိုးက မီးအာမခံထားတဲ့ပတ်ဝန်းကျင်က တိုက်အိမ်အဆောက်အအုံအမျိုးအစားပေါ်မှာလည်း မူတည်ပါတယ်။ မီးလောင်လွယ်တဲ့ ပတ်ဝန်းကျင်အနေအထားမှာရှိရင် ပရီမီယံကြေးက သာမန်ထက် အနည်းငယ်များတာပေါ့"ဟု မြို့နယ်အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မီးအာမခံထားသည့် တိုက်အိမ်အဆောက်အအုံတစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးပါက အာမခံလုပ်ငန်းမှ ပေးလျော်မည်ဖြစ်ပြီး ပေးလျော်ရာတွင် မီးလောင်ပျက်စီးဆုံးရှုံးမှု ပမာဏပေါ်မူတည်သည်။ မီးလောင်ပျက်စီးသည်မှာ အိမ်အဆောက်အအုံ တစ်ဝက်လောက်သာဖြစ်လျှင် ၎င်းပျက်စီးသွားသည့် တစ်ဝက်တန်ဖိုးကို ပေးလျော်ခြင်းဖြစ်ကာ မီးလောင်မှုတွင် အိမ်အဆောက်အအုံလုံးဝပျက်စီးသွားပါက အဆိုပါ အိမ်အဆောက်အအုံတန်ဖိုး အပြည့်အဝကို ပေးလျော်ခြင်းဖြစ်ကြောင်း သိရသည်။ **(၅၇၉)**

စစ်ကိုင်းနယ်ထွက် သခော်သီးများ နွေဦးရာသီတွင် ဈေးကောင်းရ

စစ်ကိုင်း မတ် ၃၀

စစ်ကိုင်းမြို့ဝန်းကျင် ကျေးရွာ၊ ရပ်ကွက်ဥယျာဉ်ခြံများမှ စိုက်ပျိုးထွက်ရှိသည့် သခော်သီးများသည် နွေဦးရာသီတွင် ဈေးကောင်းရရှိကာ အရောင်းသွက်လျက်ရှိနေကြောင်း သိရသည်။ စစ်ကိုင်းမြို့အနောက်ပိုင်း ရပ်ကွက်၊ ကျေးရွာများဖြစ်သည့် ညောင်ကုန်း၊ ကန္တားတော်၊ ငါးထပ်ကြီး၊ သပြေပင်၊ တာတိုင်၊ အုတ်စက်၊ အိုးဖို၊ ချင်းစု၊ ဘော်ဂါ၊ လင်းဇင်း၊ ဒါးဝယ်ဈေးစသည့် ကျေးရွာ၊ ရပ်ကွက်များတွင် ဥယျာဉ်ခြံကျယ်များတည်ရှိရာ ရွှေပန်းငွေပန်း၊ သပြေ၊ ကံ့ကော်၊ သရက်ပင်၊ စောင်းလျားပင်၊ ဆူးပုပ်ကြီး၊ သခော်ပင်၊ ကြက်ဟင်းခါးစသည့် ရာသီပင်၊ နှစ်ရှည်သီးနှံပင်များကို စိုက်ပျိုးကြသည်။ ယခုအခါ အဆိုပါရပ်ကွက်၊ ကျေးရွာများတွင်ရှိသည့် ဥယျာဉ်ခြံစိုက်ခင်းများမှ သခော်သီးများ လှိုင်လှိုင်ထွက်ရှိလျက်ရှိရာ စစ်ကိုင်းမြို့မှ စည်ပင်သာယာဈေးကြီးနှင့် မိုးဇာကုန်စိမ်းဈေးတန်းသို့ နေ့စဉ်ဝင်ရောက်လျက်ရှိနေသည်။ သခော်သီးမှည့်များကို ကျန်းမာရေးအရ ဝယ်ယူစားသုံးကြသူများအပြင် အအေးဆိုင်များကလည်း သခော်သီးမှည့်ဖျော်ရည် ပြုလုပ်ရောင်းချရန် ဝယ်ယူမှုများရှိနေသဖြင့် အရောင်းသွက်သကဲ့သို့ ဈေးကောင်းလည်းရရှိနေသည်။ သခော်သီးမှည့်တစ်လုံးလျှင် အရွယ်အစား အကြီးအသေးကိုလိုက်၍ ကျပ်သုံးရာမှ ကျပ်တစ်ထောင်အထိ ရောင်းချနေကြရကြောင်း၊ စစ်ကိုင်းဒေသထွက် သခော်သီးများကို မန္တလေးသီးနှံဈေးကွက်သို့လည်း တင်ပို့ရောင်းချနေရကြောင်း သိရသည်။ ယခုအခါ စစ်ကိုင်းမြို့ရှိ ဥယျာဉ်ခြံမြေများတွင် တရုတ်ထိုင်ဝမ် သခော်မျိုးများကိုသာ အများဆုံး စိုက်ပျိုးကြပြီး တရုတ်ထိုင်ဝမ်သခော်သီးများသည် အလုံးအရွယ်ကြီးမားလှပပြီး အစေ့နည်း၍ အသားထူကာ အထားအသိုခံသည်ဟု သိရသည်။

(နန္ဒာမင်းလွင်)

ညောင်ရွှေမြို့၌ နည်းပညာပြပွဲနှင့် ဟောပြောပွဲကျင်းပ

ညောင်ရွှေ မတ် ၃၀

ညောင်ရွှေမြို့၌ ဒေသမျိုးစေ့၊ ဒေသဆီလျော်နည်းပညာပြပွဲနှင့် ဟောပြောပွဲကို ဗုဒ္ဓဘာသာလူငယ်အင်းလေးဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ကလျာဏမိတ္တဖောင်ဒေးရှင်းက စီစဉ်ကျင်းပခဲ့ကြောင်း သိရသည်။

အင်းလေးဒေသရှိ ဒေသခံလူထုများအနေဖြင့် ဒေသမျိုးရင်းများ၊ မျိုးစေ့များကို စိတ်ဝင်စားတန်ဖိုးထားတတ်စေရန်နှင့် ဒေသဆီလျော်သော နည်းပညာများကို သိရှိစေရန်အတွက် ရည်ရွယ်လျက် ယခုကဲ့သို့ စီစဉ်ကျင်းပရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြပွဲတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြခန်း၊ အင်းလေးဒေသဆိုင်ရာပြခန်း၊ မျိုးစေ့ဆိုင်ရာပြခန်းများ၊ ဒေသအတွက်ဆီလျော်နည်းပညာပြခန်းများ ပါဝင်ပြသထားသည်။ ထို့အပြင် စပါး၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ ဆေးဖက်ဝင်မျိုးများပါဝင်သည့် ဒေသမျိုးစေ့ပေါင်း ၇၄ မျိုးကိုလည်း ပြသခဲ့သည်။ အင်းလေးဒေသမှ အင်းသီး၊ ရေရှည်တည်တံ့သောစိုက်ပျိုးရေး၊ သဘာဝမြေဩဇာပြုလုပ်နည်းများ၊ တာဝန်ယူသောစီးပွားရေးစနစ်များ စသည့် ခေါင်းစဉ်များဖြင့် ဟောပြောရှင်းလင်းကြပြီး တက်ရောက်လာကြသူများနှင့် အင်းလေးဒေသအနာဂတ်အတွက် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

(၆၇၃)

စာဖတ်စွမ်းရည်နှင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

သထုံ မတ် ၃၀

ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလတွင် စာဖတ်ခြင်းအလေ့အထစွဲမြဲပြီး အသိပညာဗဟုသုတများ တိုးတက်မြင့်မားလာစေရန်၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးနှင့် စာပေ၏တန်ဖိုးကို ပိုမိုသိရှိလာနိုင်စေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးအထောက်အကူပြု စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဟောပြောပွဲများကို မတ် ၂၇ ရက်တွင် မွန်ပြည်နယ် သထုံမြို့ ကျိုက်ကော်ကျေးရွာ အထကကျောင်း၌ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အထက ကျိုက်ကော်မှ ဆရာ ဆရာမများပူးပေါင်း၍ ကျင်းပသည်။ အဆိုပါပြိုင်ပွဲများကို မူလတန်းအဆင့် ၂၅ ဦး၊ အလယ်တန်းအဆင့် ၂၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကြီးကြပ်ရေးအဖွဲ့များက ဆုများကို စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

ဆုချီးမြှင့်ပွဲနှင့် ဟောပြောပွဲအခမ်းအနားကို အထက ကျိုက်ကော် ရွှေရတုခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးလှဝင်းက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးစောချစ်သန်းက "စာဖတ်ခြင်း၏ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး တာဝန်ရှိသူတို့က ပြိုင်ပွဲအဆင့်အလိုက် ဆုရရှိသူတို့အား ဆုများပေးအပ်ချီးမြှင့်ကြပြီး ရွှေရတုခန်းမအတွင်း ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

သက်ဦး(သထုံ)

ရမည်းသင်းမြို့ ကျီးနီကန်အတွင်း နွေသီးနှံများစိုက်ပျိုး

ရမည်းသင်း မတ် ၃၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၏တောင်ဘက်ရှိ ကျီးနီကန်အတွင်း ရေဝပ်ခဲ့သောနေရာများတွင် စပါး၊ နေကြာ၊ ကုလားပဲ၊ ကြက်သွန်နီနှင့် ခရမ်းချဉ်များကို နွေသီးနှံအဖြစ်စိုက်ပျိုးထားရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ ကန်အတွင်း အရှေ့အနောက်တောင်ဘက်တို့တွင် အများဆုံးစိုက်ပျိုးကြသည်ကို တွေ့ရသည်။ ရွှေကူရပ်ကွက်၊ ရွှေပြည်သာရပ်ကွက်၊ ကန်ဆွယ်ရွာ၊ အောင်သာရွာ၊ ညောင်ပင်ကိုင်းရွာတို့မှ တောင်သူ ၇၀ နီးပါး ကျီးနီကန်အတွင်း အမှီပြု၍နွေသီးနှံများ စိုက်ပျိုးကြခြင်းဖြစ်သည်။

ရေဝပ်ပြီး ရေစုပ်၍ အစိုဓာတ်ရှိသောနေရာများတွင် အဓိကထား စိုက်ပျိုးခြင်းဖြစ်ပြီး လိုအပ်သောရေကို ကန်အတွင်းမှ စက်ဖြင့် သယ်ယူစိုက်ပျိုးကြသည်။ စပါးမှာ စိုက်သက်နှစ်လကျော်ရှိပြီဖြစ်ပြီး မကြာမီရိတ်သိမ်းကြရမည်ဖြစ်သည်။

ကုလားပဲများမှာ ရိတ်သိမ်းပြီးဖြစ်ကာ အစိုဓာတ်ရရှိသောကြောင့် ပဲထွက်နှုန်းကောင်းသည်ဟု သိရသည်။ ကြက်သွန်နှင့် နေကြာတို့မှာလည်း နောက်လများတွင် တူးဖော်ရိတ်သိမ်းကြမည်ဖြစ်သည်။

ယခုနှစ်တွင် မိုးခေါင်၍ကျီးနီကန်အတွင်း ရေဝင်ရောက်မှုနည်းပါးသောကြောင့်သာ ယခုကဲ့သို့ ကန်အတွင်း နွေသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ခြင်းဖြစ်ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

(၆၅၄)

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်ပိုင် မြေဧရိယာ(၁၃.၀၃၄)ဧကပေါ်တွင် ဆက်သွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်သော ရုံးများ၊ ပြခန်းများ၊ အစည်းအဝေးခန်းမကြီးများ၊ ဟိုတယ်များနှင့်ကွန်ဒိုများ တည်ဆောက်ရန်ရှိပြီး ထိုအဆောက်အအုံများအတွက် လိုအပ်သောလမ်းများ၊ ကား Parkingများ၊ ရေမီး၊ မိလ္လာစနစ်များ၊ အပန်းဖြေနေရာများ၊ Green Space များ ပါဝင်သော နိုင်ငံတကာအဆင့်မီ ICT Complex တည်ဆောက်ရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် ၁-၅-၂၀၁၃ ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထားပြီး ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက် (ရန်ကုန်ရုံးခွဲ)၊ လှိုင်တက္ကသိုလ်ဝင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ အိတ်ဖွင့်တင်ဒါ လာရောက်တင်သွင်းနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက် (၀၉-၅၁၀၀၀၇၀၊ ၀၁-၆၅၃၃၀၂၊ ၀၁-၆၅၂၂၃၃ (လိုင်းခွဲ) ၁၁၃၈သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅က/၅၅၁၈၊ ၅က/၅၅၀၇၊ Nissan VDRA 51R၊ Bus (4x2) RxD ယာဉ်လက်ဝယ်ရှိသူအမည် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး (ဝန်ထမ်းသက်သာ)မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ညောင်တုန်းမြို့၊ ၂လမ်းနေ ဦးအောင်နိုင်-ဒေါ်ဖြူဖြူခင်တို့၏ သားဖြစ်သူ မောင်ပြည့်ဖြိုးအောင်[၁၄/ညတန(နိုင်)၁၂၅၁၁၉] မိဘဖြစ်သူအား ရိုင်းပျစွာဆက်ဆံခြင်း ၎င်းသဘောအတိုင်း လုပ်ဆောင်သွားပါသဖြင့် ၂၅-၃-၂၀၁၃ရက်တွင် အမွေပြတ်စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သော ငွေရေးကြေးရေးကိစ္စ၊ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးအောင်နိုင်[၁၄/ညတန(နိုင်)၀၀၄၉၂၉]
ဒေါ်ဖြူဖြူခင်[၁၄/ညတန(နိုင်)၀၀၄၉၃၄]

ပိုင်ရှင်ကိုယ်တိုင် တိုက်ခန်းရောင်းမည်

အလုံ၊ ငုဝါလမ်းကျယ်၊ ပေ(၁၅×၅၅)၊ အခန်းသစ်၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ဝန်းကျင်သန့်၊ အသင့်နေနိုင်၊ ပွဲစားမလို

ဖုန်း-၀၉-၅၄၀၉၁၀၈

အခန်းဆက်ဝတ္ထု

နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

"ဘာဖြစ်လို့ အိပ်မပျော်တာလဲ"

"မျက်လုံး ကြောင်နေလို့ပေါ့"

"မျက်လုံးကြောင်ရင် ဘာတွေတွေးလဲ"

"ဘာတွေတွေးလဲ၊ အို . . . အစုံပေါ့၊ ဟိုဟာတွေရော ဒီ ဟာတွေရော"

"အဲဒါတွေက ဘာတွေလဲ"

"ဘယ်မှတ်မိမလဲ၊ တမင်တွေးတာမှ မဟုတ်ဘဲ၊ သူ့ဘာသာသူ စိတ်ထဲရောက်လာတဲ့ ဥစ္စာ"

"ဘာတွေ စိတ်ထဲရောက်လာတာလဲ"

"အဲဒါလဲဘယ်မှတ်မိမလဲ၊ သူ့ဘာသာသူ ရောက်တုန်းက ရောက်လာတာတွေ"

"မနေ့ညကကော မျက်လုံးကြောင်သေးလား"

"ကြောင်တာပေါ့"

"အဲဒီတုန်းကကော စိတ်ထဲ ဘာတွေရောက်လာသလဲ"

"ဒီနေ့ ဆရာက မွန်မွန့်ကို စကုပေးမယ်ဆိုတာ သတိရတယ်"

"အဲဒီတော့"

"မွန်မွန် ဝမ်းသာတာပေါ့၊ ဆရာက ပြောခဲ့တယ်၊ ကုတာမဟုတ်ဘူး၊ ဉာဏ်အလင်းကို ရှာတာလို့၊ မွန်မွန်က လည်း ရှာချင်ပါတယ်လေ၊ ပြီးတော့ . . ."

မွန်မွန်က စကားမဆက်ဘဲ ရပ်ထား၏။

"ပြီးတော့ ဘာဖြစ်သလဲ"

"ပြီးတော့ မွန်မွန် ပျောက်ချင်ပါတယ်လေ၊ မွန်မွန် ဒုက္ခိတဘဝကို မွန်မွန်အတွက်တော့ မွန်မွန် . . . အဲ . . . မထူးပါဘူး၊ ဘဝက ဝဋ်ကြွေးမဟုတ်လား၊ ဒါပေမယ့် . . ."

မွန်မွန်သည် စကားရပ်သွားပြန်၏။

"ဒါပေမယ့် ဆက်လေ မွန်မွန်"

"ဒါပေမယ့် ဒက်ဒီနဲ့ မာမီကိုတော့ သနားတယ်"

"ဘာကို သနားတာလဲ"

"သနားတာလည်း မဟုတ်ပါဘူးလေ၊ ဟိုဒင်း မွန်မွန် ဘယ်လိုပြောရမလဲ"

မွန်မွန်သည် စဉ်းစားနေဟန် ရပ်နေ၏။ ဦးမြင့်နွယ် က ဘာမျှမတိုက်တွန်းဘဲ နားထောင်နေ၏။

မွန်မွန်က သက်ပြင်းလေးရှိုက်ပြီး ဆက်ပြော၏။

"မွန်မွန်ဟာ ဒက်ဒီနဲ့ မာမီအတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေတယ်မဟုတ်လား၊ မာမီနဲ့ ဒက်ဒီဟာ မွန်မွန့်ကို သိပ်လည်းချစ်တယ်၊ သိပ်လည်း အလိုလိုက်တယ်၊ မာမီနဲ့ ဒက်ဒီအတွက် မွန်မွန် စိတ်မကောင်းဘူး၊ အမှန်ကလေ မွန်မွန်သာ ဒီလိုဖြစ်မနေရင် မွန်မွန်တို့အိမ်ဟာ သိပ်ပျော်ဖို့ ကောင်းမယ်၊ အခုထက် ပျော်ဖို့ကောင်းမယ်၊ ဆရာရယ် မွန်မွန် တကယ်ပျောက်ချင်ပါတယ်"

မွန်မွန်က စကားဆုံးဟန် ရပ်သွား၏။ ဦးမြင့်နွယ် သည် ဆက်နားထောင်နေသေး၏။ မွန်မွန့်ထံမှ စကားသံ ထပ်ပေါ်မလာမှ ဆို၏။

"ဆက်ပြောလေ"

"မွန်မွန်ပြောတာ ပြီးပြီပဲ၊ ဘာဆက်ပြောရမှာလဲ"

"တခြား ပြောချင်တာပေါ့"

"တခြား ပြောချင်တာမှ မရှိဘဲ"

"စဉ်းစားပါဦးလေ"

"အဲဒီလိုဆို မွန်မွန် စဉ်းစားလိုက်ဦးမယ်"

အခန်းတွင်းမှာ တိတ်နေပြန်၏။ ဦးမြင့်နွယ်က နား ထောင်နေသည်။ အတန်ကြာသည်အထိ မွန်မွန့်ထံမှ စကားသံပေါ်မလာ။

"စဉ်းစားလို့ရပလား"

"ဟင့်အင်း"

"စိတ်ထဲ ဘာမှ ပေါ်မလာဘူးလား"

"ပေါ်တာတော့ ပေါ်တာပေါ့"

"ဘာပေါ်လဲ"

"ဆရာ"

"ဘာလဲ မွန်မွန်"

"ဆရာ့ကို ခေါ်တာမဟုတ်ဘူး၊ မွန်မွန့်စိတ်ထဲ ဆရာ ပေါ်လာတယ်လို့ ပြောတာ"

"သြော် . . . အင်း"

"ဆရာ မွန်မွန့်ကို စိတ်မပျက်ဘူးလား"

"ဟင့်အင်း"

"မွန်မွန် တစ်ခုတွေးမိသေးတယ်"

"အင်း"

"တစ်ခုမဟုတ်ပါဘူးလေ၊ နှစ်ခု သုံးခုတောင်"

"ဘာတွေလဲ"

"ဟို . . . ကက်ပ်ဖုံးလေးရယ်၊ ဗောဓိကုန်းနားက စိတ္တသုခ ဝပ်ရှော့ဆိုတာရယ်"

"အင်း"

"အဲဒီတုန်းက မွန်မွန့်ကားပျက်တာ ခပ်ကောင်းကောင်းပဲ၊ နို့မို့ဖြင့် ဆရာနဲ့ မွန်မွန် ခင်မိကြမှာမဟုတ်ဘူး"

"ဟုတ်တာပေါ့ မွန်မွန်"

"ဆရာ့ဆီ စလာတုန်းက မွန်မွန်လေ ကြောက်လိုက် တာ၊ မတွေ့ချင်တဲ့လူကို လာတွေ့မိတာဆိုရင် ဘယ့်နှယ် လုပ်မလဲ၊ ဒါပေမယ့် ဆရာက မွန်မွန့်ကို ကောင်းကောင်း လက်ခံတော့ မွန်မွန် ဝမ်းသာလိုက်တာလေ"

"ဆရာ ယုံပါတယ်"

"ပြီးတော့ ဆရာက ပြောတယ်၊ လောကကြီးဟာ ဒီလောက်မဆိုးပါဘူးတဲ့၊ အခုတော့ မွန်မွန်လည်း ထင်တယ်၊ လောကကြီးဟာ ထင်သလောက်မဆိုးပါဘူး၊ ဟုတ်တယ် နော် ဆရာ"

"ဒါပေါ့ မွန်မွန်"

"သြော် . . . ပြီးတော့ မာမီနဲ့ ဆရာက ငယ်ငယ်တုန်း က သူငယ်ချင်းနော်"

"ဟုတ်တယ် မွန်မွန်"

"မာမီက အခုထိ သိပ်လှတာပဲ။ တချို့က ပြောကြတယ်၊ မွန်မွန်က မာမီ့ကို မမီဘူးတဲ့၊ မွန်မွန်က စိတ်မဆိုးပါဘူး၊ ကိုယ့်အမေတော့ ကိုယ်မနာလို မဖြစ်ပါဘူး၊ မွန်မွန်လှတာ မာမီလှလို့ပေါ့ မဟုတ်ဘူးလား"

"မှန်တာပေါ့ မွန်မွန်"

"မွန်မွန် တွေးမိတယ်၊ ငယ်ငယ်တုန်းကဆို မာမီက ခုထက် လှမှာပေါ့နော် ဆရာ"

"လှတာပေါ့ မွန်မွန်၊ မွန်မွန်နဲ့လည်း သိပ်တူတယ်"

"ဆရာနဲ့ မာမီ အဲဒီတုန်းက သိပ်ခင်ကြသလား"

"မွန်မွန် ဆရာနဲ့ မာမီက ကိစ္စမရှိဘူး၊ မွန်မွန့် အကြောင်းကို ပြောပါ"

"နို့ . . . ဆရာကပဲ ပြောချင်တာပြောဆို၊ မွန်မွန့် စိတ်ထဲပေါ်တာ ပြောဆို"

"အောလ်ရိုက်ထ်၊ သိပ်မခင်ဘူး၊ ဆရာက ဆင်းရဲတယ်၊ မွန်မွန့်မာမီက အရေးပိုင်သမီး၊ ဘဝချင်းမတူဘူး၊ ကျောင်း ချင်းကလည်း တခြားစီ"

"အိမ်ချင်းကော မနီးဘူးလား"

"ရပ်ကွက်ချင်းက တခြားစီ"

"နို့ . . . ဆရာတို့ ဘယ်လိုလုပ် သူငယ်ချင်းဖြစ်သလဲ"

"သူငယ်ချင်းဆိုတာ ယဉ်ကျေးမှုနဲ့ စကားအဖြစ် ပြောကြတာ၊ အမှန်က သိဖူးကျွမ်းဖူးတယ်၊ ဒါလောက်ပါပဲ"

"အင်းလေ ဘယ်လိုလုပ် သိကြကျွမ်းကြတာလဲ"

"တစ်မြို့တည်းနေကြတော့ ဒီလိုပဲ သိကျွမ်းသွားတာ ပေါ့၊ ကောင်းပြီ ဆရာမေးမယ်၊ မွန်မွန့်မှာကော ယောကျ်ား လေး မိတ်ဆွေမရှိဘူးလား"

"မရှိဘူး၊ ခင်တဲ့မင်တဲ့ စကားလေးဘာလေးပြောတဲ့ လူလောက်တော့ ရှိတာပေါ့"

"အဲဒါ ယောကျ်ားလေးမိတ်ဆွေ မဟုတ်ဘူးလား"

"ယောကျ်ားလေးမိတ်ဆွေဆိုတာ ရည်းစားကို ပြောတာ မဟုတ်ဘူးလား"

"ကောင်းပြီ ဆရာ့ကို မှန်မှန်ဖြေနော်၊ လွတ်လွတ် လပ်လပ်ဆွေးနွေးခြင်းဟာ ဉာဏ်အလင်းအတွက် အရေး ကြီးတယ်ဆိုတာ ဆရာ ရှင်းပြခဲ့ပြီးပြီနော်"

"မွန်မွန် မှတ်မိပါတယ်"

"ကဲ . . . ဒါဖြင့် ဆရာ မေးမယ်၊ မွန်မွန့်မှာ ချစ်သူရှိ ဖူးလား"

"မရှိပါဘူး၊ မွန်မွန့်ကိုကော ဘယ်သူက ချစ်သူလုပ် မှာလဲ"

"မွန်မွန် ဘယ်ကျောင်းမှာ နေခဲ့လဲ"

"အင်းဂလစ်ရှ် မက်သော့ဒစ်တ်၊ အခု ဒဂုန်အထက ဘယ်လောက်ဆိုလဲ"

"မွန်မွန် ကျောင်းအိပ်ကျောင်းစား နေခဲ့တာလား"

"မဟုတ်ဘူး၊ အဲဒီတုန်းက မွန်မွန်တို့က ရန်ကုန်မှာ နေတယ်"

"မွန်မွန် ကျောင်းနေခဲ့တဲ့ဘဝကို ပြန်ပြောပါ"

"ကျောင်းနေခဲ့တဲ့ဘဝ"

"ဟုတ်တယ်"

"မွန်မွန် စဉ်းစားဦးမယ်"

"စဉ်းစားပါ"

မွန်မွန်သည် အတန်ကြာအောင်ငြိမ်နေပြီးမှ ပြော၏။

"မွန်မွန်တို့ ငယ်ငယ်တုန်းက အဲဒီကျောင်းကို လူတိုင်း နေချင်လို့ နေရတာမဟုတ်ဘူး၊ အဝင်ရ သိပ်ခက်တယ်လို့ ပြောတယ်၊ ဒါပေမယ့် မွန်မွန်တော့ မခက်ပါဘူး၊ မာမီက အဲဒီကျောင်းက ကျောင်းသူဟောင်းတဲ့"

ဦးမြင့်နွယ်သည် စင်သီယာနှင့် တွေ့သည့်အဖြစ်ကို အမှတ်ရသည်။ ယင်းကျောင်းသူဖြစ်ကြောင်း စင်သီယာ ပြောခဲ့၏။

"မွန်မွန်တို့ကျောင်းက သိပ်ပျော်ဖို့ကောင်းပါတယ်၊ မွန်မွန်က စာလည်းတော်တော့ ဆရာမတွေက သိပ်ချစ်တယ်၊ မွန်မွန့် သူငယ်ချင်းတွေကလည်း မွန်မွန့်ကို ချစ်ကြတာပဲ၊ ပြီးတော့ မွန်မွန့်မှာ ဘာမှလည်း လိုလေသေးမရှိဘူး၊ မော် တော်ကားနဲ့ ကျောင်းတက်တယ်၊ အဝတ်လှလှ ဝတ်ရတယ်၊ မုန့်ဖိုးလည်း အများကြီးရတယ်၊ ကွန်ဆတ်ရှိရင် မွန်မွန် ထိပ်က အမြဲကရတာပဲ၊ မွန်မွန် လူရည်ချွန်တောင် ခရိုင် အဆင့်အထိ တက်ဖူးတယ်"

"လူရည်ချွန်တော့ အရွေးမခံရဘူးပေါ့"

"ဟင့်အင်း"

"အရွေးမခံရလို့ မွန်မွန် စိတ်ထိခိုက်သလား"

"ဟင့်အင်း ခရိုင်အဆင့်အထိ ရောက်ဖူးတာလည်း ဂုဏ်ရှိတာပဲဟာ၊ ပြီးတော့ အရွေးခံရသူကလည်း မွန်မွန့် သူငယ်ချင်း၊ မွန်မွန့်ထက် သူက အားကစားမှာ ပိုတော် တယ်"

"သြော် . . . သြော် . ."

"နောက် . . . ဘာပြောရဦးမလဲ"

"မွန်မွန် ပြောချင်တာပြောပေါ့"

"ကျောင်းအကြောင်းက ပြောဖို့ကုန်ပြီ"

"ဒါဖြင့် အိမ်အကြောင်းပြော"

"အိမ်အကြောင်း၊ အဲဒါတော့ ဆရာ မွန်မွန်တို့အိမ် ရောက်ဖူးသားပဲဟာ"

"ကိစ္စမရှိဘူး ပြောပါ"

"မွန်မွန်တို့အိမ်က ပျော်ဖို့ကောင်းပါတယ်၊ ဆရာ့ကို မွန်မွန် ပြောဖူးတယ်မဟုတ်လား၊ မွန်မွန်တို့အိမ်က လွတ် လပ်တယ်လို့၊ မွန်မွန်လုပ်ချင်တာ မွန်မွန်လုပ်နိုင်တယ်၊ မွန်မွန်ကလည်း မဟုတ်တာမလုပ်ပါဘူး၊ မွန်မွန့်ကိုယ် မွန်မွန် ပျော်အောင်နေတာပဲလေ၊

(ဆက်လက်ဖော်ပြပါမည်)

"မွန်မွန်တို့ကျောင်းက သိပ်ပျော်ဖို့ကောင်းပါတယ်၊ မွန်မွန်က စာလည်းတော်တော့ ဆရာမတွေက သိပ်ချစ်တယ်၊ မွန်မွန့် သူငယ်ချင်းတွေကလည်း မွန်မွန့်ကို ချစ်ကြတာပဲ၊ ပြီးတော့ မွန်မွန့်မှာ ဘာမှလည်း လိုလေသေးမရှိဘူး၊ မော်တော်ကားနဲ့ ကျောင်းတက်တယ်၊ အဝတ်လှလှ ဝတ်ရတယ်၊ မုန့်ဖိုးလည်း အများကြီးရတယ်၊ ကွန်ဆတ်ရှိရင် မွန်မွန် ထိပ်က အမြဲကရတာပဲ၊ မွန်မွန် လူရည်ချွန်တောင် ခရိုင်အဆင့်အထိ တက်ဖူးတယ်"

အလုပ်အကိုင် အခွင့်အလမ်းနှင့် ရာထူးတိုး/ စီးပွားတိုး/ ဂုဏ်သိက္ခာတိုး လိုသူများအတွက်
ကမ္ဘာ့တက္ကသိုလ်ကြီးများမှဘွဲ့များကို ပြည်ပသို့ သွားရောက်သင်ယူစရာမလိုဘဲ SR Int'l College တွင် အချိန်တိုအတွင်းရယူနိုင်ပါပြီ။
တက္ကသိုလ်ဝင်တန်းဖြေဆိုပြီး အောင်စာရင်းစောင့်နေသူများအတွက် May လတွင် Diploma တန်းခွဲများကို ကြိုတင်တက်ရောက်နိုင်ပါပြီ။
- Diploma in Business (UK) ၁၂လ (ရုံးချိန်ကျောင်းချိန်ပြင်ပ)
- Higher Diploma in Int'l Business (UK) ၈လနှင့်လက်တွေ့လုပ်ငန်းခွင်ဆင်း (ရုံးချိန်ကျောင်းချိန်ပြင်ပ)
- BA(Hons:) Business Administration (UK/France) ၈-၁၂လ (စနေ၊တနင်္ဂနွေ)
- Postgraduate Diploma in Business Administration (Singapore) ၉လ (စနေနေ့ညနေပိုင်း)
- American MBA Master of Business Administration ၉လ (စနေနေ့ညနေပိုင်း)

SR INTERNATIONAL COLLEGE
STUDY CENTRE FOR HIGHER EDUCATION

Jan, April, May, July, Oct, Sept အတန်းများ မစွင့်မီ ကြိုတင်စာရင်းပေးသွင်းသူများအတွက် Special Discount အစီအစဉ်များရှိပါသည်။
အသေးစိတ် သိရှိလိုပါက အကြံပေးအရာရှိများနှင့် ဆက်သွယ်ရန်- Tel: 01 374747, 374748, 09 450063108, 09 450063109

ကြော်ငြာ

လှိုင်မဟာစည်သကြ်န်တရားစခန်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၁ ရပ်ကွက်၊ ယောဂီကျောင်းလမ်း၊ လှိုင်တက္ကသိုလ်အနီးရှိ လှိုင်မဟာစည်ဝိပဿနာကျောင်းတိုက်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာသတိပဋ္ဌာန် မိဂဒါဝုန်ဝိပဿနာသင်တန်း မဟာသကြ်န်တရားစခန်းကြီးကို ယခုနှစ်တွင်လည်း (၁၂/၄/၂၀၁၃ ရက်မှ ၂၈/၄/၂၀၁၃ ရက်အထိ)ဖွင့်လှစ်မည်ဖြစ်ပါသည်။ မဟာသတိပဋ္ဌာန် မိဂဒါဝုန်ဝိပဿနာ ရှုမှတ်အားထုတ်နည်းများကို အခြေခံမှစ၍ ဟောကြားသင်ပြပေးမည်ဖြစ်ပြီး မည်သူမဆို ဆွမ်း၊ ရေ၊ မီးစရိတ် အခမဲ့ဖြင့် တရားစခန်းဝင် အားထုတ်နိုင်ကြပါသည်။ အသေးစိတ်သိလိုသူများ တရားစခန်းဝင် ယောဂီများအတွက် ဆွမ်း၊ အဖျော်ရည် စသည်လှူဒါန်းလိုသူများသည် လှိုင် မဟာစည် ရုံးခန်းဖုန်း-၀၁-၅၂၆၁၈၂၊ ၅၂၁၁၀၇၊ ၅၁၉၇၅၀ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြပါသည်။ ကြိုတင်ယောဂီစာရင်းကိုလည်း လက်ခံနေပါပြီ။ အချိန်ပိုင်းယောဂီများ နံနက် ၇ နာရီအရောက် လာရောက်၍ ရှုမှတ်အားထုတ်နိုင်ကြပါသည်။

သင်တန်းဖြစ်မြောက်ရေးကော်မတီ

ချမ်းသာသုခ

သစ်မွှေးပိုးပင်၊ ပိုးစေ့၊ ဆေးထွင်းခြင်း၊ ပိုးပင် ၁ထပ်ခွဲ ၆၀၀/-၊ ၂၈၀ ၈၀၀/-၊ ၂၈၀ခွဲ ၁၀၀၀/-၊

One Stop Service for Agarwood

ဖုန်း-၀၉၅၁၁၉၀၁၀၀၊ ၀၉၄၃၄၂၀၂၄၀၈

မိုးမြင့်ကြယ် 095093704 01-253079

မန်းရွှေစက်တော်နှင့်လမ်းဘုရားဖူး Mar 22,25

ကျိုက်ထီးရိုး/ ချောင်းသာ(မှန်) 30000 / 40000 စခွင့်ဖြိုး

Programming Fundamental

Microsoft .NET — Java

- ဤသင်တန်းတွင် Programming Language အားလုံးအတွက် အကျုံးဝင်သော အခြေခံ Concepts & Process, Ways of Thinking နှင့် Techniques များကို ရှေ့ဆုံးကြိုတွေ့နေရသော ပြဿနာများ ပေါ်တွင် အခြေခံ၍ လုပ်ငန်းစဉ်နှင့် ချိတ်ဆက်စဉ်းစားနိုင်စေရန် သင်ကြားပေးမည် ဖြစ်သည်။
- ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် နှင့် HND တက်မည့် ကျောင်းသား/သူများအတွက် အထူးအကျိုးရှိစေမည့် သင်တန်းဖြစ်ပါသည်။

Gusto IT Professional Institute

No.26, 14th Street, Lanmadaw Tsp; Yangon

Tel : 01-224496, 09-73031302

ပြင်ဦးလွင်မြို့-ရပ်ကွက်ကြီး(၁၂)မှ မြေကွက်ရောင်းမည်။

မြေအကျယ် (70 x 70)ပေ - 350 သိန်း

Ph(ပွဲစားမလိုပါ): 09 40 255 14 52 / 09 40 255 14 85

ပန်းခေကာရီ

- မန္တလေး April (12, 13)
- တောင်ကြီး April (12, 13,17)
- ပုဂံ+တောင်ကြီး April (12, 13)
- ပုဂံ+ရွှေစက်တော် April (12, 13)
- ရွှေလီ April (12, 13)

09-73098523, 09-420247006, 09-49327409

EMERALD MYANMAR Travels & Tours

April 12

- တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-ကံ့လုံ ၄ည/၅ရက်
- ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပါး-ရွှေစက်တော်-မကွေး ၄ည/၅ရက်
- ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပါး-မန္တလေး-ပြင်ဦးလွင် ၄ည/၅ရက်

Ph: 01-8500585, 09-49589762, 09-49589764, 09-421013999

THE PoliticS နိုင်ငံရေးဂျာနယ်

အမှတ် ၁၊ ၂၊ ၃ ပေါင်းချုပ်

စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူနိုင်ပါသည်။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၉၄၆/ခ)၊ ဧရိယာ(ပေ၂၀×ပေ၆၀) အကျယ်အဝန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(မြို့/မြေဌာန)တွင် ဒေါ်မြင့်မြင့်[၁၂/ဥကတ(နိုင်)၀၁၇၆၆၈]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးတင်မောင်ဝင်း[၁၂/ဥကတ(နိုင်) ၀၁၇၂၂၅]က လွှဲပြောင်းရောင်းချနိုင်ကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ပေးကတိစာချုပ်ဖြင့် တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ (လူကိုယ်တိုင်) လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဦး (B.A, R.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၂၉)
အမှတ်(၄၅)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၈၄၀၁

(၁၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဒေါက်တာဒေါ်ဝင်းရီ (ဆေး-၁)
(၃၁-၃-၁၉၉၈) (၃၁-၃-၂၀၁၃)

အရီ ကွယ်လွန်သွားခဲ့သည်မှာ (၁၅)နှစ်ပြည့်ခဲ့ပါပြီ။ ပြုခဲ့သမျှ ဒါန၊ သီလ၊ ဘာဝနာများကို ရောက်ရာ ဘုံဘဝမှ ရရှိစံစားနိုင်ပါစေ။ မိသားစုလေးမှ အမေကြီးကျေးဇူးကို အမြဲသတိရလျက်ပါ။

ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)၊ သမီးကြီး-မသက်ထားမြင့်၊ သမီးငယ်-မသက်မွန်မြင့်-မောင်လင်းဝင်းထွန်း၊ မြေး-မမြတ်ပန်းပန်၊ မမြတ်ပန်းစံ

ဦးသန်းထွန်း(အပါ) (ပျဉ်းမနား)
(လ/ထအင်ဂျင်နီယာချုပ်၊ မြန်မာ့လေကြောင်း)
အသက်(၈၉)နှစ်

ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ တိုက်(၂၂၄)၊ အခန်း(၄)နေ ဒေါ်ခင်ဝင်းကြည် (Grace Ni)၏ခင်ပွန်း၊ ဒေါ်စန္ဒာသန်းထွန်း(ရန်ကင်း TTC-ငြိမ်း)-ဦးစိုးလွင် (ဂျပန်နိုင်ငံ၊ မြန်မာသံရုံး)၊ ဦးတင်အောင်သန်း (နိုင်ငံခြားရေးဝန်ကြီးဌာန၊ ခေတ္တ-ကနေဒါ)တို့၏ဖခင်၊ မဆုယဉ်ဝင်း (Grade-6-I၊ ပြည်လမ်း TTC)၏အဘိုး၊ (ဒေါ်တင်ညွန့်)၊ (ဒေါ်စန်းရီ)၊ (ဦးစိန်လွင်-ဒေါ်သန်းညွန့်)တို့၏ မောင်/ညီ၊ ဦးထွေးမောင်-ဒေါ်မြင့်မြင့်၊ ဦးကျော်တင့်ဆွေ (သံအမတ်ကြီး-ငြိမ်း)-ဒေါ်မေယဉ်ထွန်း၊ ဒေါ်ခင်ဝင်းနီ-ဦးမြင့်သင်း (ခေတ္တ-စင်ကာပူ)၊ ကပ္ပတိန်တင်အောင်ကျော်-ဒေါ်ညိုညိုချစ်(ခေတ္တ-USA)၊ ဒေါက်တာဝင်းနိုင်-ဒေါက်တာမဥ္ဇူအောင်(ခေတ္တ-ဘရူနိုင်း)တို့၏အစ်ကိုသည် ၂၇-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ သဖြင့် ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ကန် ဒါယကာကြီး
ဦးတင်မောင်(စာရေးဆရာ-ကရမက်) (ပုသိမ်)
အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်ကြီး-ဒေါ်စောညွန့်)တို့၏သား၊ (ဦးထွန်းအေး-ဒေါ်သိန်းရင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃/ခ) ရပ်ကွက်၊ ငွေကြာရံရိပ်သာ၊ ကြာပဒုမ္မာလမ်း၊ အမှတ် (၆၄-စီ)နေ (ဒေါ်စန်းမြင့်)၏ ခင်ပွန်း၊ ကိုစိုင်းမြတ်သူလှိုင်-မစုရတနာကျော် (ပင်လုံနှင်းဆီ)၊ ဒေါက်တာခိုင်ဝတ်ရည်ကျော်၊ ဗိုလ်ကြီးဟိန်းစိုးကျော် (DSMA)-မမီမီကျော် (MD, Vihco Shipping)၊ ဒေါက်တာကျော်ဇံဟိန်း (တိမွေးကု)-မသန့်သစ္စာ (အမက-၂၃၊ မရမ်းကုန်း)၊ ဒေါက်တာပြည့်ဖြိုးမြင့်(ပင်လုံနှင်းဆီ)၊ ဒေါက်တာဟိန်းရဲမာန်၊ မသီရိ တင်လေးနိုင်(ခေတ္တ-တောင်အာဖရိက)၊ ဗိုလ်လောင်းဝေဟိန်းအောင် (DSMA)၊ မအိရွှေရည်အောင် (2nd Yr, B.Pharm)၊ မောင်မြတ်သူကျော် (2nd Yr, GTC ရမည်းသင်း)၊ မောင်ခန့်ဟိန်းအောင် (2nd Yr, UDE)၊ မချမ်းချမ်းဝသန် (Grade-X၊ ပင်လုံနှင်းဆီ)၊ မစန္ဒီတင်လေးနိုင် (ခေတ္တ-တောင်အာဖရိက) တို့၏အဘိုး မောင်တာရာဟိန်း၊ မောင်စွမ်းလင်းထွဋ်၊ မောင်ကောင်းကင်ဟိန်း၊ မောင်လာဘ်မြင်းမိုရ်၊ မောင်ဉာဏ်ဟိန်းထက်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၇-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၇း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ မိတ်ဆွေသင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမြေးမြစ်များ

ပျောက်ဆုံးကြောင်း

ကျွန်တော်ဇော်လွင်၏ ပထမတန်းစက်ခန်းအုပ်လက်မှတ်အမှတ် ခမပ-၄၀/၂၀၁၂သည် ခရီးသွားရင်းပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၃၁၂၄၇၁၈

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)
ဦးတင်မောင် (၈၁)နှစ်
(စာရေးဆရာ-ကရမက်)
(ပုသိမ်)

ရန်ကုန်မြို့နေ (ဦးမောင်ကြီး-ဒေါ်စောညွန့်)တို့၏ သား၊ (ဦးထွန်းအေး-ဒေါ်သိန်းရင်)တို့၏သားသမက်၊ (ဦးမြင့်လွင်)-ဒေါ်အုန်းမေ၊ (ဦးတင်အောင်)-ဒေါ်တင်လှတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃/ခ) ရပ်ကွက် (ငွေကြာယံရိပ်သာ)၊ ကြာပဒုမ္မာလမ်း၊ အမှတ်(၆၄-စီ)နေ (ဒေါ်စန်းမြင့်)၏ခင်ပွန်း၊ ဦးမောင်မောင်ချို-ဒေါ်အေးအေးသန်း(ကထိက၊ မြန်မာစာ)၊ ဦးကျော်သိန်းထွန်း-ဒေါ်အေးအေးခိုင်၊ (ဗိုလ်နေစိုး)၊ ဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း)-ဒေါ်နီနီစိုး၊ ဒေါက်တာနိုင်စိုး-ဒေါ်စန္ဒာတင်လေး၊ ဒုတိယဗိုလ်မှူးကြီးဝင်းရွှေ(ငြိမ်း)-ဒေါ်အေးအေးနိုင်၊ ဗိုလ်ကြီးစန်းထွန်းအောင်(ငြိမ်း)-ဒေါ်ငြိမ်းငြိမ်းအေးတို့၏ဖခင် ပုသိမ်အသင်းသက်ကြီးကန်တော့ခံပုဂ္ဂိုလ် ပုသိမ်အသင်း(ရန်ကုန်)၏ အမှုဆောင်နာယက ဦးတင်မောင်သည် ၂၇-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၇း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များသိရှိနိုင်ရန် အကြောင်းကြားပါသည်။ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက် ပါမည်။)

အမှုဆောင်အဖွဲ့

သံတွဲခရိုင်အသင်း(ရန်ကုန်)
ဒေါ်မှဲ့ကျန်(သံတွဲ)
အသက်(၇၁)နှစ်

သံတွဲမြို့၊ ကင်းမော်ရွာနေ (ဦးကံပေါ်-ဒေါ်လှတင်)တို့၏သမီးကြီး၊ ဒေါ်စီစီ၊ ဦးသန်းဖေ-ဒေါ်ခင်ဝင်းမြင့်၊ (ဦးသန်းရွှေ)-ဒေါ်သန်းမြင့်၊ ဦးသန်းထွန်း-ဒေါ်ချိုချိုဝင်းတို့၏အစ်မကြီး၊ ဦးခင်မောင်ထူး-ဒေါ်ခင်စိုးစိုး၊ (ဦးတင်မောင်ဆန်း)-ဒေါ်မာမာဝင်းတို့၏ မိခင်၊ ဦးလှကိုး၏ဇနီးသည် ၂၈-၃-၂၀၁၃(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၃ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသားများအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးကျော်ရွှေ(ဖျာပုံ)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊အမှတ်(၉)၊ (၈၇)လမ်း၊ ပထမထပ်နေ (ဦးဘိုးလှ-ဒေါ်အေးမြ)တို့၏သား၊ ဒေါ်စိန်လုံ၏ ခင်ပွန်း၊ ဦးလှမြင့်သန်း-ဒေါ်အုန်းသန်း၊ ဦးဌေးအောင်-ဒေါ်ထားထားလွင်၊ ဦးပေါက်စ-ဒေါ်ပေါက်ပေါက်၊ ဦးထွန်းရွှေ-ဒေါ်မြင့်မြင့်ဝေ၊ ဦးတင်မြိုင်-ဒေါ်တင်တင်ညို၊ ဦးမြင့်စိုး-ဒေါ်နန်းအေးအေးမိုး၊ ဦးနိုင်ဝင်း-ဒေါ်သိန်းသိန်းထွေး၊ မညွန့်ညွန့်ရွှေတို့၏ဖခင်၊ မြေး ၁၉ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၁ နာရီ တွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ငွေလာ(စမ်းချောင်း)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သပြေညိုလမ်း၊ အမှတ် (၁၅-ခ)၊ မြေညီထပ်နေ (ဦးဆန်းဘွေ-ဒေါ်ဆောင်တော်ကူး)တို့၏ သမီး၊ [ဦးပိုက် (ညွှန်ကြားရေးမှူး-ငြိမ်း)၊ ဗဟိုစာရင်းရုံး]၏ချစ်လှစွာသောဇနီး၊ (ဦးငွေစိုး)၊ ဦးအောင်မြင့်-ဒေါ်တင်လှ၊ (ဒေါ်စိန်မြင့်)၊ ဒေါ်ငွေခက်တို့၏ညီမ၊ ဦးထွန်းလှရင်-ဒေါ်ထွန်းလှိုင်တို့၏ အစ်မ၊ (မောင်မျိုးဇော်နိုင်)-မစန္ဒာမြင့်တို့၏ မွေးသမိခင်၊ မောင်ပြည့်ဖြိုးဇော်၊ မောင်ကောင်းထက်နိုင်တို့၏အဘွား၊ မသင်းသင်းချို(ရေသန့်-ဒေါပုံ)၊ မအေးအေးချို(YESB-သန်လျင်)တို့၏အဒေါ် ဒေါ်ငွေလာသည် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၆း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၃(စနေနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ (၃၇)လမ်း၊ (၇၇×၇၈)ကြား၊ အမှတ်(၁၁၃)နေ ဦးစိုးစိုးနိုင်၊ ဒေါ်အမာ(အထက-၁၃)၊ (ဦးစန်းမောင်)-ဒေါ်သိန်းသိန်း၊ ဦးသိန်းလွင် (Silver wave)-ဒေါ်မြင့်မြင့်သိန်း (လ/ထ ထွေ/ဂျ၊ ဆပ်ပြာစက်ရုံ၊ မကွေး)တို့၏ညီမ၊ ဦးအောင်အောင်(မန်းစည်ပင်၊ ပန်းဥယျာဉ်)-ဒေါ်သီတာ(သျှီလာအလှပြင်)တို့၏ အစ်မ၊ မနှင်းဝတ်ရည်စိုး(တိုင်းရင်းဆေး)၊ ဗိုလ်ကြီးဖြိုးကိုကို(တဆခ-ကျောက်ဆည်)၊ မောင်ဟိန်းထက်အောင်စိုး၊ မသီဂီစန်းမောင်၊ မောင်ဆောင်းဦးလွင်တို့၏ချစ်လှစွာသောအဒေါ်၊ (ဦးခင်မောင်)-ဒေါ်ခင်မိတို့၏သမီး၊ ဒေါ်လဲ့လဲ့ခိုင် အသက်(၅၁)နှစ်သည် ၂၆-၃-၂၀၁၃ (အင်္ဂါနေ့) (တပေါင်းလပြည့်နေ့) ညနေ ၅း၄၀နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်ခင်သန်းမြင့်နှင့် သားသမီးများ
ဦးမောင်မောင်-ဒေါက်တာနီလာသိန်း
ဒေါ်စံသာသိန်း
ဒေါက်တာအောင်မိုး-ဒေါက်တာလဲ့လဲ့သိန်း
ဦးကျော်ခိုင်သိန်း-ဒေါ်ခင်စန်းယု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး

ဒေါ်စန်းကြွယ် (၇၇)နှစ်

မုံရွာမြို့၊ အောင်မင်္ဂလာရပ်၊ ဗိုလ်ချုပ်လမ်းနေ ဦးကြီးဘို၏ဇနီး၊ ဦးစန်းငွေ-ဒေါ်ဝင်း၊ ဦးစောအောင်-ဒေါ်စန်းအောင်တို့၏အစ်မ၊ (ဦးညွန့်ရွှေ)၊ ဦးငွေရွှေ-ဒေါ်ကေသွယ်မြင့်(မုံရွာဟိုတယ်)၊ ဒေါ်ရီရီရွှေ(ရွှေရတနာဆိုင်)၊ ဗိုလ်မှူးတင့်ဆွေ-ဒေါက်တာအေးအေးရွှေ (သားဖွားမီးယပ်အထူးကု၊ မြောက်ဥက္ကလာပဆေးရုံကြီး)၊ ဦးနိုင်စိုး-ဒေါ်ချိုချိုအောင် (Fantasy စားသောက်ဆိုင်)၊ ဦးသက်တိုး-ဒေါ်လေးလေးမြင့် (တိုးရေဆေးဆိုးလိုက်)တို့၏မိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၂၀-၃-၂၀၁၃ရက် နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၃ရက် ညနေ ၄နာရီတွင် မုံရွာမြို့ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးများ၊ မိတ်ဆွေများနှင့် အနယ်နယ်အရပ်ရပ်မှ မေးမြန်းကြသူများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

မိုဟာမ္မဒ်အစ္စမိုင်အင်(ခ) ဦးအောင်ခိုင် အသက်(၇၀)

နေပြည်တော်၊ ပျဉ်းမနား ဘောင်ဒရီစက်မှုလက်မှုကျောင်း (ပုံဆွဲနည်းပြ)၊ အမှတ်(၂)စက္ကူစက် (ရေနီ)

ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်နေ (ဦးဆူးပန်း-ဒေါ်အစီရာ)တို့၏သား၊ (ဦးဘမောင်-ဒေါ်ကြည်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၉)လမ်း၊ အမှတ် (၁၄၉/၂)နေ ဒေါ်မြင့်မြင့်ကြည်၏ခင်ပွန်း၊ မသဥ္ဇာအောင်ခိုင် (Green Gold Industrial Co., Ltd.)၊ မဇာခြည်အောင်ခိုင် (Twin Brothers Co., Ltd.)၊ ကိုကျော်ကျော်မင်း(evolva Co., Ltd.)-မဝင့်ဇာအောင်ခိုင်(Export Trading Co., Ltd.)၊ မနှင်းဇာအောင်ခိုင် (Export Trading Co., Ltd.)တို့၏ မွေးသဖခင်၊ မိုဟာမ္မဒ်အစ္စမိုင်အင်(ခ) ဦးအောင်ခိုင်သည် ၂၉-၃-၂၀၁၃ (သောကြာနေ့) ည ၇း၅၈ နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ၃၀-၃-၂၀၁၃(စနေနေ့)နံနက်၁၀နာရီတွင် ရေဝေးစွန္နီဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးသန်းထွဋ်ဦး (၄၉)နှစ်

Classic International Co., Ltd.
အထက(၄)၊ အလုံ(ကူရှင်) ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ကုဋ္ဌာသယလမ်း၊ အမှတ်(၄၈)၊ခုနစ်လွှာ(A)နေ(ဒေါက်တာညီညီ) - ဒေါ်လွင်လွင်မော်တို့၏သားကြီး၊ ဒေါ်သီဂီစိုး (ရန်ကုန်တိုင်းတရားလွှတ်တော်)၏ခင်ပွန်း၊ ဦးသန်းထိုက်ဦး-ဒေါ်မီမီသန်း၊ ဦးအောင်ထွဋ်ဦး၊ ဦးညွန့်စိန် (Traders Hotel)-ဒေါ်နီနီလွင်(Traders Hotel)တို့၏အစ်ကိုကြီး၊ မောင်ကောင်းခန့်ဦး(ပညာနန်းတော်)၏ ချစ်လှစွာသောဖခင်၊ မဝိုင်းပုံပုံဦး၊ မမေမြတ်နိုးချစ်၏ ဘကြီး ဦးသန်းထွဋ်ဦးသည် ၂၉-၃-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် တပ်မတော်အသည်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးကျော်မြင့်(ဒါးပိန်) (၇၁)နှစ်

ကက-၂ (ငြိမ်း)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄) ရပ်ကွက်၊ သင်္ဂလမ်း၊ အမှတ် (၁၆၂)၊ အခန်း (၄)နေ (ဦးမောင်တင်-ဒေါ်ခင်ညွန့်)တို့၏ သား၊ (ဦးတင်ဦး-ဒေါ်ခင်မေ)တို့၏သားသမက်၊ [ဒေါ်တင်တင်ရီ(ခ) DOLLY တင်ဦး]၏ခင်ပွန်း၊ ဦးဇော်မင်း-ဒေါ်ခိုင်မေစိုး၊ ဦးကျော်ကျော်ဦး၊ ဦးမိုးဇော်အောင်-ဒေါ်မျိုးမြတ်စန္ဒာကျော်(USA)၊ ဦးမျိုးနောင် (GUITAR 77)- ဒေါ်ဝါဝါကျော်တို့၏ ချစ်လှစွာသော မွေးသဖခင်၊ မဆုရည်ဖြိုး (GTC 1st EC သန်လျင်)၊ မရွှေစင်ဝင်း (G-6၊ လသာ-၂)၊ မောင်ဟိန်းဆက်(USA)၊ မကြည်စင်လင်း (ILBC)တို့၏အဘိုးသည် ၂၈-၃-၂၀၁၃ ရက် မွန်းလွဲ ၁း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါက်တာဥမ္မာသွင် (၆၆)နှစ်

(LOUISA THWIN)
ဒဂုံမြို့နယ်၊ ကျန်းမာရေးဦးစီးဌာနမှူး(ငြိမ်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ အမှတ် (၄၀)၊ မြောင်းမြလမ်းနေ (ဦးသွင်-ဒေါ်အေး)တို့၏သမီး၊ ဒေါက်တာဦးကြည်၏ဇနီး၊ ဦးအောင်ဝင်းဟန် (Hazama Corp)-ဒေါ်ဟန်သီဒီ(UN-AIDS)၊ ဒေါက်တာဇော်မိုးအောင်(ခေတ္တ-USA)-ဒေါက်တာဇင်မီဦး (ခေတ္တ-USA)၊ ဦးအောင်ချိုဦး (ခေတ္တ-USA)-ဒေါ်သန္တာရည်(ခေတ္တ-USA)တို့၏ မိခင်၊ မောင်ပြေသုဟန် (DSY)၊ ပိုးရုပါခင် (DSY)တို့၏ ချစ်လှစွာသော အဘွားသည် ၂၉-၃-၂၀၁၃ (သောကြာနေ့) ညနေ ၄း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးသန်းထွဋ်ဦး (၄၉)နှစ်

Classic International Co., Ltd.
အထက(၄)၊ အလုံ(ကူရှင်) ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ကုဋ္ဌာသယလမ်း၊ အမှတ် (၄၈)၊ ခုနစ်လွှာ (A)နေ ဦးအောင်စိုး-(ဒေါ်ခင်စန်းမြင့်)၊ ဒေါ်ဝါဝါတို့၏သားသမက်၊ ဒေါ်သီဂီစိုး (ရန်ကုန်တိုင်းတရားလွှတ်တော်)၏ ခင်ပွန်း၊ ဦးအောင်ထွဋ်-ဒေါ်ခိုင်ခိုင်မြင့်၊ ဦးဝေဖြိုးထင်အောင် (Dare Co., Ltd.)-ဒေါ်မြဖူးစိုး၊ ဦးသိဟစိုး(ခေတ္တ-S'pore)၊ မထက်နန္ဒာဖြိုးအောင်၊ ဒေါက်တာလဲ့ဝါဝါဖြိုးအောင်တို့၏ အစ်ကိုကြီး၊ မောင်ကောင်းခန့်ဦး (ပညာနန်းတော်)၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ငါးယောက်တို့၏ဘကြီး ဦးသန်းထွဋ်ဦးသည် ၂၉-၃-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် တပ်မတော်အသည်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အနိစ္စ

ဦးစိုးနိုင် (၇၄)နှစ်

(Patrick Mac Intyre)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ သိန္ဓုလမ်း၊ အမှတ် (၅၈၆)နေ (ဦးထွန်းမြင့်)-ဒေါ်စန်းရီတို့၏သား၊ (ဦးအောင်ပွင့်-ဒေါ်ထွေးကျင်)တို့၏ သားသမက်၊ ဒေါ်ခင်ရီ(လယ်ယာထွက်ကုန်၊ ငွေစာရင်း-ငြိမ်း)၏ ခင်ပွန်း၊ ဦးစိုးမိုးနိုင် (Licensed Tour Guide မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း)-ဒေါ်ဇင်မာခိုင်၊ ဒေါ်ခင်ဥမ္မာနိုင်၊ ဦးအောင်ချိုမြတ် (စီးပွား/ကူးသန်း၊ ပြည်ထောင်စုဝန်ကြီးရုံး)-ဒေါ်ခင်သန္တာနိုင်(စီးပွား/ကူးသန်း၊ ပြည်ထောင်စုဝန်ကြီးရုံး)၊ ဦးစိုးမိုးအောင်တို့၏ဖခင် ဦးစိုးနိုင်(ငါးလုပ်ငန်းဦးစီး-ငြိမ်း)သည် ၃၀-၃-၂၀၁၃ (စနေနေ့) နံနက် ၈း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၃(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မအောင်သိန်း (၆၉)နှစ်

(မြောက်ဦး၊ စစ်တွေ)

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ (ဦးစောခိုင်-ဒေါ်မသာပု)တို့၏သမီး၊ (ဦးစိန်ထွန်း)-ဒေါ်မကြိုင်၊ (ဦးကျော်စိုး)-ဒေါ်မသိန်းလှ၊ (ဦးရွှေလှ)-ဒေါ်နုနုတို့၏ ညီမ၊ ဦးကျော်စံသာ-ဒေါ်မမြသိန်း၊ (ဦးရွှေကျော်)-ဒေါ်မမြရီတို့၏ အစ်မ၊ ဦးအောင်သိန်း၏ ဇနီး၊ ဒေါ်ခင်နွယ်နွယ်အောင်(အလယ်တန်းပြ၊ပြည်တော်သာ)၊ ဦးမိုးကျော်-ဒေါ်ခင်မီမီအောင်(ရွှေဘိုစည်ပင်)၊ ဦးလှမောင်သိန်း-ဒေါက်တာခင်မူမူအောင်(ထ-၄၊ စမ်းချောင်း)တို့၏ မိခင်၊ မမြင့်မြတ်သဇင်ခိုင်၊ မအေးမြတ်သဇင်ခိုင်တို့၏ အဘောင်ရှင်သည် ၂၈-၃-၂၀၁၃ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၃ ရက် ညနေ ၄ နာရီတွင် စစ်တွေမြို့ အာဂိုတ်တော်ကုန်း၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်းအမ

ဒေါ်ခင်သန်းမြင့်(စမ်းချောင်း)

(ခေတ္တ-ကာတာ)
အသက်(၆၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ ရန်အောင်လမ်း၊ အမှတ်(၆)နေ (ဦးဘသိန်း-ဒေါ်အုန်းကြည်)တို့၏သမီး၊ ဦးသိန်းကြည်၊ ဦးသိန်းဇံ(လယ်စိုက်ရှင်း)တို့၏ညီမ၊ ဦးပြုံးချို (ဆိပ်ကမ်းအာဏာပိုင် မော်တော်ယာဉ်ဌာန)၊ဦးဇာနည်(Ko Tan Travel)-ဒေါ်လေးလေးမော်၊ ဦးထွန်းအောင် (G.E.O ASIA)-ဒေါ်အေးအေးသိန်းတို့၏အစ်မ၊ ပြည့်ဖြိုးနိုင်၊ သက်ထက်နိုင်၊ နှင်းသဇင်နိုင်၊ တင့်ဇော်အောင်တို့၏ အဒေါ်သည် ၃၀-၃-၂၀၁၃ (စနေနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၃(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးမြတ်သူ B.E(Mech:95) အသက်(၄၄)နှစ်

Chevalier Singapore Holding Company
QC Engineer
(ခေတ္တ-စင်ကာပူ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု(၂)လမ်း၊ ခြံအမှတ်(၇၈)နေ (ဦးမြတ်ထွန်း)-ဒေါ်ကြည်ကြည်တို့၏သား၊ (ဦးအုန်းဖေ)-ဒေါ်သောင်းသောင်းစိန်တို့၏သားသမက်၊ ဦးသန်းထွန်းဦး- ဒေါ်ဆန်းဆန်းနွယ်၊ (ဦးမြတ်သန်းထွန်း)-ဒေါ်မြင့်မြင့်ရီ၊ (ဦးအောင်ထွန်းဝင်း)- ဒေါ်ခင်မာဝေ၊ ဦးအောင်လေး-ဒေါ်သီတာအောင်တို့၏ ချစ်လှစွာသော ညီ/မောင်၊ အမှတ် (၁၄၆)၊ (၄၆)လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်စုစုလွင်၏ ချစ်လှစွာသော ခင်ပွန်း၊ မစုမြတ်စန္ဒီ၊ မစုမြတ်သရဖီတို့၏ ကျေးဇူးရှင် ဖခင်သည် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၄း၃၀နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၃(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြည်(ကျိုက်ထို) (၈၈)နှစ်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နေ (ဦးသိန်းဖေ-ဒေါ်ဖွားစိန်)တို့၏သမီး၊ (ဦးဖိုးငို-ဒေါ်သင်းရွှေ)တို့၏ သမီးချွေးမ၊ (ဦးကြင်ဆိုင်)၏ဇနီး၊ (ဦးလှထွန်း)-ဒေါ်ညွန့်ညွန့်ဝေ၊ (ဦးစိန်ထွန်း)-ဒေါ်ခင်စန်းတင့်(စန်းရတနာရွှေဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)၊ ဦးမျိုးအောင်-ဒေါ်ခင်ခင်ဝေ(နှင်းယုရွှေဆိုင်၊ မြမင်္ဂလာဈေး)၊ (ဦးစိုးဝင်း-ဒေါ်သစ်သစ်ဝေ (ဇင်ယော်ကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဦးတင်ထွဋ်(ခ)ဦးတင့်ဝေ-ဒေါ်စန်းမြင့်အေး(တာယာစက်ရုံ၊ သထုံ)၊ ဦးထွန်းသိန်း-(ဒေါ်အေးအေးဝေ)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၃ယောက်၊ မြစ် ၁၀ယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၃-၂၀၁၃(သောကြာနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [အမှတ်(၉၃၆)၊ စံပါယ်လမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်မှ ကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်သိန်း (၇၅)နှစ်

ငါးသိုင်းချောင်းမြို့၊ အမှတ်(၂၃)၊ လမ်းမတော်လမ်း၊ မြို့မရပ်ကွက်နေ (ဦးစံထိုက်-ဒေါ်လေးစိန်)တို့၏ သမီး၊ ဦးသန်းအေး(ဂဠုန်မင်းရတနာ ရွှေဆိုင်နှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ဇနီး၊ ဦးလှဝင်းမောင်(အမှတ်-၁၊ ရေနံချက်စက်ရုံ၊ သန်လျင်)-ဒေါ်ခင်ဝင်းသိန်း(အထက-၂၊ သန်လျင်)၊ ဒေါ်လှလှမြင့်၊ Dr. ဝင်းညွန့်အောင်-ဒေါ်မာမာကျော်(ဖူးပွင့်စိန်ရွှေရတနာဆိုင်)၊ ဗိုလ်ကြီးလှိုင်ဝင်း(ငြိမ်း) (စက်မှုဝန်ကြီးဌာန)-ဒေါ်ခင်ကြူမြတ် (မြတ်စိန်ရွှေရတနာဆိုင်)၊ ဦးဝင်းကျော်မိုး-ဒေါ်သန်းသန်းဆွေ(ခေတ္တ-စင်ကာပူ)၊ ဦးကျော်မိုး-ဒေါ်ချောစု (ချောစုစိန်ရွှေရတနာဆိုင်)တို့၏မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏အဘွား ဒေါ်ခင်သိန်းသည် ၃၀-၃-၂၀၁၃(စနေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၃(တနင်္လာနေ့) ညနေ ၃နာရီတွင် ငါးသိုင်းချောင်းနေအိမ်မှ ရွှေညောင်ပင်သုသာန် ငါးသိုင်းချောင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၄-၂၀၁၃(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးစိုးသိန်း (၅၁)နှစ်

B.E (Electrical Power)
လက်ထောက်ညွှန်ကြားရေးမှူး၊ အလုပ်သမားဝန်ကြီးဌာန (တောင်ကြီးမြို့နယ်)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်းနေ (ဦးဖေတင်)-ဒေါ်ရင်မေတို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာလမ်း၊ အမှတ်(၅၅၄)နေ (ဦးဖေတင်)-ဒေါ်ကျော့ရင်တို့၏သားသမက်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကသစ်ကုန်းကျေးရွာနေ (ဦးသန်းအောင်-ဒေါ်စန်းမြင့်)၊ ဒလမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်နေ ဦးသန်းအောင်-ဒေါ်တင်ကြည်၊ (ဦးမြင့်စိုး)-ဒေါ်ကြည်လှ၊ ရန်ကုန်မြို့၊ (၃၉)လမ်းနေ ဒေါ်အေးမြင့်၊ ဦးငွေကြည်တို့၏ ညီ/မောင်၊ ဒေါ်သန်းသန်းချို (လယ်ပြ-အမက-၁၈၊ တ/ဥက္ကလာပ)၏ခင်ပွန်း၊ မယဉ်ယဉ်မျိုး(ပ-နှစ်၊ သတ္တဗေဒ)၊ မနှင်းလဲ့ရွှန်း (Grade-VII၊ ထ-၃၊ တောင်ဥက္ကလာ)၏ဖခင်သည် ၂၉-၃-၂၀၁၃ (သောကြာနေ့) ည ၁၁နာရီတွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံမှ တောင်ကြီးမြို့ တိုင်းရင်းသားသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် (၅၅၄)၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးတင်ခွဲ (၁၀၄)နှစ်

အမှတ် (၆၆၄/၃၇)၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်အေးအေး-ဦးတီလျန်ဘွေး၊ ဆရာမဒေါ်ဘူဘူ(ငြိမ်း)-ဦးစီးခုန်း၊ ဆရာမဒေါ်အမူ(ထ-၃၊ မ/ဒဂုံ)-ဦးဖွာဖုန်း၊ ဦးသန်းရွှေ(ခ)မောင်မောင်- ဆရာမခင်ညိုဝင်း၊ Rev: Dr. Ngun Thawng (YZBC)-ဒေါ်ချိုမာလွင်တို့၏ ဖခင်၊ မဗေဒါနော်၊ မောင်ရွှေဆန်းအောင်၊ မောင်အောင်ယုရွှေ၊ မဆာရလီလီအောင်၊ မောင်ဇော်နေအောင်၊ မောင်မျိုးချစ်အောင်၊ မနန်းယုမော်၊ မောင်ကပ်ဇလျန်၊ မောင်ထောင်ဆန်း၊ မဆွီလဲန်ဆီ၊ မဒါရိမဲန်းတျာလ်၊ မောင်သောင်းသိန်းထန်၊ မဝေဝေအောင်၊ မောင်သိန်းဇထန်၊ မောင်ဗျက်လျန်ထန်၊ မဂရေ့စ်ချာရတီ၊ မောင်ဇဆန်းလျန်၊ မောင်မင်းမင်းကျော်၊ မမေသန်းခိုင်၊ ဂရေ့စ်ခင်ချိုမြင့်၊ ဂရေ့စ်ငွန်ဆိုသင်း၊ မောင်ဘွေလျန်ထောင်း၊ မောင်ဘွေဟန်းထောင်၊ မြေး၂၃ယောက်၊ မြစ် ၁၅ ယောက်တို့၏အဘိုးသည် ၂၉-၃-၂၀၁၃ (သောကြာနေ့) ညနေ ၄း၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ကုလားကျောင်းမှတ်တိုင်၊ သမိုင်းလမ်းဆုံနှင့် နေအိမ်မှကားများ နံနက် ၁၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်လေး (၈၁)နှစ်

(ရေတာရှည်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် (၅၁)၊ သြဘာလမ်းနေ (ဦးကောက်)၏ဇနီး၊ ဒေါ်စိုးစိုးခိုင်၊ ဒေါ်ယုယုခိုင် (အထက-၂၊ ရန်ကင်း-ငြိမ်း)၊ ဒေါ်မိမိခိုင် (အထက-၁၊တာမွေ-ငြိမ်း)၊ (ဦးမျိုးဆက်)၊ ဦးငွေအောင်(ခေတ္တ-စင်ကာပူ)-ဒေါ်နီနီဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်ထွန်းလင်းအောင်၊ မောင်ကောင်းဆက်ဝေ၊ မောင်ချမ်းညိမ်းဝင်းတို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်ခင်လေးသည် ၃၀-၃-၂၀၁၃(စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ဂျွန်ကြွယ် (၇၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၁၃)၊ ဒေါ်လှပန်းလမ်းနေ (ဦးကြွယ်-ဒေါ်သိန်းမယ်)တို့၏ တတိယသမီး၊ (စောထိုးထိ)၊ ဒေါ်နိုးနာကြွယ်- (စောပီတာညို)၊ (စောအေဘယ်လ်ကြွယ်)၊ဒေါ်အလဲနာကြွယ်-(စောအော်စကာကဲ)၊ (စော John ကြွယ်)တို့၏ညီမ၊ ဒေါ်ဂျဲနီကြွယ်၊ (စောပီတာကြွယ်)၊ စောရော့စ်ကြွယ်၊ စောမိုက်ကယ်ကြွယ်-နော်ထူးဘွယ်ခိုင်တို့၏ အစ်မ၊ [ဦးစောခနီးရာ(ညွှန်မှူး-ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်း)]၏ ချစ်လှစွာသောဇနီး၊ နော်အယ်နီ- စောအဲလ်ဘတ်၊ Rev. စောတင့်စန်းဦး(ဇဝံဂေလိဓမ္မကောလိပ်)-Rev. နီနီဆွေ (ဇဝံဂေလိအသင်းတော်)၊ ခင်နှင်းအေး(ခ)မိချို [PC Myanmar (Hong Kong) Ltd.] - စောထွန်းမြတ်ဦး(ခ)နောထူး၊ စောရွှေဖီတို့၏မိခင်၊ စော Shaun ၏အဘွား၊ တူ/တူမ ၁၁ယောက်တို့၏ အဒေါ်သည် ၃၀-၃-၂၀၁၃(စနေနေ့) နံနက် ၁း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၄-၂၀၁၃ (တနင်္လာနေ့) နံနက် ၉နာရီတွင် သမိုင်းကရင်နှစ်ခြင်းအသင်းတော် သုခမ္မဇရပ်၊ ဦးရွှေနုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးမျိုးချစ် (၄၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ်(၅၂)၊ မြေညီထပ်(ခေါင်းရင်းခန်း)နေ (ဦးစိန်ဟန်-ဒေါ်စိန်မယ်)တို့၏မြေး၊ ဦးသန်းလွင်-ဒေါ်ခင်ငြိမ်းတို့၏သားလတ်၊ (ဦးအောင်ချိုသန်း)-ဒေါ်ခင်စန္ဒာထိုက်၊ (ကိုလွင်မင်း)၏ညီ၊ မညိုနွယ်ဝင်း၊ မောင်ဇော်လင်းမောင်တို့၏ အစ်ကို၊ မောင်ဝိုင်းချစ်မင်း၊ မသဥ္ဇာအောင်တို့၏ ဦးလေးသည် ၃၀-၃-၂၀၁၃(စနေနေ့) နံနက် ၆း၁၀ နာရီတွင် အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၃ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြသန်း(ဒေစီ) (စစ်ကိုင်း)

အသက် (၉၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်(B-1/3)နေ (အခွန်ဝန် ဦးဆင့်-ဒေါ်ဒေါ်သစ်)တို့၏သမီး၊ (အရေးပိုင်ဦးကျော်ငြိမ်း-ဒေါ်ဒေါ်အုန်း)တို့၏သမီးချွေးမ၊ (ဦးလှိုင်ဦး)-ဒေါ်နီနီအုန်း၊ ဗိုလ်မှူးမိုးမြင့်(ငြိမ်း)-ဒေါ်သင်းသင်း၊ (ဦးအောင်မှူး)-ဒေါ်နုနုစိန်၊ ဒေါ်မွန်မွန်၊ ဗိုလ်မှူးချုပ်အောင်ကျော်ငြိမ်း-ဒေါ်စန်းစန်းတင်တို့၏ မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွား၊ [ဦးကျော်မောင် (ပြည်နယ်အကောက်ခွန်ဦးစီးမှူး-ငြိမ်း)]၏ဇနီး ဒေါ်မြသန်း(ဒေစီ) သည် ၂၉-၃-၂၀၁၃ရက် နံနက် ၃း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြသန်း(ဒေစီ)(စစ်ကိုင်း)

အသက် (၉၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်(B-1/3)နေ (အခွန်ဝန် ဦးဆင့်-ဒေါ်ဒေါ်သစ်)တို့၏သမီး၊ (အရေးပိုင်ဦးကျော်ငြိမ်း-ဒေါ်ဒေါ်အုန်း)တို့၏ သမီးချွေးမ၊ (ဦးတင်ဦး-ဒေါ်သန်းသန်း)၊ (ဒေါ်ခင်သန်းနု)၊ (ဒေါ်ခင်ညွန့်)တို့၏ညီမ၊ ဦးတင်အောင်(စက်မှု-၁၊ ညွှန်ချုပ်-ငြိမ်း)-ဒေါ်ခင်မြ၊ [ဒုတိယဗိုလ်မှူးကြီးကိုလေး(ငြိမ်း)]-ဒေါ်စန်းရွှေ၊ [ဒုတိယဗိုလ်မှူးကြီးဘထွေး(ငြိမ်း)]-ဒေါ်ခင်မေမေ၊ (အငြိမ်းစား-သံအမတ်ကြီး သီဟသူရ ဦးလှမော်)-ဒေါ်ခင်ခင်လှတို့၏ အစ်မ၊ [ဦးကျော်မောင် (ပြည်နယ်အကောက်ခွန်ဦးစီးမှူး-ငြိမ်း)]၏ဇနီး ဒေါ်မြသန်း(ဒေစီ)သည် ၂၉-၃-၂၀၁၃ရက် နံနက် ၃း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ နတ်လမ်း ဒါယိကာမကြီး

ဒေါ်သိန်းဆင်(ကော့မှူး-သခွတ်ပင်) အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၀)၊ ကံ့ကော်မြိုင်လမ်းသွယ်(၂)၊ ပါရမီရိပ်သာ၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (တိုက်သူကြီးဦးသာထူး-ဒေါ်သင်းမြိုင်)တို့၏သမီး၊ (ဦးထွန်းအိ-ဒေါ်ညှာ)တို့၏သမီးချွေးမ၊ (ဦးစံမြင့်)၏ဇနီး၊ ဦးသန်းဝင်း-ဒေါ်တင်စိန်၊ ဦးထင်ကျော်-ဒေါ်ခင်ထွေးမြင့်(လက်ထောက်မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးထွေးမြင့်အောင် (ဦးစီးမှူး-ငြိမ်း၊ သာသနာရေးဦးစီးဌာန)-ဒေါ်ခင်စိုးဝင်း၊ ဒေါက်တာအောင်ဇေယျမြင့်(M.D, Mar Mar War Co., Ltd.)-ဗိုလ်ကြီးဒေါ်မာမာဝေ(ငြိမ်း)၊ ဦးညီညီဝင်း-ဗိုလ်ကြီးဒေါ်ခင်ခင်စု(ငြိမ်း)၊ ဒေါ်တင်တင်နွဲ့တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၂၉-၃-၂၀၁၃ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ဗဟိုရ်စည် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်ညွန့်(Sydney,Australia) အသက်(၇၀)

အထက-၁၊ မရမ်းခြံကျောင်းသူဟောင်း
မီးရထားပို့ဆောင်ရေးဌာန

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၇/ခ)နေ (ဦးတင်-ဒေါ်စိန်)တို့၏ သမီးကြီး၊ ဦးသန်းထွဋ်(ခ)မောင်မောင် (Australia)၏ဇနီး၊ ဦးထင်ကျော်-ဒေါ်ခင်ညို၊ (ဦးအေးကြည်)-ဒေါ်အေးအေးကြည်၊ (ဦးသောင်းဟန်)၊ ဦးသန်းထွန်း-ဒေါ်ကြည်ကြည်စန်းတို့၏ အစ်မကြီး၊ မောင်ဇော်ထွန်း (Alice Spring)၊ မောင်ဇော်လင်း-မအေးအေးသက်၊ (Sydney) Thanh Minh Nguyen-မစုလှိုင်ထွေးတို့၏မိခင်၊ ဦးတင်ထွန်းအောင်-မသီဂီကျော်၊ ဦးမိုးကျော်ဇော-မနိုင်နိုင် (Moe Sandwich)၊ မအေးမာလာကျော်၊ မစမ်းသီဂီ၊ (မောင်ရဲထွန်း)၊ မောင်ဇေယျာအေးကြည်-မဖြူဖြူ၊ မောင်သီဟဟိန်း-မဝင်းသန္တာထွန်း၊ မောင်ဝဏ္ဏကြည်ထွန်းတို့၏ကြီးကြီး၊ Calvin Minh Nguyen, OliverLin တို့၏အဘွား ဒေါ်ခင်ညွန့်သည် ၂၇-၃-၂၀၁၃ရက် ည ၁၀း၁၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်နန်းလှရှင်(ခ)ဒေါ်တိတ်နောင်(ခ)ဒေါ်ဒိန်းဒေါင် အသက်(၅၀)

(ဘားအံ)

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကျုံပကိုကျေးရွာနေ (ဦးသာမွေး-ဒေါ်ခမှူးဖိုး)တို့၏သမီး၊ (ဦးစောရွှေခင်)၏ ချစ်လှစွာသောဇနီး၊ ဦးဖလက်ကုန်း-ဒေါ်ပိုင်မိုး၊ ဦးကျော်မင်း(မင်းကျော်မင်း)-ဒေါ်နန်းကြိန်ကြည်တို့၏ညီမ၊ ဦးစောပန်းအေး-ဒေါ်မနွယ်တို့၏အစ်မ၊ မောင်ကိုကိုစော၊ မငြိမ်းငြိမ်းမေတို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်သည် ၃၀-၃-၂၀၁၃(စနေနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၄-၂၀၁၃(သောကြာနေ့)တွင် တိုက်(၂)၊ အခန်း(၁၀၂)၊ ခရေ(၄)လမ်း၊ (၅)ရပ်ကွက်၊ အပိုင်း(၂)၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် သဟဇာတဖြစ်ရေး အရပ်ဘက်အဖွဲ့အစည်းများနှင့် ဘာသာပေါင်းစုံ ဆွေးနွေး

ရန်ကုန် မတ် ၃၀

နိုင်ငံတော်သမ္မတ၏ အမျိုးသားလူမှုရေးနှင့် စီးပွားရေးအကြံပေးကောင်စီနှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးစင်တာတို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် သဟဇာတဖြစ်ရေးအတွက် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဘာသာပေါင်းစုံ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးစင်တာ (Myanmar Peace Center) ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတ၏ အမျိုးသားလူမှုရေးနှင့် စီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ ဘာသာရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးစင်တာမှ ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် သဟဇာတဖြစ်ရေးအတွက် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဘာသာပေါင်းစုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကန်သုံးဆင့်ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသက ဩဝါဒကထာ မြွက်ကြားသည်။

ဆက်လက်၍ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သဝဏ်လွှာကို ဆရာတော်ကိုယ်စား ဒေါက်တာအရှင်ပညာသီဟက ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ အမျိုးသားလူမှုရေးနှင့် စီးပွားရေးအကြံပေးကောင်စီ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ နိုင်ငံရေးပါတီများနှင့် ဘာသာပေါင်းစုံတို့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် သဟဇာတဖြစ်ရေးအတွက် ဆွေးနွေးအကြံပြုကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ၏ အမျိုးသားလူမှုရေးနှင့် စီးပွားရေးအကြံပေးကောင်စီနှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးစင်တာတို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် သဟဇာတဖြစ်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ဘာသာပေါင်းစုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးစင်တာ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ နှင့် ၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများကို စာမျက်နှာ ၇ နှင့် အချပ်ပို (က)မှ (ဧ) အထိ ဖော်ပြထားပါသည်။

နေပြည်တော်နှင့်မကွေး သုံးမှတ်အပြည့်ယူ

ရန်ကုန် မတ် ၃၀

MNL Myanmar 2013 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၇) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ နေပြည်တော်အသင်းနှင့် မကွေးအသင်းတို့ နိုင်ပွဲရသွားသည်။

(အောင်ဆန်းကွင်း)

နေပြည်တော် - တစ်ဂိုး
(တင်ဇော်မိုး)
ဇွဲကပင် - ဂိုးမရှိ

ပုံစံကောင်းပြန်ရလာသည့် နေပြည်တော်အသင်းမှာ ယခုပွဲကိုလည်း အမှားအယွင်းမရှိ အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ နေပြည်တော်အသင်းအတွက် အမှတ်ပြည့်ရစေမည့် အနိုင်ဂိုးကို ပွဲအစ ၁၅ မိနစ်ကတည်းက တင်ဇော်မိုးက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ နေပြည်တော်အသင်းမှာ ဇွဲကပင်အသင်းတိုက်စစ်ကို အကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့သောကြောင့် ဇွဲကပင်အသင်းနိုင်ပွဲပျောက်ခဲ့ခြင်းဖြစ်သည်။ နေပြည်တော်အသင်းမှာမူ နှစ်ပွဲဆက်တိုက်အနိုင်ရရှိခဲ့ခြင်းလည်း ဖြစ်သည်။

(မုံရွာကွင်း)

မကွေး - သုံးဂိုး
(မောင်မောင်စိုး)
ဇေယျာရွှေမြေ - တစ်ဂိုး
(ချူကွာဇူ)

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

မနောမြေ - Southern

(အောင်ဆန်းကွင်း)

ရခိုင် - ဟံသာဝတီ

နေပြည်တော်အသင်းနှင့် ဇွဲကပင်အသင်းတို့ယှဉ်ပြိုင်နေစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဘာဝထိန်းသိမ်းရေး နယ်မြေများ

သတင်းမှတ်စု - စိုးစိုးနိုင်(ကြေးမုံ)
ဓာတ်ပုံ - အောင်ကျော်ဝင်း(ကြေးမုံ)

စစ်ကိုင်းတိုင်းဒေသကြီးသည် ဧရိယာစုစုပေါင်း ၃၆၅၃၄ စတုရန်းမိုင်ကျယ်ဝန်းပြီး တိုင်းဒေသကြီးများအနက် ဧရိယာအကျယ်ဆုံးလည်းဖြစ်သည်။ ယင်းတိုင်းဒေသကြီးအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနက သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ထားသည်။ တည်ထောင်ပြီး သဘာဝထိန်းသိမ်းရေးနယ်မြေများမှာ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မင်းဝံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ဟူးကောင်းချိုင့်ဝှမ်း(တိုးချဲ့)တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ဖြစ်ပြီး မဟာမြိုင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ဗောဓိတစ်ထောင်သဘာဝကြိုးဝိုင်းတို့ကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် အဆိုပြုထားသည်။

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် စစ်ကိုင်းတိုင်းဒေသကြီးကန့်ဘလူမြို့နယ်နှင့် ကောလင်းမြို့နယ်တို့တွင် တည်ရှိပြီး ဧရိယာ ၁၀၄ စတုရန်းမိုင်(ဧက ၆၆၅၆၀) ကျယ်ဝန်း၍ ၁၉၄၁ ခုနှစ်ကတည်ထောင်ခဲ့သည်။ ယင်းဘေးမဲ့တောတွင် အင်တိုင်းတောဂေဟစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ထားပြီး ရွှေသမင်၊ ဆတ်၊ ချေ စသည့်တိရစ္ဆာန်တို့ကို အဓိကကာကွယ်ထားသဖြင့် အင်တိုင်းတောများကို လေ့လာနိုင်ခြင်း၊ ထင်ရှားသည့် ကြေးအင်း၏ သဘာဝအလှအပများကို ခံစားနိုင်ခြင်း၊ တောရိုင်းတိရစ္ဆာန်များကို သုတေသနပြုသည့် ခေတ်မီနည်းစနစ်များအား လေ့လာနိုင်ခြင်း၊ ပရဆေးဖက်ဝင်အပင်နှင့် နွယ်ပင်များအပါအဝင် ချပ်သင်းဘေးမဲ့တော၏ သဘာဝသမိုင်းပြတိုက်များလေ့လာနိုင်ခြင်း၊ မြန်မာ့ရွှေသမင်များ၏ သဘာဝနေထိုင်ကျက်စားမှုကို လေ့လာနိုင်ခြင်း၊ သုတေသနပြုလုပ်နိုင်ခြင်းတို့ကို ကြည့်ရှုလေ့လာနိုင်သောအခွင့်အလမ်းများရရှိမည်ဖြစ်သည်။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်နှင့် ခန္တီးမြို့နယ်တို့တွင် တည်ရှိပြီးဧရိယာ ၈၃၀ ဒသမ ၄၀ စတုရန်းမိုင် (၅၃၁၄၅၆ ဧက)ကျယ်ဝန်းပြီး ၁၉၇၄ ခုနှစ်က တည်ထောင်ခဲ့သည်။ ယင်းဘေးမဲ့တောတွင် အမြဲစိမ်းတောနှင့် တောင်ပေါ်တောဂေဟစနစ် ထိန်းသိမ်းစောင့်ရှောက်ထားပြီး ဆင်၊ ပြောင်၊ ကျား၊ ကျားသစ်၊ ဆတ်၊ တောဝက်၊ ချေ၊ ဝက်ဝံ၊ မျောက်၊ ငှက်မျိုးစုံစသည့်တိရစ္ဆာန်များကို အဓိကကာကွယ်ထားသည်။

မင်းဝံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင်တည်ရှိပြီး ဧရိယာ ၇၉ ဒသမ ၄၉ စတုရန်းမိုင် (၅၀၈၇၃ ဒသမ ၆၀ ဧက) ကျယ်ဝန်း၍ ၁၉၇၁ ခုနှစ်ကတည်ထောင်ခဲ့သည်။ ယင်းဘေးမဲ့တောတွင်တောခြောက်ဂေဟစနစ်နှင့် ချေ၊ ဒရယ်၊ ငှက်မျိုးစုံစသည့် တိရစ္ဆာန်များကို အဓိကကာကွယ် စောင့်ရှောက်ထားသည်။

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သည် စစ်ကိုင်းတိုင်းဒေသကြီး **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

စာမျက်နှာ (၇) မှ

ပူးတွဲ-၃

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းအရ
အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးရည်မှန်းချက်
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်	တိုင်းဒေသကြီး/ပြည်နယ်	၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)			၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		
		တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)	တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆	၇	၈
၁	ကချင်ပြည်နယ်	၁၁၄၁၇၂၃.၂	၂.၅	၅.၇	၁၂၃၇၂၂၁.၇	၂.၅	၈.၄
၂	ကယားပြည်နယ်	၁၆၅၀၂၂.၉	၀.၄	၄.၄	၁၇၈၂၄၈.၀	၀.၄	၈.၀
၃	ကရင်ပြည်နယ်	၈၀၀၀၇၂.၃	၁.၇	၈.၀	၈၆၉၂၀၃.၈	၁.၇	၈.၆
၄	ချင်းပြည်နယ်	၁၆၀၄၅၆.၂	၀.၃	၇.၄	၁၇၄၄၉၇.၆	၀.၄	၈.၈
၅	စစ်ကိုင်းတိုင်းဒေသကြီး	၅၂၇၅၉၃၄.၉	၁၁.၅	၈.၂	၅၇၇၅၀၈၂.၈	၁၁.၆	၉.၅
၆	တနင်္သာရီတိုင်းဒေသကြီး	၁၅၈၅၆၄၈.၈	၃.၅	၆.၉	၁၇၀၃၀၄၆.၄	၃.၄	၇.၄
၇	ပဲခူးတိုင်းဒေသကြီး	၃၉၅၄၆၀၇.၇	၈.၆	၆.၈	၄၂၉၈၅၇၂.၃	၈.၆	၈.၇
၈	မကွေးတိုင်းဒေသကြီး	၄၄၂၄၉၁၆.၁	၉.၆	၇.၇	၄၇၈၀၆၅၁.၆	၉.၆	၈.၀
၉	မန္တလေးတိုင်းဒေသကြီး	၅၁၆၈၈၄၆.၃	၁၁.၃	၆.၇	၅၅၂၉၀၀၄.၅	၁၁.၁	၇.၀
၁၀	မွန်ပြည်နယ်	၁၉၅၆၃၀၅.၀	၄.၃	၈.၄	၂၁၃၃၈၄၆.၃	၄.၃	၉.၁
၁၁	ရခိုင်ပြည်နယ်	၁၈၀၂၇၈၄.၅	၃.၉	၄.၆	၁၉၁၄၃၁၈.၈	၃.၈	၆.၂
၁၂	ရန်ကုန်တိုင်းဒေသကြီး	၁၀၂၅၅၅၄၅.၁	၂၂.၃	၇.၉	၁၁၀၇၉၄၅၀.၁	၂၂.၂	၈.၀
၁၃	ရှမ်းပြည်နယ်	၃၃၂၂၀၈၇.၉	၇.၂	၆.၁	၃၅၂၃၄၀၄.၄	၇.၁	၆.၁
၁၄	ဧရာဝတီတိုင်းဒေသကြီး	၅၃၅၈၃၀၀.၆	၁၁.၇	၅.၀	၅၆၅၉၆၃၃.၉	၁၁.၃	၅.၆
၁၅	နေပြည်တော်ကောင်စီနယ်မြေ	၅၇၂၉၁၇.၈	၁.၂	၁၂.၅	၁၀၀၂၆၃၁.၁	၂.၀	၇၆.၇

ပူးတွဲ-၄

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းအရ
ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ထုတ်လုပ်သူများ၏ ဈေးနှုန်းများအရဖြစ်ပါသည်)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍကြီး	၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)	
				တန်ဖိုး	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅
၁		လယ်ယာကဏ္ဍကြီး	၁၆၅၅၁၅၂၄.၅	၁၇၇၂၉၃၁၈.၃	၇.၁
	၁	လယ်ယာ	၁၂၃၀၇၁၃၉.၄	၁၃၀၅၈၆၄၀.၄	၆.၁
	၂	သားငါး	၄၀၇၈၉၇၈.၉	၄၅၀၉၅၁၆.၈	၁၀.၆
	၃	သစ်တော	၁၆၅၄၀၆.၂	၁၆၁၁၆၁.၁	-၂.၆
၂		စက်မှုကဏ္ဍကြီး	၁၅၄၉၅၅၁၅.၅	၁၉၉၉၉၆၈၄.၆	၂၉.၁
	၁	စွမ်းအင်	၁၈၀၀၃၉၇.၈	၃၇၆၇၀၉၆.၂	၁၀၉.၂
	၂	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၅၄၄၇၀၆.၉	၇၀၈၅၁၇.၀	၃၀.၁
	၃	စက်မှုလက်မှု	၁၀၃၉၈၈၁၃.၄	၁၂၀၉၉၅၀၉.၄	၁၆.၄
	၄	လျှပ်စစ်ဓာတ်အား	၆၂၂၂၈၀.၅	၇၂၈၅၂၄.၇	၁၇.၁
	၅	ဆောက်လုပ်မှု	၂၁၂၉၃၁၆.၉	၂၆၉၆၀၃၇.၃	၂၆.၆
၃		ဝန်ဆောင်မှုကဏ္ဍကြီး	၁၉၁၆၀၅၃၆.၉	၂၁၅၁၉၉၅၀.၁	၁၂.၃
	၁	ပို့ဆောင်ရေး	၆၄၂၂၆၅၅.၇	၆၉၅၅၅၀၄.၁	၈.၃
	၂	ဆက်သွယ်ရေး	၇၆၄၇၀၂.၀	၅၆၀၇၂၆.၂	-၂၆.၇
	၃	ငွေရေးကြေးရေး	၄၈၇၁၂.၈	၇၉၈၆၈.၂	၆၄.၀
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၈၉၅၀၇၁.၅	၁၃၅၅၆၁၀.၁	၅၁.၅
	၅	ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု	၁၀၂၆၇၇၃.၃	၁၂၂၈၆၂၈.၄	၁၉.၇
	၆	ကုန်သွယ်မှု	၁၀၀၀၂၆၂၁.၆	၁၁၃၃၉၆၁၃.၁	၁၃.၄
၄		အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး	၅၁၂၀၇၅၇၆.၉	၅၉၂၄၈၉၅၃.၀	၁၅.၇

ပူးတွဲ-၅

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ
ကဏ္ဍအလိုက်အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ထုတ်လုပ်သူများ၏ဈေးနှုန်းများအရဖြစ်ပါသည်)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍ	၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)	
				တန်ဖိုး	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅
၁		ထုတ်လုပ်မှုတန်ဖိုး	၃၂၀၄၇၀၄၀.၀	၃၇၇၂၉၀၀၂.၉	၁၇.၇
	၁	လယ်ယာ	၁၂၃၀၇၁၃၉.၄	၁၃၀၅၈၆၄၀.၄	၆.၁
	၂	သားငါး	၄၀၇၈၉၇၈.၉	၄၅၀၉၅၁၆.၈	၁၀.၆
	၃	သစ်တော	၁၆၅၄၀၆.၂	၁၆၁၁၆၁.၁	-၂.၆
	၄	စွမ်းအင်	၁၈၀၀၃၉၇.၈	၃၇၆၇၀၉၆.၂	၁၀၉.၂
	၅	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၅၄၄၇၀၆.၉	၇၀၈၅၁၇.၀	၃၀.၁
	၆	စက်မှုလက်မှု	၁၀၃၉၈၈၁၃.၄	၁၂၀၉၉၅၀၉.၄	၁၆.၄
	၇	လျှပ်စစ်ဓာတ်အား	၆၂၂၂၈၀.၅	၇၂၈၅၂၄.၇	၁၇.၁
	၈	ဆောက်လုပ်မှု	၂၁၂၉၃၁၆.၉	၂၆၉၆၀၃၇.၃	၂၆.၆
၂		ဝန်ဆောင်မှုတန်ဖိုး	၉၁၅၇၉၁၅.၃	၁၀၁၈၀၃၃၇.၀	၁၁.၂
	၁	ပို့ဆောင်ရေး	၆၄၂၂၆၅၅.၇	၆၉၅၅၅၀၄.၁	၈.၃
	၂	ဆက်သွယ်ရေး	၇၆၄၇၀၂.၀	၅၆၀၇၂၆.၂	-၂၆.၇
	၃	ငွေရေးကြေးရေး	၄၈၇၁၂.၈	၇၉၈၆၈.၂	၆၄.၀
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၈၉၅၀၇၁.၅	၁၃၅၅၆၁၀.၁	၅၁.၅
	၅	ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု	၁၀၂၆၇၇၃.၃	၁၂၂၈၆၂၈.၄	၁၉.၇
၃		ကုန်သွယ်မှုတန်ဖိုး	၁၀၀၀၂၆၂၁.၆	၁၁၃၃၉၆၁၃.၁	၁၃.၄
၄		အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး	၅၁၂၀၇၅၇၆.၉	၅၉၂၄၈၉၅၃.၀	၁၅.၇

ပူးတွဲ-၆

၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်

အမှတ်စဉ်	အကြောင်းအရာ	၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)	
		တန်ဖိုး (ကျပ်သန်း)	ပါဝင်မှု (ရာခိုင်နှုန်း)	တန်ဖိုး (ကျပ်သန်း)	ပါဝင်မှု (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆
၁	နိုင်ငံပိုင်	၄၂၃၈၄၅၁.၅ *	၂၇.၃	၄၉၂၈၈၂၄.၀ *	၂၅.၅
၂	သမဝါယမပိုင်	၁၅၄၆.၉	၀.၀၁	၁၆၇၃.၇	၀.၀၁
၃	ပုဂ္ဂလိကပိုင်	၁၁၂၆၀၇၁၂.၁	၇၂.၇	၁၄၄၁၂၁၆၇.၇	၇၄.၅
	စုစုပေါင်း	၁၅၅၀၀၇၁၀.၅	၁၀၀.၀	၁၉၃၄၂၆၆၅.၄	၁၀၀.၀

* နိုင်ငံခြားချေးငွေနှင့် ထောက်ပံ့ငွေအပါအဝင်ဖြစ်ပါသည်။

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖု များထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန် တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်-

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါ သည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြု လုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ် လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေ ပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူ ချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါ ဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက် ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ

၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂။)
၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အပိုင်း ၁
အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

အပိုင်း ၂
နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ
အခန်း (၁)
ရငွေများနှင့်သုံးငွေများ

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ ရသောရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက်တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံ ကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား(၁)နှင့်(၃)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသောငွေများဖြင့် ဆက်နွယ်ထားသည့်လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)နှင့် (၄)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့်ငွေသည် ပုဒ်မ ၁၁ တွင် သတ်မှတ်ထားသည့်ငွေထက် မပိုစေရ။ ထိုသို့ ပြည်ပမှ အကူအညီရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များအတွက် ပြုပြင်ပြီးခန့်မှန်းခြေစာရင်း တင်ပြချိန်ထက်ကျော်လွန်ပါက ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက်တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသော ရငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကိုစီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ(ဃ)အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ပုဒ်မ ၃ ပုဒ်မခွဲ(ဃ)အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေတို့ဖြင့် ရပ်တည်၍၊ ထိုရန်ပုံငွေတို့မှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့်ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေးအိမ်ရာ စီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ လိုအပ်သလို ထောက်ပံ့ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

